http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

တိဝိဋက
ပါဠိ-မြန်မာအဘိဓာန်

အတွဲ-၄ ၊ အပိုင်း-၁

(အာ–ဥတြာသေယျံ)

(အဘိဓာန်ပုဒ်ပေါင်း ၇၃၈၇ ပါဝင်သည်)

ဆရာတော်ဦးပညိဿရာဘိဝံသ, ဆရာတော် ဦးမာယိန္ဒာဘိဝံသတို့နှင့်
ဧမွဒ်ပကျောင်းဆောင် အဘိဓာန်အဖွဲ့က ရေးသားပြုစုသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၆၉ ကောဇာ ၁၃၆၇ ၂၀၀၅

http://www.dhammadownload.com

တိပိဋကပါဠိ-မြန်မာအဘိဓာန်

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

တိပိဋက
ပါဠိ-မြန်မာအဘိဓာန်

အတွဲ-၄ ၊ အပိုင်း-၁
(အာ-ဥတြာသေယျံ)
(အဘိဓာန်ပုဒ်ပေါင်း ၇၃၈၇ ပါဝင်သည်)
ဆရာတော်ဦးပညိဿရာဘိဝံသ, ဆရာတော် ဦးမာဃိန္ဒာဘိဝံသတို့နှင့်
ဇမ္ဗုဒီပကျောင်းဆောင် အဘိဓာန်အဖွဲ့က ရေးသားပြုစုသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၄၉ ကောဇာ ၁၃၆၇ ၂၀၀၅

http://www.dhammadownload.com

တိပိဋက ပါဠိ-မြန်မာအဘိဓာန်

အတွဲ (၄) ၊ အပိုင်း (၁)

ခုနှစ်	အကြိမ်	အုပ်ရေ
၁၉၈၀	ပထမအကြိမ်	၂၀၀၀
၂၀၀၅	ဒုတိယအကြိမ်	၁၀၀၀

၂၆၂၇၄

ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး ဦးညွှန့်မောင်
(မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၀၅)က ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

တိပိဋက ပါဠိ–မြန်မာ အဘိဓာန်ကျမ်းကြီး

စဉ်	အဘိဓာန်ကျမ်းစာအုပ်တွဲ	ပါဝင်သည့်အတွဲရာပုဒ်	ပြုစုသည့်အဖွဲ့	မှတ်ချက်
၁။	အတွဲ (၁)	အ-မှ အနီဋက ထိ	ဇမ္ဗုဒီပအဖွဲ့	ပုံနှိပ်ပြီး
၂။	အတွဲ (၂)	အနု မှ အဘောက္ကဏ-ထိ	ဇမ္ဗုဒီပအဖွဲ့	ပုံနှိပ်ပြီး
၃။	အတွဲ (၃)	အဗျဂ္ဂ- မှ အဋာရပ-ထိ	ဇမ္ဗုဒီပအဖွဲ့	ပုံနှိပ်ပြီး
၄။	အတွဲ (၄) (၁)	အာ-မှ ဥတ္တရာသေယျုံ-ထိ	ဇမ္ဗုဒီပအဖွဲ့	ပုံနှိပ်ပြီး
၅။	အတွဲ (၄) (၂)(ပထမပိုင်း)	ဥဒ(၁) မှ ဥဋရာသ-ထိ	မစိုးရိမ်အဖွဲ့	ပုံနှိပ်ပြီး
၆။	အတွဲ (၄) (၂)(ဒုတိယပိုင်း)		မစိုးရိမ်အဖွဲ့	**ပြုစုဆဲ**
၇။	အတွဲ (၅)	က-မှ ကိလေဒေတွာ-ထိ	မစိုးရိမ်အဖွဲ့	ပုံနှိပ်ပြီး
၈။	အတွဲ (၆)	ကိလေသ-မှ ဝကာရ-ထိ	မစိုးရိမ်အဖွဲ့	ပုံနှိပ်ပြီး
၉။	အတွဲ (၇)	စ-မှ ဆိဇ္ဇေယျုံ-ထိ	ဝိသုဒ္ဓါရုံအဖွဲ့	ပုံနှိပ်ပြီး
၁၀။	အတွဲ (၈)	ဆိန္ဒ-မှ ဏျပစ္စယတ္ထ-ထိ	ဝိသုဒ္ဓါရုံအဖွဲ့	ပုံနှိပ်ပြီး
၁၁။	အတွဲ (၉)	တ-မှ ထောမေဿာမိ-ထိ	ပခုက္ကူအဖွဲ့	ပုံနှိပ်ပြီး
၁၂။	အတွဲ (၁၀)	ဒ-မှ ဒွေဋကပုစ္ဆာ-ထိ	ပခုက္ကူအဖွဲ့	ပုံနှိပ်ပြီး
၁၃။	အတွဲ (၁၁)	ဓ-မှ နိက္ခာမေသုံ-ထိ	ပခုက္ကူအဖွဲ့	ပုံနှိပ်ပြီး
၁၄။	အတွဲ (၁၂)	နိက္ခတ္တ-မှ နှာရသုတ္တနိဗန္ဓန-ထိ	ပခုက္ကူအဖွဲ့	ပုံနှိပ်ပြီး
၁၅။	အတွဲ (၁၃)	ပ-မှ ပဋိပြူဟန-ထိ	ဝိသုဒ္ဓါရုံအဖွဲ့	ပုံနှိပ်ပြီး
၁၆။	အတွဲ (၁၄)	ပဋိဘံသု မှ ထိ	ဝိသုဒ္ဓါရုံအဖွဲ့	**ပြုစုဆဲ**
၁၇။	အတွဲ (၁၅)	ဖ-မှ ဘောဝါဒီ - ထိ	မစိုးရိမ်အဖွဲ့	ပုံနှိပ်ပြီး
၁၈။	အတွဲ (၁၆)	မ-မှ မှီတပုဗ္ဗ-ထိ	မစိုးရိမ်အဖွဲ့	ပုံနှိပ်ပြီး
၁၉။	အတွဲ (၁၇)	ယ-မှ ရောဟိသ-ထိ	ဘုရားကြီးအဖွဲ့	ပုံနှိပ်ပြီး
၂၀။	အတွဲ (၁၈)	လ-မှ ဝဋဂါရထ-ထိ	ဘုရားကြီးအဖွဲ့	ပုံနှိပ်ပြီး
၂၁။	အတွဲ (၁၉)	-	ဘုရားကြီးအဖွဲ့	**ပြုစုဆဲ**
၂၂။	အတွဲ (၂၀)	-	ဘုရားကြီးအဖွဲ့	**ပြုစုဆဲ**

http://www.dhammadownload.com



ကျမ်းစာအုပ်မွေဒါနအလှူရှင်

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများကို အဆက်မပြတ်
လည်ပတ်ပုံနှိပ် ထုတ်ဝေနိုင်ရန် ရည်မှန်း၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိက ကုသိုလ်ပြုကြသော မွေဒါနဒါယကာများ

ထူးထရိတ်ဒင်းကုမ္ပဏီ

ဦးတေဇ မိသားစု
ကောင်းမှု

နတ်လူသာဓုခေါ်စေသောပါ။ ။

http://www.dhammadownload.com

တိပိဋက ပါဠိ-မြန်မာ အဘိဓာန်

သရအတွဲ (၄) နိဒါန်းာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္မုဒ္ဓဿ

အနန္တ ဉာဏ်တော်နှင့် အနန္တ ဒေသနာတော်

လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အားကိုးအားထားရာ မဟာကရုဏာတော်သခင် မြတ်စွာဘုရား ရှင်သည် အားလုံးစုံ အကုန်အစင် မှန်ကန်စွာ ကိုယ်တော်တိုင် ထိုးထွင်းသိမြင်နိုင်သည့် သဗ္ဗညုတာ မည်သော ဉာဏ်တော်မြတ်ကြီးဖြင့် ဝေနေယျသတ္တဝါတို့ ဒုက္ခခပ်သိမ်း ကင်းငြိမ်းခြင်းငှါ (၄၅) ဝါ ကာလပတ်လုံး ဟောကြားတော်မူအပ်သော (လောဘ ဒေါသစသည် ကင်းဝေးကြောင်း) ကောင်း မြတ် မှန်ကန်သော တရားဒေသနာတော်တို့သည် စာအုပ်စာတမ်းဖြင့် ရေးမှတ်၍ မကုန်နိုင်အောင် အလွန့်အလွန် များပြားလှကုန်၏၊ ထို တရား ဒေသနာတော်တို့သည် သတိပဋ္ဌာန်, သမ္မပ္ပဓာန် အစ ရှိသော အနက်အခိပ္ပါယ် အနှစ်သာရတို့နှင့် ပြည့်စုံလှသည်သာမက ကြားရသူတို့ နားလည်နိုင်လောက် အောင် စကားလုံးပရိယာယ် အမျိုးမျိုး လဲလှယ်ကာသုံး၍ ဟောထားခြင်းကြောင့် အဘိဓာန် ဝေါဟာရတို့နှင့်လည်း အလွန့် အလွန် ကြွယ်ဝလှကုန်၏။

ထိုထို သတ္တဝါတို့၏ သန္တာန်၌ ဇောဝိထိတို့၏ အကြားအကြားတွင် ဘဝင်စိတ်ပေါင်း များစွာ ခြားလျက် ဆီးလျက် ဖြစ်နေသောကြောင့် မိမိတို့ ပြောလိုသော အကြောင်းအရာများနှင့်ဝေါဟာရ စကားလုံးများကို စဉ်းစားနေရသဖြင့် ကျင်း ချိုင့် ဆူး ငြောင့် ခလုတ် ပေါများသော လမ်း ပေါ်၌ ခြေကျင်ခရီး သွားရသကဲ့သို့ အချိန်ကုန်သလောက် ခရီးမတွင်ကျယ်, လုပ်ငန်းမတွင်ကျယ်ပဲ ရှိရ၏၊ မြတ်စွာဘုရား၌ကား ထိုကဲ့သို့ လုပ်ငန်းနှေးကွေးစေသော ဘဝင်စိတ်များအဖြစ် နည်းပါးလှ သည်သာမက လောဘ ဒေါသ စသော ကိလေသာ အညစ်အကြေးလည်း ကင်းဝေးစင်ကြယ်တော် မူပြီး ဖြစ်သောကြောင့် မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော်သည် အလွန်လျင်မြန် သွက်လက်လှ၏၊

၁။ဤ၌ သရအဘိဓာန်အတွဲ(၄)ဖြစ်ပေါ်လာရခြင်း၏ အကြောင်းကို "နိဒါန်း" ဟု ခေါ်ဆိုခြင်းဖြစ်၏၊ ထိုနိဒါန်းသည်-

(၁) ဒူရေနိဒါန်း = အလွန်ဝေးဝေးက ဖြစ်ခဲ့သော အရေးကြီးဆုံး ပင်မအကြောင်း၊

(၂) အပိဒူရေနိဒါန်း = မနီးမဝေး ခပ်လှမ်းလှမ်း ခပ်ကွာကွာက ဖြစ်ခဲ့သောအကြောင်း၊

(၃) သန္တိကေနိဒါန်း = နီးနီးကပ်ကပ် လောလောလတ်လတ် ဖြစ်လာသောအကြောင်း-

ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် ဤအခဏ်း၌ (၁)ဟောပြောရွတ်ဖတ်၍မကုန်,စာအုပ်စာတမ်း ရိုက်နှိပ်၍မကုန်နိုင် အောင် တရားဒေသနာတော်များကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပုံကို ဒူရေနိဒါန်းအဖြစ်ဖြင့် ပြထား၍ (၂)ထို တရားဒေသနာတော်မြတ်များသည် သိမ်မွေ့နက်နဲ သေးနက်သော အဘိုးတန်ရတနာများ ဖြစ်၍ ဘုရားတပည့်သား ထေရ်ရှင်မြတ်များ သင်္ဂါယနာတင်ခဲ့ခြင်း, နှုတ်ငုံဆောင်ခဲ့ခြင်း, ပေရှက၌ ရေးသားခဲ့ခြင်းဖြင့် မပျောက်ပျက်အောင် စောင့်ရှောက်ခဲ့ပုံနှင့် အဌကထာ, ဋီကာ စသော ကျမ်းပြုပုဂ္ဂိုလ်တို့ အနက် အခိပ္ပါယ် ဖွင့်ဆိုတော်မူခဲ့ကြပုံကို အဝိဒူရေ နိဒါန်းအဖြစ်ဖြင့်၎င်း (၃)ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာန၏ ဌာနဆိုင်ရာ လုပ်ငန်းကို စီမံကွပ်ကဲမှု, လှူဒါန်းထောက်ပံ့မှုကို အမှီတကဲပြု၍ အဘိဓာန်အဖွဲ့ ဆရာတော်တို့က ဤအဘိဓာန်ကျမ်းကို ကြိုးပမ်းအားထတ် ရေးသားတော်မူကြပုံကို သန္တိကေနိဒါန်း အဖြစ်ဖြင့်၎င်း ပြထားကြောင်းတွေ့ရပါလိမ့်မည်။

http://www.dhammadownload.com

ထိုကဲ့သို့ လျင်မြန်သော ဒေသနာဉာဏ်တော်ကို ရှေ့သွားပြုကာ ကောင်းစွာ ထိမိသော နှုတ်ခမ်းတော် ရှင်းလင်းသော လည်ချောင်း ခံတွင်းတော်, ရှည်လျားကျယ်ပြန့်နူးညံ့သော လျှာတော်, ချိုသာသော အသံတော်, လျင်မြန်သွက်လက်သော စကားလုံးတော်တို့ဖြင့် ဟောကြားတော်မူခြင်းကြောင့် နံနက်ခင်း ဆွမ်းအနုမောဒနာ ဒေသနာသည်ပင် ဒီဃနိကာယ် မဇ္ဈိမနိကာယ် ပါဠိတော်တမျှ များပြားလှ၏၊ မွန်းလွဲပိုင်း၌ ဇောက်လာသော ပရိသတ်တို့အား ဟောကြားအပ်သော တရားဒေသနာတော်တို့ကား သံယုတ်နှင့် အင်္ဂုတ္တိုရ်နိကာယ်ကြီး နှစ်ခုစာမျှ ရှည်လျားကုန်၏[၁]။ (အဘိ၊ဌ၊၁။၁၆။ သံ၊ဋီ၊ ၂။၃၃၉။)

ထို့အပြင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္မလာ ကျောက်ဖျာဆက်ဝယ် တသောင်းသော စကြဝဋ္ဌာတိုက်မှ တရားနာရန် ဇောက်လာကြသော နတ်ဗြဟ္မာတို့၏အလယ်၌ ထိုင်နေတော်မူလျက် "ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာ ဓမ္မာ" စသည်ဖြင့် အကျဉ်းချုပ်ခေါင်းစဉ်မာတိကာကို ရှေးဦးစွာချပြပြီးလျှင် ကြေညက်စွာ နှုတ်တက်ရထားသော စာကို တောက်လျှောက်ရွတ်ပြသကဲ့သို့ရင်း, ကောင်းကင်ရေတံခွန်ကြီးသည် အဆက်မပြတ် တဝေါဝေါ စီးဆင်းနေသကဲ့သို့ရင်း ဝါတွင်း သုံးလပတ်လုံး မရပ်မနား တဆက်တည်း ဟောကြားအပ်သော အဘိဓမ္မာ တရားတော်တို့သည်ကား သတိ ဝီရိယဉာဏ်ပညာ ထက်မြက်လှ၍ အလွန်လည်း နှုတ်သွက်သော အရှင်အာနန္ဒာကဲ့သို့သော ထေရ်ရှင်မြတ်များပင် ရွတ်၍မကုန် ဟော၍မကုန်အောင် အလွန့်အလွန် များပြားလှကုန်၏။

အရှင်အာနန္ဒာသည် ခြေဖဝါးချသည့်နေရာတနေရာဘည်း၌ (မရှေ့မပြောင်းပဲ) ရပ်လျက်ပင် ဂါထာပါဒပေါင်း ခြောက်သောင်း (လေးပါဒရှိသော ဂါထာအရေအတွက်အားဖြင့် တသောင်းငါးထောင်)တိတိ သင်လည်း သင်ယူနိုင်, ပို့ချလည်း ပို့ချနိုင်, ဟောလည်း ဟောနိုင်၏။ မြတ်စွာဘုရား ဝါတွင်းသုံးလပတ်လုံး မရပ်မနား ဟောကြားထားအပ်သော အဘိဓမ္မာတရားတော်များမှာ ထိုအာနန္ဒာ ထေရ်ရှင်မြတ် အနှစ်ဘရာ, အနှစ်တထောင် သင်ယူလို့ပင် မကုန်ဆုံးနိုင်အောင် များလှကုန်၏။

ထိုမှတပါး ဘုရားဖြစ်တော်မူပြီးကာစ, ရတနဃရသတ္တာဟ၌ မြတ်စွာဘုရားကိုယ်တော်မြတ်သည် ဓမ္မသင်္ဂဏီ, ဝိဘင်း အစရှိသော အဘိဓမ္မာ တရားတော်တို့ကို ခုနစ်ရက်, ခုနစ်ညဉ့်ပတ်လုံး စိတ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူလေရာ ပဋ္ဌာန်းအဘိဓမ္မာဘရားတော်ကြီးကို ဆင်ခြင်သုံးသပ်တော်မူသည့် အချိန်ကာလတွင် ထိုမြတ်စွာဘုရား၏ ကိုယ်တော်မှ အညိုရောင်, အဝါရောင်, အနီရောင် အစရှိသော ရောင်ခြည်တော်ခြောက်သွယ်တို့သည် ကြည်နူးစဖွယ် အလွန်တင့်တယ်စွာ တဝင်းဝင့်း တလက်လက် ပေါ်ထွက်လာကုန်၏။ ထိုခုနစ်ရက်, ခုနစ်ညဉ့်ပတ်လုံး စိတ်တော်ဖြင့် ဆင်ခြင်သုံးသပ်တော်မူအပ်

၁။ ပဌမပါရာဇိကစသော သိက္ခာပုဒ်ကို ပညတ်စဉ်အခါက သိက္ခာပုဒ် မပညတ်မီ ရှေးဦးစွာ တရားဟောတော်မူရာ ထို တရားဒေသနာတော်သည် ဒီဃနိကာယ်, မဇ္ဈိမနိကာယ် ပမာဏရှိကြောင်းကို ဌ၊ဌ၊၁။၁၈၇-၌ ပြဆိုထားသည်။ အချိန်အနည်းငယ်အတွင်း ထိုမျှများစွာ ဟောတော်မူနိုင်ခြင်းမှာ လျှာတော်၏ နူးညံ့ခြင်း, နှုတ်ခမ်းတော်၏ ကောင်းစွာထိခြင်း, ပြောလိုသော စကားတော်များ လျှောကျကြင်းကျန်မနေရစ်ခြင်း, ဘဝင်စိတ်အယဉ်လျင်မြန်စွာ ရပ်တန့်၍ ဝီထိစိတ်အယဉ်သာ အဖြစ်များခြင်းတို့ကြောင့် ဖြစ်ကြောင်းနှင့် လူတို့ တခွန်းပြောလျှင် အရှင်အာနန္ဒာက ရှစ်ခွန်းပြောနိုင်၍ အရှင်အာနန္ဒာ တခွန်းပြောလျှင် မြတ်စွာဘုရားက (၁၆)ခွန်း ပြောဆိုနိုင်ကြောင်း(လူတို့ဘခွန်းလျှင် မြတ်စွာဘုရားသည် (၁၂၈)ခွန်း ပြောဆိုနိုင်ကြောင်း) တို့ကို မ၊ဌ၊၁။၃၅၈။ သာရတ္ထ၊၂။၃၁-တို့၌ ပြဆိုထားသည်။

http://www.dhammadownload.com

သော အဘိဓမ္မာ တရားတော်မြတ်ဘို့သည်ကား ထိုမြတ်စွာဘုရားကိုယ်တော်တိုင် နှုတ်တော်ဖြင့် ထုတ်ဖော်၍ ဟောကြားပါက နှစ်ပေါင်း ရာထောင်သောင်းသိန်းကာလမျှ ဟောကြားရလောက်အောင်ပင် များပြားလှကုန်၏။ အဘိ၊၄၊၁။၁၅၊၁၆။

လောက၌ သိစရာ အကြောင်းအရာများကား မကုန်ခန်းနိုင်အောင် များပြားလှကုန်၏။ မြတ်စွာဘုရားသည် အဆီးအတားမရှိ သိမြင်နိုင်သော အနာဝရဏဉာဏ်တော်ပိုင်ရှင် ဖြစ်တော်မူသောကြောင့် ထိုသိစရာအကြောင်းအရာများစွာထဲမှ သိလိုရာ, သိလိုရာကို စဉ်းစားလိုက်သည်နှင့် တပြိုင်နက် အဆီးအတားမရှိ သိမြင်တော်မူ၏။ ယာဝတက် ဥေယျံ၊ တာဝတက် ဉာဏံ၊ ယာဝတက် ဉာဏံ, တာဝတက် ဥေယျံ (မဟာနိဒ္ဒေသ၊ ၁၃၉)နှင့် အညီ သိဖွယ်အကြောင်းအရာတို့သည် မကုန်နိုင် မခန်းနိုင်အောင် များလှ၍ အနန္တဥေယျ ဖြစ်ကုန်သကဲ့သို့ ထိုသိဖွယ်အကြောင်းအရာတို့ကို လိုက်၍လိုက်၍ သိသောဉာဏ်တော်တို့သည်လည်း မကုန်ခန်းနိုင်အောင် များလှသော အနန္တဉာဏ်တော်များပင် ဖြစ်ကုန်၏။ ထို့နောက်တဖန် ဉာဏ်တော်တို့သည် အနန္တဉာဏ်တော်များ ဖြစ်ကုန်သကဲ့သို့ ထိုအနန္တဉာဏ်တော်တို့ဖြင့် ဆင်ခြင်စဉ်းစားအပ်သော တရားဒေသနာတော်တို့နှင့် ဆင်ခြင်စဉ်းစား၍ (၄၅)ဝါကာလ ပတ်လုံး ဟောကြားထားအပ်သော တရားဒေသနာတော်တို့သည်လည်း မကုန်ခန်းနိုင်အောင် များလှသော အနန္တဒေသနာတော်များ ဖြစ်ကြကုန်၏။

ထိုအနန္တဉာဏ်တော်ဖြင့် ဆင်ခြင်စဉ်းစား သိမြင်ထားအပ်သော အနန္တဒေသနာတော်တို့တွင် အကြောင်းအတ္ထုပ္ပတ္တိမပေါ်ပေါက်၍ နှုတ်တော်ဖြင့် ထုတ်ဖော်မဟောရသော ဒေသနာတော်တို့သည် အလွန့်အလွန်များပြားစွာ ကျန်ရှိနေပြီးလျှင် အကြောင်းအတ္ထုပ္ပတ္တိပေါ်ပေါက်လာသဖြင့် ထုတ်ဖော်၍ ဟောကြားရသော ဒေသနာတော်တို့သည်ကား အလွန့်အလွန်နည်းပါးလှကုန်၏ ၊ (သံ၊၃။၃၈၃။သီသ ပါဝနသုတ်-ကြည့်) နှုတ်တော်ဖြင့် ထုတ်ဖော်ဟောကြားထားအပ်ပြီးသော ထိုဒေသနာတော်တို့တွင်လည်း အရှင်အာနန္ဒာထေရ်မြတ် ကြားနာမှတ်သားဆောင်ထားခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ပါဝင်သည့် ဝိနည်း, သုတ္တန်, အဘိဓမ္မာ ဟု သုံးစုခွဲထားသော ပိဋကကျမ်းစာအုပ်အဖြစ်ဖြင့် ယခုတွေ့ရှိရသော ပါဠိတော်အုပ်ရေ (၄၀)သည် အနန္တဒေသနာတော်ကို ထောက်ဆပါက အလွန်ကျယ်ပြန့်နက်ရှိုင်းသော သမုဒြာရေထုကြီးထဲမှ ရေတပေါက်စာကလေးမျှ အလွန့်အလွန် နည်းပါးလှပေ၏၊ သို့သော် ဝိနည်းနှင့် အဘိဓမ္မာကျမ်းစာအုပ်များ၌ အကျဉ်းချုပ်မျှ ပြထားသောနေရာနှင့် ချဲထွင်ရွတ်ဆိုရန် ညွှန်ပြထားသော နေရာတို့ကို ဖော်ထုတ်လျက်ရင်း, ပေယျာလမြှုပ်ထားသော နေရာတို့ကို ဖော်ထုတ်လျက်ရင်း ရွတ်ဖတ်သရဇ္ဈာယ်လျှင်ကား မည်မျလောက်ကြာမှ ပြီးဆုံးမည်ဟု မခန့်မှန်းနိုင်သည်သာမက စာအုပ်စာတမ်း ရိုက်နှိပ်လျှင်လည်း ပါဠိတော်ကျမ်းစာအုပ်ရေ(၄၀)ကော အလွန့်အလွန် များပြားလှမည်ဖြစ်၏။

သိမ်မွေ့နက်နဲ ခက်ခဲသော တရားဒေသနာတော်

ဗုဒ္ဓမြတ်စွာ၏ဒေသနာတော်များသည် အလွန်သိမ်မွေ့နက်နဲခက်ခဲသော ပါဠိတော် (ပါဠိစာပေ) ကျမ်းဝန်ကြီးများ ဖြစ်၏၊ ထို ကျမ်းဂန်များ၌ ခေတ်အဆက်ဆက် လူသားတို့ ရှာဖွေနေကြသည့်

http://www.dhammadownload.com

လောကီ,လောကုတ္တရာ ငြိမ်းချမ်းမှုနှင့် ယင်းငြိမ်းချမ်းမှုကို ရရာ ရကြောင်း နည်းလမ်းကောင်းများ ဖြစ်သည့် မဂ္ဂင်မပဋိပဒါကျင့်စဉ်များကို တမူထူးခြားစွာ ဟော်ပြထားရာ ယင်းတို့ကို သိရှိနိုင်ရန် ပါဠိ-စာပေ ကျမ်းဂန်များကို နားလည်ဖို့ လိုအပ်ပေသည်။

ထို့ကြောင့် ပါဠိစာပေကျမ်းဂန်များကို နားလည်နိုင်ရန် ပါဠိစာပေ၏အဝင်တံခါး (=ပဓေသန-ဒ္ဒါရ) သဖွယ်ဖြစ်သော သဒ္ဒါဆိုင်ရာကျမ်းစာများကို အခြေခံအဖြစ်ဖြင့် ရှေးဦးစွာ သင်ယူလေ့ကျက်ကြရ၏၊ ထို့သို့ သင်ယူလေ့ကျက်မှသာ ထိုထို ပိဋကစာပေကြီးများကို သင်ယူဆည်၍ လွယ်ကူ၍ ပုဒ်တိုင်း ပုဒ်တိုင်း၌ ယုံမှားသံသယဖြစ်ရမှု ဟူသော အပြစ်ဒေါသမှ ကင်းလွှတ်နိုင်လေသည်၊ ထို့သို့ သဒ္ဒါကျမ်းများကို သင်ယူပြီးနောက် ထိုသို့ ပါဠိတော်များကို နှစ်ပေါင်းများစွာ သင်ရ၏။ တကြိမ်မက အကြိမ်ပေါင်းများစွာ ဆရာသခင် ထေရ်အရှင်ကြီးတို့ထံ၌ သင်ယူကြရ၏။

ရှေးအခါက သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ၌ ဗြာဟ္မဏတိဿသူပုန် ထကြွ သောင်းကျန်းနေစဉ်အချိန်တွင် ဝိနည်းပိဋကမကွယ်ပအောင် ထိန်းသိမ်းစောင့်ရှောက်၍ ဝိနည်းကျမ်းကျင်သူအဖြစ်ဖြင့် ထင်ရှားသော ဥပဘိဿမည်သော ထေရ်ရှင်မြတ်၌ မဟာပဒုမထေရ်, မဟာသုမထေရ်ဟူ၍ အလွန်ဉာဏ်ထက်မြက်သော တပည့်နှစ်ပါး ရှိခဲ့ဘူး၏၊ ထို နှစ်ပါးတွင် မဟာသုမထေရ်သည် ဝိနည်းပိဋကကို (၉) ခေါက်တိတိ ဆရာထံ၌ သင်ယူ၏၊ မဟာပဒုမထေရ်ကား မဟာသုမထေရ်နှင့် တွဲဖက်၍ (၉) ခေါက်တိတိ သင်ယူသားပြီး ဖြစ်သည့်အပြင် မိမိဘဉီးတည်း သီးသန့် နောက်ထပ် (၉) ခေါက်တိတိ သင်ယူပြန်၏၊ ထို့ကြောင့် ဆရာထံ၌ ဝိနည်း (၁၈) ခေါက်သင်ယူထားသော မဟာပဒုမထေရ်သည် မဟာသုမထေရ်ထက်ပို၍ ဝိနည်းကျမ်းကျွမ်း၏၊ မဟာသုမထေရ်သည်ကား ဆရာထံ၌ ဝိနည်း(၉) ခေါက် သင်ယူပြီးနောက် ဆရာနှင့်ခွဲခွါ၍ ဂင်္ဂါမြစ်၏တဘက်ကမ်းသို့ ကြွသွားလေ၏၊ ထိုအခါ မဟာပဒုမထေရ်က "ဒီဝိနည်းဓိုရ်မဟာသုမက တယ်ရဲဝံ့လှချည့်လား၊ ဆရာအသက်ထင်ရှား ရှိနေတုန်းမှာ ဆရာကို လက်လွှတ်ပြီး တခြားအရပ်မှာ နေဖို့ စိတ်ကူးမှ ကူးရက်ပလေတယ်၊ ဆရာရှိတုန်း ဆရာထံမှာ ဝိနည်းပိဋကကိုရော, အဋ္ဌကထာကိုပါ အကြိမ်ပေါင်းများစွာ သင်ယူပြီးတောင်မှပင် ဆရာကိုလက်မလွှတ်သင့်သေးဘူး မဟုတ်ပါလား။ အမြဲမပြတ်ကြားနာသင့်တယ်၊ နှစ်စဉ်မပြတ် ရွှတ်အံသင့်တယ်မဟုတ်ပါလား" ဟု မဟာသုမထေရ်ကို အပြစ်တင်တော်မူခဲ့ဘူးလေသည်။ (ဝိ၊၄၊၁။၂၂၀)

ဤသို့အားဖြင့် ရှေးအခါက ရဟန်းတော်များသည် မိမိတို့ဘာဝနာကျသော ပိဋကကို ဆရာ့အထံ၌ အခေါက်ပေါင်းများစွာ သင်ယူကြ၏၊ သို့သော် မည်မျှပင် သင်ယူသော်လည်း အကုန်အစင် ပိုင်နိုင်စွာ သိတို့အာဘွက် အလွန်ခက်ခဲလှသောကြောင့် မိမိတို့ ပင်ကိုယ်ဉာဏ် ရှိသလောက်သာ သိနိုင်ကြ၏၊ ထို့ကြောင့် ရှေးက ပိဋကကျမ်းတတ်ဟု ကျော်ကြား ထင်ရှား၍ တပည့်ပရိသတ် မြောက်မြားစွာ ရှိသော တိုက်တာဉီးစီး မြန်မာဆရာတော်ကြီးများသည်ပင် "ငါဘို့စာမဘတ်သေးပါဘူး၊ ကြည့်တတ် ရွတတ်ရုံ အဆင့်သာ ရှိပါသေးတယ်၊ ဒီနေ့ထိမှာ ငါ အခေါက်ပေါင်းများစွာ ပို့ချခဲ့တယ်၊ ဒါပေမဲ့

http://www.dhammadownload.com

အဓိပ္ပါယ် သဘောမပေါက်ဘူး၊ ဟိုတနေ့က ဉာဏ်ထက်တဲ့စာဆိုတပည့်က စာဆိုသွားမှ အဓိပ္ပါယ်သဘော ပေါက်တော့ဘယ်" ဟု ရှိးသားဖြောင့်မတ်စွာ ဖွင့်ဟ မိန့်ကြားတော်မူကြလေသည်[၁]။

ထို့အပြင် ပဋိစ္စသမုပ္ပါဒ်ဝိဘင်း ပါဠိတော်ဖွင့်ကာနီး၌ အဌကထာဆရာကိုယ်တိုင်ပင် ခက်ခဲသည်ဟု ညည်းညူရသော တရားလေးမျိုးရှိ၏၊ ထိုဘရားလေးမျိုးမှာ—

(၁) သစ္စာလေးပါး၊

(၂) ရုပ်နာမ်သခ်ါရမျှသာရှိ၍ သတ္တဝါကောင်, အဘွဲကောင်မှ ဆိတ်သုဉ်းခြင်းသဘော၊

(၃) ပဋိသန္ဓေအကြောင်းအရာ၊

(၄) ပဋိစ္စသမုပ္ပါဒ်တရား၊

ဤလေးမျိုးကား သိမြင်ရန်ပင်ခက်ခဲလှ၍ ဖွင့်ဆိုရေးသားဟောကြားတို့ကား ပိုရှိပင်ခက်ခဲ၏ဟု ညည်းညူတော်မူ၏။ (အဘိ၊ဌ၊၂။၁၂၃။)

ဘာဝနာမယဉာဏ်ဖြင့် သိရန်ပိုရှိခက်ခဲသောတရားတော်

ထိုတရား ဒေသနာတော်များကို ဆရာသွားများထံ၌ သင်ယူ၍သိရသော သုတမယဉာဏ်အသိ ဖြင့်၎င်း, ထိုသုတမယဉာဏ်ကိုအမှီပြု၍ စဉ်းစားသိရသော စိန္တာမယဉာဏ်အသိဖြင့်၎င်း သဘောပေါက် သိမြင်ရန် ခက်ခဲသည်ထက် ဝိပဿနာဉာဏ်, မဂ်ဉာဏ်ဟူသော ဘာဝနာမယဉာဏ်ဖြင့် သစ္စာလေးပါးကို ကိုယ်တိုင်ဒိဋ္ဌသိမြင်တို့က ပိုရှိ ခက်ခဲ၏၊ ထိုဘာဝနာမယဉာဏ်ဖြင့် ကိုယ်တွေ့မျက်မြင်သိမှလည်း တရား တော် အပေါ်၌ ပိုရှိ ယုံကြည်အားကိုးလာ၏။ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ငါတို့ ကိုယ်တိုင် လက်တွေ့ကျင့်သုံး၍သိရသော တရားတော်များသည် စာတွေ့နှင့် တထပ်တည်း ကျနေပါက လား၊ တကယ်မှန်ကန်သော တရားတော်များ ပါဘကားဟု ကိုယ်တိုင်ဆုံးဖြတ်နိုင်သောအဆင့်သို့ ရောက်၏။

၁။ ဤနေရာ၌ "တိုက်တာဦးစီး ဆရာတော်ကြီးဖြစ်ပါလျက် သူ၏ တပည့်လောက်မျှ စာမတတ်ဘူး"ဟု အထင်မသေး ထိုက်၊နှစ်ရှည်လများ စာချလာခဲ့ကြသော စာချဘုန်းကြီးများ၌ ထိုအဖြစ်မျိုးနှင့် တခါတရံ ကြုံတွေ့ရတတ်သောကြောင့် သူတို့အတွက် အထူးအဆန်းမဟုတ်၊ ကျမ်းဂန်ပိဋကတ် အရပ်ရပ်၌ နှံ့စပ်အောင် သင်ယူပို့ချခဲ့ပြီးသော စာချပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ သင်ယူပို့ချခဲ့သမျှ အားလုံးစုံ အကုန်အစင် ဉာဏ်စူးစိုက်နိုင်သည်မဟုတ်၊ တချိုနေရာ၌ လွယ်ကူသောအနက် အဓိပ္ပါယ်ပင် ဖြစ်စေကာမူ အကြံလွန် အတွေးချော်သွားတတ်၏၊ ဉာဏ်ဟုန်နေတတ်၏၊ အကြံမလွန် အတွေးမချော်သော ပုဂ္ဂိုလ်ကမူ လွယ်လွယ်ကလေးဖြင့် သိသွား၏၊ ထိုနေရာကို လွယ်လွယ်ကလေး သိသွားရုံမျှဖြင့် သူကပိုရှိစာတတ်သည်ဟု မယူဆထိုက်၊ ရှေးအခါက သတိပဋ္ဌာန်ပါဠိတော် "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ၌ တရားဆွေးနွေးကြရာတင် တပည့်ဖြစ်သော တိပိဋကစူဋ္ဌနာဂဆေရ်သည် မဂ္ဂေါပုဒ်အရ ပုဗ္ဗဘာဂမဂ် (လောကုတ္တရာမဂ်၏ ရှေပိုင်း လောကီမဂ်) ကို ယူရမည်ဟုဆို၏၊ သူ၏ဆရာ တိပိဋကစူဋ္ဌသုမနဆေရ်ကမူ မိဿကမဂ် (လောကီမဂ်နှင့် ဆောနှောသော လောကုတ္တရာ မဂ်)ကို ယူရမည်ဟုဆို၏၊ ဆရာ တပည့်နှစ်ဦး အယူအဆကွဲလွဲနေကြရာ တပည့်က ဆရာကို တုဖက်ပြိုင်ဆိုင်၍ မငြင်းလိုသော ကြောင့် စကားပြောရပ်လိုက်၏၊ ထို့နောက် ဆရာသည် သတိပဋ္ဌာန်ပါဠိတော်ကို အစမှ စပြီး ရွတ်အံကြည့်၍ "ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္ကဝဿာနိ" ဟူသော ဝါကျကို ရွတ်မိသောအခါ၊ "လောကုတ္တရာ မဂ်ဆိုလျှင် တကြိမ်ဖြစ်ပြီးနောက်(၇) နှစ်တိတိ ဆက်ဖြစ်နေမည်မဟုတ်၊ ထို့ကြောင့် မိဿကမဂ်ကို ယူရမည်ဟု ငါပြောလိုက်တဲ့စကား မှားသွားပြီ" ဟု သူ၏အမှားကို ဝန်ခံတော်မူ၏။(ဒီဌ၊၂။၃၃၇)

http://www.dhammadownload.com

ရှေးရှေးက ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီကုသိုလ်အထူးရှိသော ပုဂ္ဂိုလ်များမှာ မြတ်စွာဘုရားထံတော်မှ ဂါထာတပုဒ်ကြားနာ ရရုံမျှဖြင့် ထိုကဲ့သို့ကိုယ်တိုင်ဆုံးဖြတ်နိုင်သော အဆင့်သို့ရောက်ရန်လွယ်ကူသည်ဟု ဆိုစရာရှိသော်လည်း များသောအားဖြင့်ကား ထိုအဆင့်သို့ ရောက်ရန်အလွန်ခက်ခဲ၏။ စာပေပရိယတ် တဖက်ကမ်းခတ် တတ်မြောက်ကာ များစွာသော စာသင်သား ရဟန်းတော်တို့၏ အားကိုးအားထားရာဖြစ်ခဲ့သော မဟာသီဝထေရ်ကြီးသည်ပင် နှစ်ရက် သုံးရက် ကမ္မဋ္ဌာန်းအားထုတ်လိုက်ခြင်မျှဖြင့် အရဟတ္တဖိုလ်ဘုရားထူးကို ရလိမ့်မည်ဟု မိမိကိုယ်ကိုအထင်ကြီးခဲ့စေကာမူ တကယ်လက်တွေ့အားထုတ်သောအခါ သူထင်သလောက်မလွယ်ကူပဲ လပေါင်းနှစ်ပေါင်းများစွာ ကြာလာ၍ မျက်ရည်ပေါက်ပေါက်ကျ ငိုရသည်အထိ ခက်ခက်ခဲခဲအားထုတ်လာခဲ့ရာ အနှစ်သုံးဆယ်ပြည့်မှ အရဟတ္တဖိုလ်တရားထူးကို ရလေတော့သည်။ (ဒီ၊ဋ္ဌ၊ ၂။၃၁၉) ထို့ကြောင့် သစ္စာလေးပါးတရားကို စာတွေ့ အသိမဟုတ်ပဲ ဝိပဿနာဉာဏ်, မဂ်ဉာဏ်အသိဖြင့် ကိုယ်တွေ့သိရန်မှာ အလွန်တရာ ခက်ခဲလှပေသည်။

များစွာသောသတ္တဝါတို့သည် မိမိတို့ခန္ဓာကိုယ်ကို ရုပ်တရား, နာမ်ဘရားဟု အမှန်အတိုင်းမသိပဲ ငါ, သူတပါး, ဘသ်သူ, ဘယ်ဝါ စသည်ဖြင့် ပုဂ္ဂိုလ် သတ္တဝါအကောင်အထည်အနေအားဖြင့် အသိမှားနေကြ၏၊ မိမိတို့ခန္ဓာကိုယ် (ရုပ်နာမ်အစုအဝေး)တည်းဟူသော ဒုက္ခသစ္စာကို ဒုက္ခဟုမမြင်ပဲ သုခဟုသာ အမြင်မှားနေကြ၏၊ ထိုကဲ့သို့ ဒုက္ခဟု အမှန်အတိုင်း မမြင်နိုင်အောင်လည်း အဝိဇ္ဇာအမှောင်ထုကဖုံးအုပ်ထား၏၊ ထို့ကြောင့် တဏှာလောဘဖြင့် မိမိတို့ဘဝ (မိမိတို့ခန္ဓာ)ကို တပ်မက်ခင်တွယ်နေကြ၏၊ ထိုဘဏှာလောဘကိုလည်း ဒုက္ခဖြစ်ကြောင်း, ဆင်းရဲကြောင်းတရားဟု အမှန်အတိုင်းမမြင်ပဲ ချမ်းသာကြောင်းတရားဟု အမြင်မှားကာ တဏှာ လောဘကိုအပေါ်လုပ်လျက် ဖြစ်ရာဘဝမှာ တဏှာလောဘဖြင့်သာ ပျော်မွေ့နေကြ၏၊ အသစ်အသစ် ဘဝခန္ဓာစည်းစိမ်ခံမ်းသာကိုသာ တဏှာလောဘဖြင့် မျှော်မှန်းနေကြ၏၊ ထို့ကြောင့် မိမိတို့ဘဝခန္ဓာကိုယ်၏ ဒုက္ခပြီးဆုံးကြောင်း မဂ္ဂသစ္စာကိုဂုဏ်, ထိုမဂ္ဂသစ္စာဖြင့် သိမြင်ရမည့် ခန္ဓာဇာတ်သိမ်း အငြိမ်း ဓာတ်သဘောဘည်းဟူသော နိဗ္ဗာန်ကိုဂုဏ် သိမြင်ရန်ခက်ခဲလှသည်သာမက သိမြင်ခြင်းငှါပင် အလိုမရှိကြကုန်။

ဤသို့ဖြင့် ဒုက္ခသစ္စာကို အကောင်းထင်၍ သမုဒယသစ္စာဖြင့် အဓမ္မာကြီးပျော်မွေ့နေကြသော သတ္တဝါတို့မှာ ပဋိစ္စသမုပ္ပါဒ်တရားတော်ကို သဘောပေါက်ရန်လည်း မလွယ်ကူတော့ပေ၊ အဝိဇ္ဇာကြောင့် သခါရဖြစ်ပုံ, သခါရကြောင့် ဝိညာဏ်ဖြစ်ပုံ, ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်ပုံ ဤသို့စသည်ဖြင့် အကြောင်းတရား ကြောင့် အကျိုးတရားဖြစ်ပုံကိုဂုဏ်, အကြောင်းတရားက အကျိုးတရားဖြစ်ပေါ်လာအောင် ဟောဘူ, အာရုံမှ, အဝိဇ္ဇာတိ စသော ပစ္စယသတ္တိတို့တွင် မည်သည့်ပစ္စယသတ္တိဖြင့် ကျေးငှူးပြုသည်ကိုဂုဏ် သဘောပေါက်သိမြင်ရန် မလွယ်ကူတော့ပေ၊ ဤအကြောင်းဆရာကို ဆင်ခြင်တော်မူသော မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူစအချိန်က သတ္တဝါတို့အား တရားမဟောလိုတော့ပဲ အေးအေးသက်သာနေတော်မူရန် အကြံဖြစ်တော်မူလာခဲ့ပေသည်။

သာသနာ့ဝန်ဆောင် ထေရ်ရှင်တို့၏ အံ့မခန်းကြိုးပမ်းချက်များ

မြတ်စွာဘုရားလက်ထက်တော်အခါက ရဟန်းတော် ထေရ်ရှင်မြတ်တို့သည် ယင်းသို့ သိမ်မွေ့နက်နဲသောထိုဘုရားဟော တရားတော်တို့ကို ပေရွက် စာရွက်တို့ဖြင့် ရေးမှတ်မထားပဲ နှုတ်တက်အရဆောင်ကာတဆင့်သင်ပြ ပို့ချဟောပြောတော်မူကြ၏။ ပေရွက် စာရွက်တို့ဖြင့် ရေးမှတ်ထားဖို့ မလိုလောက်အောင်လည်း သတိ ဉာဏ် ဝံရိယ ကြီးမားထက်သန်တော်မူလှသော ထေရ်ရှင်မြတ်များ ဖြစ်တော်မူကြ၏၊

http://www.dhammadownload.com

ထို့အပြင်မြတ်စွာဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်က မည်သည့်ပိဋကကျမ်းစာကို မည်သည့်ပုဂ္ဂိုလ်က ပို့ချရမည်ဟု တာဝန်ခွဲဝေ သတ်မှတ်ထားခြင်းလည်း မရှိသေး၊ အရှင်ဥပါလိထေရ်သည် ဝိနယဓရဇတဒဂ်ရ ပုဂ္ဂိုလ်ဖြစ် သည်အားလျော်စွာ ဝိနည်းပိဋကကို အများဆုံး ပို့ချလေ့ရှိသဖြင့် သူ၏အထံတွင် ရဟန်းတော် အများပင် ဝိနည်းပိဋကကို သင်ယူတော်မူကြ၏၊ အရှင်အာနန္ဒာထေရ်သည် ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ဖြစ် သည်နှင့်အညီ မြတ်စွာဘုရားဟောကြားထားသော ပါဋိတော်များနှင့် အရှင်သာရိပုတြာ စသော ရဟန္တာအရှင်မြတ်များ ဟောကြားထားသော ပါဋိတော်များ (ပါဋိဓမ္မကွန္ဓာပေါင်း ရှစ်သောင်းလေး ထောင်) ကို နှုတ်တက်ဆောင်ကာ ဟောပြောပို့ချတော်မူ၏၊ အခြား အခြားသော ထေရ်ရှင်မြတ်တို့ သည့်လည်း မိမိတို့စွမ်းနိုင်သမျှ သင်ယူပို့ချနှုတ်တက်ဆောင်ထားကြကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး၍ (၃) လခန့် အကြာတွင် အရှင်မဟာကဿပထေရ်အမှူး ရှိသော ရဟန္တာအရှင်မြတ် (၅၀၀) တို့ ပဌမသင်္ဂါယနာတင်တော်မူကြ၏၊ ထိုပဌမသင်္ဂါယနာတင်အပြီး မှာပင် ဝိနည်းပိဋကကို ပို့ချရန် အရှင်ဥပါလိထေရ်က တာဝန်ယူရ၏၊ ဒီဃနိကာယ်ကို အရှင်အာနန္ဒာ ထေရ်ကရင်း, မဇ္ဈိမနိကာယ်ကို အရှင်သာရိပုတြာ၏ တပည့်များကရင်း, သံယုတ္တနိကာယ်ကို အရှင် မဟာကဿပထေရ်ကရင်း, အင်္ဂုတ္တရနိကာယ်ကို အရှင်အနုရုဒ္ဓါထေရ်ကရင်း တာဝန်ယူရ၏။

ထိုသင်္ဂါယနာတင် ထေရ်အရှင်မြတ်များနှင့် တပည့်အဆက်ဆက်တို့သည် ဤကဲ့သို့တာဝန်အသီး အသီး ခွဲယူခြင်းဖြင့် ပိဋကတော်များကို မမေ့မပျောက်အောင် ပေရွက် စာရွက်၌ ရေးမှတ်ထားသကဲ့သို့ စိတ်နှလုံး၌ စွဲမြဲစွာ မှတ်သားထားကာ အဆင့်ဆင့် သင်ကြား ပို့ချလာခဲ့ကြသော သက်တမ်းသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့် အချိန်မှစ၍ ရေတွက်လျှင် နှစ်ပေါင်း (၄၅၅) နှစ် ပြည့်၍ သီဟိုဠ်ကျွန်း ဝဋ္ဌဂါမဏိမင်း လက်ထက် ပေထက်အတွဲဆုတင်သည့်အချိန်အထိ ကြာမြင့်လာခဲ့၏။

ထိုမျှလောက် ကြာမြင့်သောနှစ်ကာလအတောအတွင်း၌ ခိုးသားဒမြ သောင်းကျန်းသူ ထူထပ် ပေါများလှသော စောရကန္တာရအတွင်းဝယ် အဖိုးတန်ပတ္တမြားရတနာကို ခက်ခဲစွာသယ်ယူလာရသကဲ့သို့ ဖော်ပြလတ္တံ့သော ဘေးအန္တရာယ် အနှောင့်အယှက် အခက်အခဲအမျိုးမျိုးကြားထဲကပင် ပိဋကသုံးဖြာ အဖိုးတန်ရတနာကို ဆရာမှတပည့်သို့ နှုတ်ဆင့်ကမ်းကာ အောင်မြင်စွာ သယ်ယူတော်မူခဲ့ကြရ၏။

(၁) ဘုရားပရိနိဗ္ဗာန်စံပြီးနောက် အနှစ်ဘရာမြောက်၌ ဝဇ္ဇီတိုင်းသား အဓမ္မဝါဒီ ရဟန်းတို့ တီထွင်ဟောပြောကြသော သင်္ဂီလောဏကပ္ပ, ဒွင်္ဂုလကပ္ပစသော(၁၀) မျိုးသော အဓမ္မဝါဒအကြောင်း ဝတ္ထုတို့ကို ပယ်ဖျက်ကာ အရှင်ယသထေရ် အမှူးပြုသော (၇၀၀) သော ရဟန္တာအရှင်မြတ်တို့ ဒုတိယ သင်္ဂါယနာတင်တော်မူခဲ့ကြရ၏။

(၂) ထို ဒုတိယသင်္ဂါယနာတင်ပြီးနောက် ဒုတိယသင်္ဂါယနာကို မကျေနပ်ကြသော ထိုဝဇ္ဇီ တိုင်းသား ရဟန်းတို့ကပင် မဟာသင်္ဃိကဂိုဏ်း ဟူ၍ သီးခြားဂိုဏ်း ထူထောင်ခြင်း, ထိုဂိုဏ်းမှ တဆင့် ဂေါကုလိကဂိုဏ်း, ကေဗျောဟာရိကဂိုဏ်း စသည်ဖြင့် ဂိုဏ်းအမျိုးမျိုးခွဲထွက်၍ ဘုရားဟောတရားတော် ကို ဖျက်လိုရာဖျက် စွက်လိုရာစွက်ခြင်း, သိရိခမ္မာသောကမင်းကြီးလက်ထက်၌ ကိုးကွယ်လှူဒါန်းမည့်သူ မရှိ၍ စားရမဲ့ သောက်ရမဲ့ တိတ္ထိယပေါင်း ခြောက်သောင်းတို့သည် မြတ်စွာဘုရား သာသနာတော်တွင်း သို့ ဝင်ရောက်လာကာ မိမိတို့၏ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတို့ကို ဘုရားဟောဓမ္မ ဝိနယဟု ပြောပြခြင်းတည်း ဟူသော မိစ္ဆာဝါဒ အမှိုက်သရိုက် အညစ်အကြေးတို့သည် သာသနာတော်၌ ပေါ် ပေါက်လာကြ ပြန်၏၊

http://www.dhammadownload.com

ဤသို့သော မိစ္ဆာဝါဒ အမှိုက်သရိုက် အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ခြင်းငှါ အရှင်မဟာ-မောဂ္ဂလိပုတ္တတိဿထေရ်အရှင်မြတ်သည် ကထာဝတ္ထုကျမ်းကို ဟောတော်မူပြီးလျှင် တထောင်သော ရဟန္တာအရှင်မြတ်တို့သည် (အရှင်မဟာကဿပထေရ်, အရှင်မဟာယသထေရ်တို့ သင်္ဂါယနာ တင်တော်မူခဲ့ကြသကဲ့သို့ပင်) တတိယသင်္ဂါယနာတင်တော်မူကြ၏။

(၃) ထိုတတိယသင်္ဂါယနာတင်ပြီး၍ သာသနာနှစ် (၄၄၀) အရောက်တွင် သီဟိုဠ်ကျွန်း၌ ဝဋ္ဌဂါမဏိမင်း နန်းတက်၏၊ နန်းတက်၍ ငါးလမျှအကြာတွင် ဗြာဟ္မဏတိဿသူပုန်နှင့် ကျည်းကုလားဟုခေါ်သော ဒမိဋ္ဌ (ကမယ်) သူပုန်တို့ တိုက်ကြခိုက်ကြကုန်၏၊ ဗြာဟ္မဏတိဿ ကျဆုံး၍ ဝဋ္ဌဂါမဏိမင်းနှင့် ဒမိဋ္ဌတို့ တိုက်ကြပြန်ရာ ဝဋ္ဌဂါမဏိအရေးနိမ့်သဖြင့် လွတ်ရာကျွတ်ရာ ထွက်ပြေး တိမ်းရှောင်ကာ (၁၄) နှစ်ကျော် ကာလကြာအောင် မထင်မရှား အရပ်သားအသွင်ဖြင့် ပုန်းအောင်းနေရ၏၊ ထိုမျှလောက် ကြာမြင့်သော နှစ်များအတွင်း၌ တိုင်းသူပြည်သားတို့မှာ သူခိုးဒမြ သူပုန် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ရခြင်နှင့် မိုးခေါင်၍ ငတ်မွတ်ခေါင်းပါးမှု ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ရောက်နေခြင်းကြောင့် သစ်ရွက် သစ်ဥ သစ်မြစ်တို့ကို မဝတဝစားကာ မိမိတို့အသက်ကို ဆက်ပေးနေကြရ၏။

စိတ္တလတောင်ပေါ်ကျောင်း၌ ရဟန္တာပေါင်း တသောင်းနှစ်ထောင်, တိဿမဟာဝိဟာရ၌လည်း ရဟန္တာပေါင်း တသောင်းနှစ်ထောင် သီတင်းသုံးတော်မူကြ၏။ ထိုနေရာဌာန နှစ်ခုလုံး၌ပင် သုံးနှစ်စာမျှ လူဒါန်း ဝတ်ဘည်ထားအပ်သော စပါးအားလုံးကို တည့်ကည်းမှာပင် ကြွက်ကြီးများ စာကြသဖြင့် ဖွဲစပါးခုံမျှသာ ကြွင်းကျန်လေတော့၏။ စိတ္တလတောင်ပေါ်မှ ရဟန်းတော်များသည် တိဿမဟာဝိဟာရ၌ မှီနိုနေထိုင်ရတော့မည် ဟူသော အကြံအစည်ဖြင့် တောင်ပေါ်မှ ဆင်းလာခဲ့ကြ၏။ မဟာဝိဟာရမှ ရဟန်းတော်များကလည်း စိတ္တလတောင်ပေါ်၌ အမှီဟကဲပြုရတော့မည် ဟူသော အကြံဖြင့် မိမိတို့ ကျောင်းတိုက်မှ ထွက်လာတော်မူကြ၏။ ထိုကျောင်းတိုက် နှစ်တိုက်လုံးမှ ရဟန်းတော်ပေါင်း နှစ်သောင်းလေးထောင်တို့သည် ချောက်ကမ်းပါးတခုမှာ ဆုံမိကြ၍ သူကျောင်း ကိုယ့်ကျောင်း အသီးအသီးမှ စပါးတွေအားလုံး ကြွက်တွေခဲစားပြီး ဖြစ်ကြောင်း ပြောပြပြီးကြသောအခါ ထိုချောက်ရှိရာ တောအတွင်းမှာပင် ထိုင်လျက် ပရိနိဗ္ဗာန်ပြုတော်မူကြကုန်၏။ (အဘိ၊ဌ ၂။၄၂။)

ထိုအချိန်က သူပုန်ဘေးနှင့် ဒုဗ္ဘိက္ခန္တရကပ်ကြောင့် သီဟိုဠ်ကျွန်းမှ ရဟန်တော် အမြောက်အမြားပင် သိကြားမင်း ဖန်ဆင်းပေးသော လှေဖောင်ကြီး စီး၍ ဇမ္ဗုဒိပ် (အိန္ဒိယနိုင်ငံဘက်)သို့ ကူးပြောင်းကာ ပိဋကတ်ကျမ်းဂန်တို့ကို မကွယ်ပျောက်အောင် နှုတ်ငုံဆောင်၍ ထိန်းသိမ်းစောင့်ရှောက်နေတော်မူကြကုန်၏၊ အိန္ဒိယနိုင်ငံဘက်သို့ မကူးပြောင်းလိုကြသော ရဟန်းတော်ခြောက်ကျိပ်တို့သည်ကား လှေဖောင်ထွက်ရာ သမုဒ္ဒရာကမ်းမှ ပြန်လှည့်လာကြကာ ဒက္ခိဏမလယ ဇနပုဒ်သို့ ကြွသွားကြပြီးလျှင် သစ်ဥ သစ်မြစ် သစ်ရွက်တို့ကို မလောက်မင မျှတဘုဉ်းပေး၍ ပိဋကကျမ်းဂန်တို့ကို ရွက်အံတော်မူကြ၏။ ခန္ဓာကိုယ် စွမ်းဆောင်နိုင်သေးသည့် အချိန်တွင် ထိုင်လျက်ရွတ်အံ၍ မစွမ်းဆောင်နိုင်သည့်အခါ အလယ်ခေါင်၌ သဲပုံလျက် ထိုသဲပုံကို ဝိုင်းရံမှီပြီး ခေါင်းချင်း

၁။ ဒီပဝံသ၊၁၉-အပိုင်း၊၄၀-ဂါထာနှင့် မဟာဝံသ၊၃၃-အပိုင်း ၆၂-ဂါထာတို့၌ ဒမိဋ္ဌမင်းတို့မင်းပြုသောကာလကို ၁၄-နှစ ၇-လဟု ပြဆိုသား၏၊ အဂ်ုတ္တိုရ်ဌ၊၁၊၇၁။ သံယုတ်၊ဌ၊၂။ ၁၀၂ တို့၌ ပြထားသော ဇာတ်ကြောင်းများအတိုင်းဆိုရလျှင်ကား သပုန်ထရာကာလ (ဒမိဋ္ဌတို့ မင်းပြုရာကာလ) မှာ ၁၂ နှစ်သာတည်း၊ ထို့အပြင် ၎င်းအဋ္ဌကထာတို့၌ ဗြာဟ္မဏတိဿဘယ (စဏ္ဍာလတိဿ မဟာဘယ) ဟုသာ ဘွေ့ရ၏၊ ဒမိဋ္ဌဘယဟု (ဒမိဋ္ဌ တို့အကြောင်းကို အနည်းငယ်မျှ)မဘွေ့ရ။

http://www.dhammadownload.com

ဆိုင်ကာ ပိဋကကျမ်းဂန်ကို စိတ်ဖြင့် ဆင်ခြင်သုံးသပ်တော်မူကြကုန်၏။ ဤနည်းအားဖြင့် ၁၂-နှစ်တိတိ အလွန်အံ့သြဘွယ်ကောင်းလောက်အောင် ကြီးမားလှစွာသော ဇဲလွံလဝိရိယဖြင့် အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို အပြည့်အစုံ နူတ်ငုံဆောင်ကာ မကွယ်ပျောက်အောင် စောင့်ရှောက်တော်မူကြကုန်၏။ (အံ၊ဋ္ဌ၊၁။ ၇၁။ အဘိ၊ဋ္ဌ၊ ၂။ ၄၂၇။ သာသနဝံသပဒီပကာ။ ၂၄။)

ဝင္ဇဂါမဏိမင်း (ပိဘုမင်း)သည် ဒါဋ္ဌိကမည်သော ဒမိဋ္ဌမင်းကို သတ်၍ နန်းတက်သဖြင့် သူပုန်ဘေး ငြိမ်းအေးသောအခါ ယခင်က အိန္ဒိယနိုင်ငံဘက်သို့ ပြောင်းရွှေ့သွားကြသော ရဟန်းတော်တို့သည် သီဟိုဠ်ကျွန်းသို့ ပြန်ကြွလာကြပြီးလျှင် (အိန္ဒိယသို့ မလိုက်ပဲ သီဟိုဠ်ကျွန်း မလယဇနပုဒ်၌ ကျန်ရစ်ခဲ့သော) ယခင် ရဟန်းခြောက်ကျိပ်တို့နှင့် အတူတကွ စုပေါင်းကြလျက် ၎င်းတို့ နူတ်ဘက်ဆောင်ထားသော ပိဋကသုံးပုံကို ပုဒ်အက္ခရာချင်း တူမတူ တိုက်ဆိုင်သုတ်သင်ကြသောအခါ အက္ခရာ တလုံးတလေမျှ မဘူညီသည်မရှိ တထပ်တည်းကျ တူညီမျှသည်ချည်းသာ တွေ့ကြရကုန်၏။

ဤအချိန်ကာလအထိ ပိဋကသုံးပုံကို နူတ်ငုံဆောင်လာတော် မူခဲ့ကြသော ထိုရဟန်းတော်ထေရ်ရှင်မြတ်တို့သည် နောင်လာနောက်သား ပုဂ္ဂိုလ်အများတို့ သတိဉာဏ်ပညာ ဆုတ်ယုတ်လျှင်ထင်း, ငတ်မွတ်ခေါင်းပါးခြင်း စသော ဘေးနှင့် တွေ့ကြုံလျှင်ထင်း ပိဋကသုံးပုံကို ယခုကဲ့သို့ နူတ်ငုံဆောင်ထားရန် ခဲယဉ်းမည်ကို မြော်မြင်တော်မူကြ၏။ ထို့အပြင် စင်ကြယ်သော ထေရဝါဒပိဋကတ်တော် အတွင်း၌ အခြားသော ဂိုဏ်းဂဏတို့၏ မသန့်ရှင်းသော အယူဝါဒများ ရောစွက်ထည့်သွင်းမှု ကင်းရှင်းစေလိုသော ဆန္ဒလည်း ပြင်းပြတော်မူကြ၏။ ထို့ကြောင့် ထိုရဟန်းတော် ထေရ်ရှင်မြတ်တို့သည် အနုရာဓမြို့တော်မှ ၆၀-မိုင်ဝေးသော မလယဇနပုဒ်, မာတုလမြို့အနီးရှိ အာလောကလိုဏ်၌ သီတင်းသုံးတော်မူကြလျက် ပိဋကသုံးပုံကို ပေထက်အက္ခရာတင်ခြင်း (ပေချက်ပေါ်၌ ရေးသားခြင်း)ကိစ္စကို ဆောင်ရွက်တော်မူကြကုန်၏၂။

ဤသို့လျှင် ခိုးသား, ဒမြ သူပုန်ဘေးကြောင့် တိုင်းပြည် မငြိမ်မသက် ယောက်ယက်ခတ်နေသည့် သာမက ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်တွေ့ကြုံနေသည့် အတောအတွင်းမှာပင် အရှင်မဟာကဿပ အစရှိသော ရဟန္တာအရှင်မြတ်တို့ သင်္ဃနာတင်ခဲ့ကြသည့် စာမူအတိုင်း အက္ခရာတလုံးတလေမျှ မပျက်မယွင်း မပိုမလိုရအောင် ပိဋကသုံးဖြာ ရဘနာကို နူတ်တက်အာဂုံ ဆောင်တော်မူခဲ့ကြပြီးလျှင် နောင်ရေးနောင်တာအတွက်ပါ ကြောင့်ကြကြီးစွ ဖြင့် ပေထက်အက္ခရာတင်တော်မူကြကာ ချစ်လှစွာသော တဉီးတည်းသော သားရတနာကို စောင့်ရှောက်သည့် မိခင်ကြီးပမာ ကြီးစွာသော ဉာဏ်ဝိရိယ, စွဲမြဲသောသတိဖြင့် ထိုပိဋကတော်များကို စောင့်ရှောက်တော်မူခဲ့ကြသော ထိုထေရ်အရှင်မြတ်တို့၏ အဆုံးအပိုင်းအခြား မထင်သော အနန္တဂုဏ်တော် ကျေးဇူးတော်တို့သည် နောင်လာနောက်သား ပုဂ္ဂိုလ်များ၏ ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံးအတွက် အလွန်အလွန် ကြီးမားချွေးပြားလှစွာသော အားကိုးအားထားရာ ဖြစ်ကြပေကုန်၏။

၁။ မဟာဝံသဋီကာ အဂ္ဂဝံသ၊ ဂန္ထာဂါဟဝါအတိုင်း "ဒမိလမင်းကိုသတ်၍ နန်းတက်သည်" ဟု ပြဆိုခြင်းဖြစ်သည်၊ အဘိဋ္ဌ၊ ၂။ ၄၂၉-၌ကား "ဗြာဟ္မဏတိဿ စောဒေရ မတေပိဘုဂုဇာ ဆဉ္ဆံ ဥဿာပေတိ" ဟု မိန့်ဆိုသည်။

၂။ ဒီပဝံသဝေဒ-အဘိုင်း၊ ဂဉ္စဂါဂဂ-ဂါထာ။ မဟာဝံသ၊ ဂဉ္စ-အဘိုင်း၊ ၁၁၂၊ ၁၁၃-ဂါထာ။ သာသနဝံသပဒီပကာ၊ နှာ ၊ ၂၆။ ဝိသုဒ္ဓိမဂ္ဂ၊ နိဒါနကထာ၊ နှာ၊ ၂၂။

http://www.dhammadownload.com

အဌကထာ ဋီကာတို့၏ ကျေးဇူး

ထိုမျှလောက် ဇွဲလုလ္လကြီးမားစွာဖြင့် ပိဋကသုံးပုံကို နှုတ်ငုံဆောင်တော်မူခဲ့ကြသော ထိုထေရ်ရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတို့ကို ပြဆိုပြီးနောက် သာသနာတော်လောကမြင်ကွင်းမှ အဘယ်အခါမျှ ကွယ်ပျောက် မသွားနိုင်အောင် အမြဲတမ်း ပေါ်လွင်ထင်ရှားနေသော အဌကထာ ဋီကာကျမ်း, သဒ္ဒါကျမ်းစသော ကျမ်းပြုသခင် ထေရ်အရှင်တို့၏ ကျေးဇူးတို့ကိုလည်း ဖော်ပြပါဦးမည်။

ယခင်က ပြဆိုခဲ့သည့်အတိုင်း ဘုဆုးဟော ပိဋကပါဠိတော်များသည် အလွန်ခက်ခဲနက်နဲရကား အဌကထာ ဋီကာတို့ကသာ မဖွင့်ပြခဲ့လျှင် ယင်းပါဠိတော်တို့၏ ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို ရှင်းလင်းစွာ အကျယ်တဝင့် သိနိုင်ရန် မလွယ်ကူ၊ ယင်းသို့ မသိနိုင်လျှင် ပါဠိတော်များကို မြန်မာပြန်တတ်ရန်ပင် လွယ်ကူမည် မဟုတ်တော့ပေ၊ ထို့ကြောင့် ပါဠိတော်ကျမ်းစာအုပ်ရေ (၄၀)ကို အကျယ်တဝင့် ဖွင့်ပြသော အဌကထာကျမ်းစာအုပ်ပေါင်း (၅၁)အုပ်ရှိ၍ ၎င်း အဌကထာတို့ကို အကျယ်တဝင့် ဖွင့်ပြသော ဋီကာအုပ်ရေပေါင်း (၂၆)အုပ် ရှိ၏[၁]။

အရှင်မဟာဗုဒ္ဓဃောသ, အရှင်ဓမ္မပါလစသော ထေရ်ရှင်မြတ်တို့ ရေးသားခဲ့ကြသော ယခုလက်ရှိ အဌကထာများ မပေါ်ထွက်မီ ရှေးကပင် သင်္ဂါယနာသုံးတန် တင်ထားအပ်ပြီး ဖြစ်သော (ပကိဏ္ဏက ဒေသနာဟု ခေါ်သော) ရှေး အဌကထာများ ရှိခဲ့ပြီး ဖြစ်၏၊ ထို ရှေး အဌကထာတို့ကို အရှင်မဟာမဟိန္ဒထေရ်သည် ဇမ္ဗုဒိပ်မှ သီဟိုဠ်ကျွန်းသို့ သယ်ဆောင်လာပြီးလျှင် သီဟိုဠ်ကျွန်းသားတို့ သင်ယူနိုင်အောင် သီဟိုဠ်ဘာသာသို့ ပြန်ဆိုတော်မူ၏။

အရှင်မဟာဗုဒ္ဓဃောသ အဌကထာသစ် ရေးသားပုံ

သာသနာတော်နှစ် ကိုးရာပြည့်ပြီးသည့် နောက်ပိုင်း၌ကား အရှင်မဟာဗုဒ္ဓဃောသထေရ်သည် ဇမ္ဗုဒိပ်ကျွန်းသားအားလုံး သင်ယူနိုင်စေခြင်းငှါ သီဟိုဠ်ဘာသာဖြင့် ရှိနေသော မဟာအဌကထာ, မဟာပစ္စရိအဌကထာ, ကုရုန္ဒိအဌကထာ ဟူသော ရှေးအဌကထာ သုံးစောင်တို့တွင် ပင်ရင်းမူလဖြစ်သော မဟာအဌကထာကို ပင်ကိုယ်မူတည် (သရီရ)ပြု၍ ပါဠိဘာသာသို့ပြန်ဆိုကာ အဌကထာကျမ်းသစ် ရေးသားပြုစုတော်မူ၏။ ကျန်သော အဌကထာ နှစ်စောင်နှင့် အန္ဓကအဌကထာ, သင်္ခေပအဌကထ တို့မှ ယူသင့်သမျှ အဆိုအမိန့် ဝိနိစ္ဆယတို့ကိုရင်း, ထေရဝါဒဝိနိစ္ဆယတို့ကိုရင်း အစုံအလင်ပါဝင်အောင်လည်း ထို အဌကထာသစ်အတွင်း၌ ထည့်သွင်းရေးသားတော်မူ၏။

ထိုသို့ ရေးသားရာ၌ "ဝိတ္ထာရမဂ္ဂဥ သမာသယိတွာ" ဟူသော (ပါရာဇိကဏ်အဌကထာ ဂန္ဓာရမ္ဘ)ပဋိညာဉ်နှင့်အညီ ကျယ်ဝန်းသော ထိုရှေးအဌကထာတို့ကို အကျဉ်းချုံးထားသောကြောင့် အရှင်ဗုဒ္ဓဃောသထေရ်၏ အဌကထာသစ်ကို သင်္ဂဟအဌကထာဟု ခေါ်တွင်၏၊ ထိုသို့ အကျဉ်းချုံး ရေးသားရာ၌ ဆိုင်ရာအခဏ်းသို့ မရောက်မီ (စကားအလျဉ်းသင့်သဖြင့်) ကြိုတင်ဖွင့်ဆို ရေးသားထားသော ရှေးအဌကထာ စကားများကို ချန်ထားခဲ့ပြီးလျှင် ဆိုင်ရာအခဏ်းရောက်မှသာ ဖွင့်ပြသောအားဖြင့်လည်း အကျဉ်းချုံး၏၊ (ဝိ၊ဌ၊၁။၁၇၂၊၂၀၇)။

၁။ မူရင်းပါဠိတော်ကို ဖွင့်ပြသော အဌကထာ ဋီကာ အုပ်ရေကိုသာ ပြထားခြင်းဖြစ်သည်၊ ထို့ကြောင့် ထိုအရေအတွက်၌အဘိဓမ္မာဝတာရ, အဘိဓမ္မတ္ထသင်္ဂဟ စသည်တို့နှင့် ဆိုင်ရာဋီကာ မြောက်မြားစွာတို့ မပါဝင်သေး။

http://www.dhammadownload.com

ဖွင့်ဆိုပြီးသော ပုဒ်ဘို့ကို ထပ်၍ မဖွင့်ဆိုတော့ပဲ ပြန်၍ ညွှန်ပြခြင်း (အတိဒေသသံဝဏ္ဏနာ) အားဖြင့်လည်း အကျဉ်းချုံး၏၊ ယင်းသို့ အကျဉ်းချုံးရုံမျှမကပဲ "ဝဇ္ဇယိတွာန ပမာဒလေခံ" ဟူသည် နှင့်အညီ မဟာအဋ္ဌကထာမှ ပမာဒလေခတို့ကိုလည်း ဖယ်ရှားတော်မူခဲ့၏၊ (ဝိ၊ဋ္ဌ၊၁။၂၇၀၊၂၇၈။) ထို မဟာအဋ္ဌကထာမှ မသင့်မြတ်သော အဆိုဘချိုကိုလည်း ပယ်ဖျက်ကာ ဆိုင်ရာပါဠိတော်နှင့် အခြား အဋ္ဌကထာတို့ကို ကိုးကား၍ မှန်ကန်တိကျသော ဝိနိစ္ဆယတို့ကိုလည်း ချပြတော်မူ၏၊ (ဝိ၊ဋ္ဌ၊၁။၂၇၇။ အဘိ၊ဋ္ဌ၊၁။၁၂၈)။ ပါဠိတော်နှင့် ဆန့်ကျင်သကဲ့သို့ ထင်ရသော အဋ္ဌကထာစကားများကိုလည်း ပါဠိ အဋ္ဌကထာနှစ်ရပ် ဆက်စပ်ညှိနှိုင်းကာ တသားတည်းတူညီကြောင်း ပြတော်မူ၏။ (ဝိ၊ဋ္ဌ၊၁။၂၆၀)။

ထို့အပြင် ယခုအခါဝယ် ပါဠိတော်ကို မြန်မာပြန်ဆိုရာ၌ အလွန်ကျေးဇူးများသော အနုပုဗ္ဗ-ပဒသံဝဏ္ဏနာ, အနုတ္တာနတ္ထပဒသံဝဏ္ဏနာနည်းဖြင့် ပါဠိတပုဒ်, တပုဒ်၏မူရင်းအနက် (သဒ္ဒတ္ထ)ကိုရင်း, ဆိုလိုရင်းအနက် (အဓိပ္ပါယတ္ထ)ကိုရင်း, တဝါကျလုံး၏ဆိုလိုရင်း အဓိပ္ပါယတ္ထကိုရင်း အစုံအလင်ဖွင့်ပြ တော်မူ၏။

ဤကဲ့သို့ ကျဉ်းလည်းကျဉ်း, ရှင်းလည်းရှင်း, ပြည့်စုံလည်း ပြည့်စုံသဖြင့် ပညာရှိတို့၏ စိတ် အစဉ်ကို ကြည်လင်ရှင်ပျ အားရကျေနပ်စေခြင်း (သမန္တပါသာဒိက)ဂုဏ် ပြည့်စုံအောင် ရေးသား ထားသော အရှင်မဟာဗုဒ္ဓဃောသထေရ်၏ အဋ္ဌကထာများ (အရှင်မွေပါလထေရ် စသည်တို့၏ အဋ္ဌ ကထာများ) ပေါ်ထွက်လာသောအခါ သာသနာနှစ် (၉၀၀) ကျော်ကျော်လောက်အထိ ထွန်းတောက် တင့်တယ် ထယ်ဝါလာခဲ့ကြသော မဟာအဋ္ဌကထာ, မဟာပစ္စရိအဋ္ဌကထာ အစရှိသော ရှေးရှေး အဋ္ဌ ကထာကျမ်းစာ လဝန်းကြီးတို့သည် သင်ယူပို့ချမှု, တဆင့်ကူးယူရေးသားမှု တဖြေးဖြေး နည်းပါး လာခြင်း တည်းဟူသော ဆီးနှင်းမြူတိမ်များ ဖုံးအုပ်ခံရသော ရွှေကျမ်းစာ, လစန္ဒာကြီးများအဖြစ်သို့ ရောက်လျက် အသစ်စက်စက် အဋ္ဌကထာ, ကျမ်းစာလဝန်း ပေါ်ထွန်းသာရေး, အခွင့်ပေးကာ ရောင်ဝါသေးသိမ် မှေးမှိန် ကွယ်ပျောက်ကြလေကုန်၏။

အဋ္ဌကထာသစ်များပေါ်ထွန်းလာပြီးနောက် ထိုအဋ္ဌကထာတို့မှ နောင်လာနောက်သားတို့အတွက် အသိခက်လောက်သည့်ပုဒ်ဝါကျတို့၏ အနက်အဓိပ္ပါယ်တို့ကို ဖွင့်ဆိုရေးသားသော ဋီကာကျမ်းများပေါ် ထွန်းလာကုန်၏။ ထိုဋီကာတို့သည် အဋ္ဌကထာမှပုဒ်ဝါကျတို့၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထတို့ကို စုံလင်စွာဖွင့်ပြကြ သည်သာမက အဋ္ဌကထာမဖွင့်ပြခဲ့သောပါဠိတော်ပုဒ်ဝါကျ အကြွင်းအကျန်တို့ကိုပါ ဖွင့်ပြတော်မူကြ၏။ ထိုဋီကာအဖွင့်တို့ကို ကြည့်၍ အဋ္ဌကထာကို အနက်ပြန်ဆိုနိုင်ခြင်း, အဋ္ဌကထာ၏ အကျယ်တဝင့် အဓိပ္ပါယ်ကိုလည်း သိနိုင်ကြခြင်းဖြစ်၏။ ထို့ကြောင့် ဋီကာတို့သည် အမှန်တကယ်လိုအပ်ချက်တို့ကို ဖြည့်စွက်ပေးသည်သာဖြစ်သောကြောင့် နောင်လာနောက်သားတို့၏ အားကိုးအားထားရာ ကျမ်းစာ များပင် ဖြစ်ကုန်၏။

ဤသို့လျှင် ပါဠိတော်၏ အနက်အဓိပ္ပါယ်တို့ကို စုံလင်စွာ သိဖို့အရေး၌ အဋ္ဌကထာဋီကာတို့ သည် မရှိလျင် မဖြစ်, မသင်ယူမပို့ချလျှင်လည်း မဖြစ်သော ကျမ်းစာများ ဖြစ်ရကား ရှေးခေတ်ခုခါ သာသနာဝန်ထမ်း ရှင်ရဟန်းတို့သည် ပါဠိတော် အဋ္ဌကထာ ဋီကာ သုံးမျိုးလုံး ကျွမ်းကျင်အောင် သင်ယူပို့ချတော်မူကြကုန်၏၊ ထိုအဋ္ဌကထာ ဋီကာအဖွင့်တို့ကိုကြည့်၍ ရေးသားထားသော ပါဠိတော် နိဿယ, အဋ္ဌကထာ နိဿယ, ယောဇနာ, ဂဏ္ဌိ, အရကောက် စသော မြန်မာလိုအဖွင့်ကျမ်းစာများ လည်း ပေါ်ထွက်လာကုန်၏၊ ပေါ်ထွက်လာသော ထိုနိဿယ စသော ကျမ်းတို့ကို အမှီတက်ပြုကာ

http://www.dhammadownload.com

ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို သင်ယူလေ့ကျက်ရခြင်းကြောင့်လည်း မြန်မာပြည်ဘုံး စာသင်သားတို့သည် ပိဋကတ်ကျမ်းကျင် ပညာရှင်အဖြစ်သို့ ရောက်ကြကုန်၏။

သဒ္ဒါကျမ်းတို့၏ အခန်းကဏ္ဍ

ကမ္ဘာ့သမိုင်း ကျမ်းဆရာတို့အဆိုအရ ယဉ်ကျေးသောအဆင့်သို့ မရောက်သေးသော ရှေးခေတ် လူတို့သည် မိမိတို့ပြောသော စကားမျာ်းကို စာဖြင့်ရေးသားပြရန် အက္ခရာစာလုံးမျပင် မဘီထွင်ကြရဒေသး၊ တဖြည်းဖြည်း ယဉ်ကျေးလာသည့်အခါကျမှသာလျှင် အက္ခရာစာလုံးမျာ်းတီထွင်ကာ မိမိတို့သိစေလိုသော အကြောင်းအရာမျာ်းကို ထိုစာလုံးမျာ်းဖြင့် ရေးသားပြကြရ၏၊ သို့သော် စာစည်းကမ်း (သဒ္ဒါစည်းကမ်း)မရှိပဲ ရေးလိုရာကို ကောက်ရေးလိုက်လျှင်လည်း မိမိဆိုလိုသော အဓိပ္ပါယ်သို့ မရောက်ပဲ အဓိပ္ပါယ်အမျိုးမျိုး ကောက်ယူနိုင်ခြင်း, အဓိပ္ပါယ်လွဲမှား ပျက်ပြားသွားခြင်းမျာ်း ဖြစ်လာနိုင်၏၊ ထို့ကြောင့် မိမိတို့ ဆိုလိုရင်းအဓိပ္ပါယ်ကို တိတိကျကျ သိနားလည်စေရန် မှန်ကန်သော စကားလုံး သတ်ပုံ, မှန်ကန်သော စကားဝါကျတို့ဖြင့် ရေးသားရ၏၊ ထိုကဲ့သို့ရေးသားနိုင်ရန် မိမိတို့ဘာသာ စကားကို ထိန်းသိမ် စောင့်ရှောက်သည့် စာစည်းကမ်း, သဒ္ဒါစည်းကမ်းကို သတ်မှတ်ဖော်ပြသော သဒ္ဒါကျမ်းမျာ် လိုအပ်လျက်ရှိရကား မျာ်းစွာသော လူမျိုးတို့သည် မိမိတို့ဘာသာ ဆိုင်ရာဆိုင်ရာ သဒ္ဒါကျမ်းမျာ်းကို ပြုစုရေးသားကြ၏၊ ထိုသဒ္ဒါစည်းကမ်းချက်မျာ်းနှင့်အညီ ကတ္တား ပုဒ်ရှိရမည့်နေရာ၌ ကတ္တားပုဒ်ကိုရေး၍၎င်း, ကံပုဒ်ရှိရမည့်နေရာ၌ ကံပုဒ်ကိုရေး၍၎င်း, ကရိယာ သမ္ပဒါန် အပါဒါန် စသည်သုံးရမည့်နေရာသုံး၍၎င်း, ကြိယာဝိသေသနဖြင့် ရေးရမည့်နေရာ၌ ကြိယာဝိသေသနရေး၍၎င်း, စာလုံးပေါင်း သတ်ပုံကိုလည်း မှန်ကန်စေလျက်၎င်း မိမိတို့ရေးလိုသော အကြောင်းအရာမျာ်းကို ရေးသားကြ၏။

ကိုလသာစိတ်ဓာတ်အညစ်အကြေး ကင်းဝေးစင်ကြယ်တော်မူ၍ ယဉ်ကျေးမှု၌ ထိပ်ဆုံးအဆင့် သို့ရောက်တော်မူသော သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားဒေသနာ ပါဠိတော်မျာ်းသည် (ကျမ်းစာမျာ် ရေးသားပူစုသကဲ့သို့ စာဖြင့် ရေးသားထားသည်မဟုတ်ပဲ ပေါ်ပေါက်လာသော အကြောင်းအတ္ထုပ္ပတ္တိအား‌လျော်စွာ နှုတ်တော်ဖြင့် ဟောကြားထားသည် ဖြစ်လျက်ပင်) အလွန်စည်းကမ်းကျနလှ၏၊ သိထိုက်လ, ဓနိတ စသော အသံထွက် အက္ခရာ, ကဏ္ဌာ တာလုဗ စသော အသံထွက် အက္ခရာ, ဃောသ အဃောသစသော အသံထွက် အက္ခရာ စာလုံးပေါင်းမျာ်းလည်း မှန်ကန်ပီသအောင် ဟောကြားတော်မူအပ်သော ဒေသနာတော်မျာ်းလည်း ဖြစ်၏။ သက်ဆိုင်ရာကြိယာနှင့်ကိုက်ညီအောင် ကတ္တားကံကရိဏ် သမ္ပဒါန် အပါဒါန် စသော ကာရကတို့ကို မှန်ကန်စွာ သုံးစွဲဆောင်းသည်သာမက ရွတ်ဖတ်၍လည်း ချောညက်ကောင်းမွန်အောင် ဟောကြားထားအပ်သော ဒေသနာတော်မျာ်းလည်း ဖြစ်၏၊ အလွန်အရသာရှိလှသော ခဲဖယ်ဘောဇဉ်တို့၌ ဇီယာ ကရဝေး စသော အမွှေးအကြိုင် အနံ့မျာ် ထည့်ခတ်ထားသကဲ့သို့ သဘိပဉ္ဉာန်, သမ္မပ္ပဓာန် စသော အနက်အဓိပ္ပါယ် အနှစ်သာရ တရားဓမ္မမျာ်းအပေါ်တွင် စကားစည်းကမ်းဘောင်မျာ်းတော်လှန်၍ ချောညက်ညီညာ သာယာနာပျော်ဖွယ်ရှိအောင် သေသေသပ်သပ် ဟောကြားထားအပ်သော ထိုပါဠိတော်ဒေသနာဓမ္မမျာ်းကို စည်းကမ်းမပျက် (နဂိုမူမပျက်)အောင် ထိန်းသိမ်းစောင့်ရှောက်သည့် ပါဠိသဒ္ဒါကျမ်းမျာ်းလည်း မလွဲမသွေ ရှိရမည်သာဖြစ်၏။ ထို့ကြောင့် ကစ္စည်းသဒ္ဒါကြီး, သဒ္ဒနီတိ, မောဂ္ဂလ္လာန်ဟူသော ပင်မ ပါဠိသဒ္ဒါကျမ် မျာ်းနှင့် နျာသ, ရူပသိဒ္ဓိ, စသော အဖွင့်သဒ္ဒါကျမ်းမျာ် ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသည်မှာ လိုလေသေးမရှိ ပြည့်စုံပြီဟု ဆိုသင့်ဆိုထိုက်လှပေ၏။

http://www.dhammadownload.com

ပါဠိအဋ္ဌကထာ ဋီကာ ပိဋကကျမ်းစာတို့ကို တတ်မြောက်လိုသော ပုဂ္ဂိုလ်တို့မှာ အဆိုပါ ပါဠိသဒ္ဒါကျမ်းတခုခုကို ရှေးဦးစွာ ကြိုတင်မသင်ယူပဲ ပိဋကကျမ်းစာများကို အလျင်စလို သင်ယူလျှင် ပို၍ခက်ခဲမည်,ကြန့်ကြာမည်သာမက "ဝနေ အန္ဓဂဇော ယထာ"ဟူသည်နှင့် အညီ တောထဲ၌ မသွားတတ်မလာတတ် ချာချာပတ်နေသော ဆင်ကန်းကြီးကဲ့သို့ နာမ်ပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်, အာချာတ်ပုဒ်, ကိတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၌ သေချာစွာ ခဲခြားသိနိုင်သော ဉာဏ်မျက်စိ ကန်းနေသောကြောင့် အနက်အဓိပ္ပါယ်ကို မှန်ကန်တိကျစွာ မသိနိုင်ရကား ပိဋကကျမ်းစာတော်ကြီးထဲ၌ တဝဲလယ်လယ်သွားနေရမည်သာ ဖြစ်၏။

ထို့ကြောင့် ပိဋကကျမ်းစာကို မသင်ယူမီ ရှေးဦးစွာ ကစွဲသိဒ္ဓါကြီးစသော ပါဠိသဒ္ဒါကျမ်းတခုခုကို ကြိုဘင် သင်ယူလေ့လာပြီးဖြစ်နှင့် ရ၏၊ သို့မှသာ "သဒ္ဒါတတ်မှ စာတတ်သည်၊ သဒ္ဒါပိုင်မှ စာနိုင်သည်" ဟူသော ဆိုရိုးစကားအတိုင်း ပါဠိအဋ္ဌကထာတို့၌ ပါရှိသော နာမ်ပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ် စသည်ဘို့၌ သဒ္ဒါကျမ်းစည်းကမ်းချက်တို့ဖြင့် ပိုင်နိုင်စွာ စိစစ်နိုင်၏၊ အကွရုပုဒ်ပါဠိ အမှားအမှန်ကို ခဲခြား ဝေဖန်သိနိုင်၏။ ထိုကဲ့သို့ ရင့်သန်ထက်မြက်လာသော အကွရကောသလ္လဉာဏ်ကို အခြေခံ၍ ပါဠိအဋ္ဌကထာတို့၏ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို မှန်ကန်တိကျစွာ သိသော ပိဋကကျမ်းကျင်ပညာရှင်အဖြစ်သို့ ရောက်နိုင်မည်ဖြစ်၏။

ဤသို့လျှင် ကစွဲသိဒ္ဓါကြီး စသော သဒ္ဒါကျမ်းများသည် ပိဋကတိုက်ကြီးသို့ တက်ဖို့ရာလှေကားကြီးများ ဖြစ်ကြသည်အားလျော်စွာ မရှိလျှင် မဖြစ်, မသင်ယူလျှင် မဖြစ်သောကြောင့် နောက်နောက် သာသနဝန်ထမ်းတို့အတွက် လိုလေးသေးမရှိ ပြည့်စုံပြီဟု ဆိုရလောက်အောင် ရေးသား ပြုစုတော်မူခဲ့ကြသော ရှေးရှေးသဒ္ဒါကျမ်းပြု ထေရ်ရှင်မြတ်တို့၏ ကျေးဇူးသည်လည်း အလွန်ပင် ကြီးမား၊လှပါပေသည်။

သဒ္ဒါကျမ်းနှင့် အဘိဓာန်ကျမ်းတို့၏ တာဝန်နှစ်ရပ်

ဘာသာစာပေတို့ကို စည်းကမ်း ဥပဒေဘောင်များခတ်လျက် သပ်သပ်ယပ်ယပ်ရှိအောင် သဒ္ဒါကျမ်းများက ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ အဘိဓာန်ကျမ်းများကလည်း ထိန်းသိမ်းစောင့်ရှောက်၏၊ ယင်းသို့ ထိန်းသိမ်းစောင့်ရှောက်ရာ၌ သဒ္ဒါကျမ်းသည် တာဝန်နှစ်မျိုးနှစ်စားကို ထမ်းလျက် ထိန်းသိမ်းစောင့်ရှောက်၏၊ ယင်း တာဝန်နှစ်မျိုးမှာ—

(၁) ကာရက, အကာရကတို့ကို ၎င်းတို့၏ ကြိယာပုဒ်စသည်တို့နှင့် တဲ့စပ်ရေးသားထား၌ ဝိဘတ်အသုံးအနှုန်း မှန်ကန်စေခြင်းအားဖြင့် စကားဝါကျတခုလုံး ရေးပုံရေးနည်း စည်းကမ်းသတ်မှတ်၍လည်း ထိန်းသိမ်းစောင့်ရှောက်၏၊ ဥပမာအားဖြင့်—

ပေးလှူခြင်းကြိယာ (ဒါဓာတ်)နှင့် ဆိုင်သော စကားဝါကျ စီကုံးရေးသားထား၌ အလှူခံပုဂ္ဂိုလ်ကို ဖော်ပြသော ဝေါဟာရပုဒ်၌ (ဘိက္ခုဿ စီဝရံ ဒေဘိ= ရဟန်းအား သင်္ကန်းကို ပေးလှူ၏)ဟု သမ္ပဒါန်ဝိဘတ်ဖြင့်သာ ရေးရမည်၊(ဘိက္ခုံ စီဝရံ ဒေဘိ=ရဟန်းကို သင်္ကန်းကို ဒေးလှူ၏)ဟု ဒုတိယာဝိဘတ်ဖြင့် မရေးရ။

ဖဲခွါခြင်းကြိယာနှင့် သက်ဆိုင်သော စကားဝါကျစီကုံးရေးသားထား၌ ဖဲခွါခဲ့ရာဌာနကိုဖော်ပြသော ပုဒ်၌ (ဂါမာ အပေတိ=ရွာမှဖဲခွါ၏)ဟု အပါဒါန်ဝိဘတ်ဖြင့်သာ ရေးရမည်၊ (ဂါမံ အပေတိ=ရွာကို ဖဲခွါ၏) စသည်ဖြင့် အခြား ဝိဘတ်ဖြင့် မရေးရ။

http://www.dhammadownload.com

လူတယောက်၏ဂုဏ်ဝိသေသနကို ဖော်ထုတ် ရေးသားရာ၌ရင်း, ကိုယ်အင်္ဂါ ချိုယွင်းသောသူ အကြောင်းကို ရေးသားရာ၌ရင်း ဝိသေသနပုဒ်နှင့် ချိုယွင်းသော ကိုယ်အင်္ဂါကို ဖော်ပြသောပုဒ်၌—

သီလေန ဥတ္တမော=အကျင့်သီလအားဖြင့် မြတ်သောသူ။
ဇာတိယာ ဥတ္တမော=အမျိုးဇာတ်အားဖြင့် မြတ်သောသူ။
အကွိနာ ကာဏော=မျက်စိဖြင့် ကန်းသောသူ။
ပါဒေန ခဉ္ဇော = ခြေထောက်အားဖြင့် ခွင်သောသူ။

စသည်ဖြင့် တတိယာဝိဘတ်ဖြင့်သာ ရေးရမည်၊ အခြားဝိဘတ်များဖြင့် မရေးရ၊ ဤသို့ စသည်ဖြင့် စကားဝါကျရေးသားပုံ ရေးသားနည်းမှန်ကန်အောင်, မသသပ်အောင် စည်းမျဉ်းဘောင် ခတ်၍လည်း စောင့်ရှောက်ထိန်းသိမ်း၏။

(၂) ထိုစကား ဝါကျထဲမှ ဝေါဟာရပုဒ် တပုဒ်စီတပုဒ်စီ၏ မူရင်းဇာစ်မြစ် (Etymology)နှင့် ဝိဘတ်ပစ္စည်းတို့၏ အနက်တို့ကို ဖော်ပြလျက် ယင်းပုဒ်တို့၏စာလုံးပေါင်း သတ်ပုံမှန်ကန်အောင် (အက္ခရဝိပတ္တိမဖြစ်အောင်)လည်း ထိန်းသိမ်းစောင့်ရှောက်၏၊ ဥပမာအားဖြင့်—

ဝေါဟာရပုဒ် နှစ်ပုဒ် သုံးပုဒ်စသည်တွဲစပ်ထားသော သမာသ်ပုဒ်တို့၌ တွဲစပ်ထားသမျှပုဒ်တို့ကို အစိတ်အစိတ်ခွဲပြပြီးလျှင် ယင် ပုဒ်တို့၌ ကျေသော ဝိဘတ်တို့ကို ဖော်ပြ၏၊ တဒ္ဓိတ်ပုဒ်တို့၌ ပုဒ်နှင့်ပစ္စည်း ခွဲပြကာ (ရုပ်စီရင်ပြကာ) ပစ္စည်း၏အနက်ကို ဖော်ပြ၏၊ အာချာတ်ပုဒ် ကိတ်ပုဒ်တို့၌ ဓာတ်ပစ္စည်း ဝိဘတ်ခွဲခြားပြကာ (ရုပ်စီရင်ပြကာ) ပစ္စည်း ဝိဘတ်တို့၏ အနက်ကို ဖော်ပြ၏။

ဤသို့အားဖြင့် သဒ္ဒါကျမ်းသည် (၁) စကား ဝါကျအရေးအသား မှန်ကန်စေခြင်း၊ (၂) ထိုစကားဝါကျမှ ဝေါဟာရပုဒ်တို့ အက္ခရဝိပတ္တိမဖြစ်အောင် စာလုံးပေါင်းသတ်ပုံ မှန်ကန်စေခြင်းအားဖြင့် တာဝန်နှစ်မျိုးနှစ်စားယူလျက် စာပေကို ထိန်းသိမ်းစောင့်ရှောက်လေသည်။

အဘိဓာန်ကျမ်းက ဘာသာစာပေကို စောင့်ရှောက်ဆ၌ ထိုနှစ်မျိုးနှစ်စားတို့တွင် (၁) အမျိုးအစားဖြင့် စောင့်ရှောက်ရန်ဘာဝန်မယူနိုင်၊ (၂) အမျိုးအစားဖြင့် စောင့်ရှောက်ရန်ဘာတာဝန်ယူနိုင်၏၊ သို့ဆုတွင် (၂) အမျိုးအစားဖြင့် စောင့်ရှောက်ဆ၌ သဒ္ဒါကျမ်းထက် အဘိဓာန်ကျမ်းကပို၍ အမြောက်အမြား ကြီးမားသော တာဝန်ကို ထမ်းလျက်စောင့်ရှောက်၏။

ရှင်းပြဦးအံ့ —

သဒ္ဒါကျမ်းတို့အနေအားဖြင့် ရုပ်စီရင်၍ဖြစ်နိုင်သမျှ ဥဒါဟရုဏ်ရုပ် ဝေါဟာရပုဒ်တို့ကို အားလုံးစုံလင်အောင် ရှာဖွေထုတ်နုတ်၍ ရုပ်စီရင်ပြတို့မလိုတော့ပဲ နမူနာ ဥဒါဟရုဏ်ရုပ် အနည်းငယ်မျှ ထုတ်ပြပြီးလျှင် ဤ ဥဒါဟရုဏ်ရုပ်နှင့် အလားတူရုပ်များ၌လည်း ဤနည်းအတိုင်း ရုပ်စီရင်လေဟု ဆိုလိုက်ခြင်းဖြင့် ကိစ္စပြီး၏၊ တာဝန်ကျေပွန်၏။

ဥပမာအားဖြင့် — သုတ်စဉ်ဘည်ဘုန်းက ပကာရ (အတူဟူသော) အနက်ရှိသော အာဒိ-သဒ္ဒါဖြင့် "ဃဋာဒီနံ ဝါ"ဟု သုတ်တည်၍ ဃဋဓာတ် တခုကိုသာထုတ်ပြပြီးလျှင် ဃဋဓာတ်မှကျန်သော ဃဋဓာတ်ကဲ့သို့ ဝုဒ္ဓိပြုမမြဲခြင်းတူသော ဂမုအစရှိသော ဃဋာဒိအာကဘိဂိုဏ်းဝင်ဓာတ်တို့ကို တိုက်ရိုက်

၁။ ဝိသေသျပုဒ်နှင့် အနက်ဒြဗ်ခြင်းမဘူသော ဘိန္နာဓိကရဏဝိသေသနပုဒ်ကိုသာ ဆိုလိုသည်။

http://www.dhammadownload.com

ထုတ်ပြဖို့မလိုတော့ပဲ အာဒိသဒ္ဒါဖြင့် သိမ်းယူလိုက်လျှင် တာဝန်ကျေ၏။ ပိသောဒရာဒိနိ ယတောပဒိဋ္ဌံ (ပါဏိနီ၊၆။၃။၁၀၉)ဟု သုတ်တည်၍ ပိသောဒရ ပုဒ်တပုဒ်ကိုသာထုတ်ပြပြီးလျှင် ပိသောဒရပုဒ်ကဲ့သို့ ရုပ်ပြီး ပုံချင်းတူသော ဘဂဝါအစရှိသော ကျန်သောပိသောဒရာဒိ အာဂကတိဂိုဏ်းဝင်ပုဒ်တို့ကိုလည်း တိုက်ရိုက်ထုတ်မပြတော့ပဲ အာဒိသဒ္ဒါဖြင့် သိမ်းယူနိုင်၏၊ သို့သော် အဘိဓာန်ကျမ်းများအနေအားဖြင့်ကား ဝေါဟာရစကားလုံးတို့ကို စုံနိုင်သမျှစုံအောင် ရနိုင်သလောက် ရှာဖွေထုတ်စုပြမှသာ တာဝန်ကျမည်ဖြစ်ရကား အဘိဓာန်ကျမ်းတို့၏ တာဝန်သည် အလွန်ကြီးမား များပြားလှပေ၏။

ပြည့်စုံနိုင်ခဲ့သော ပါဠိအဘိဓာန်

အိန္ဒိယနိုင်ငံ၌ သက္ကတဘာသာဖြင့် ရေးသားထားသော စာပေများ ဝေဒကျမ်းများကို ထိန်းသိမ်းစောင့်ရှောက်ဖို့ရာ ဗျာကရဏကျမ်းဟုခေါ်သော သက္ကတသဒ္ဒါကျမ်းများနှင့် နိယဏ္ဍုဟုခေါ်သော သက္ကတအဘိဓာန်ကျမ်းများသည် မြတ်စွာဘုရားမပွင့်မီ ရှေးနှစ်ပေါင်း များစွာကပင် ပေါ်ထွက်ခဲ့ပြီးဖြစ်၏၊ ထို့ကြောင့် သက္ကတသဒ္ဒါကျမ်းနှင့် သက္ကတအဘိဓာန်ကျမ်းတို့သည် ကမ္ဘာ့သဒ္ဒါကျမ်း အဘိဓာန်ကျမ်းတို့၏ ရှေ့ဆောင် ရှေ့သွား ဆရာသမားဟုခေါ်ဆိုထိုက်လှပေ၏၊ အထူးအားဖြင့် သက္ကတစာပေနှင့် ပါဠိစာပေဘို့သည် တခုမှတခုသို့ အကွာဆုပုဒ် ရုပ်သွင်ပြောင်းလဲဖလှယ်ထားသော ဝေါဟာရများစွာတို့ဖြင့် အချင်းချင်းအပြန်ပြန်အလှန်လှန် ဆက်သွယ်နေသောကြောင့် ထိုသက္ကတသဒ္ဒါကျမ်း အဘိဓာန်ကျမ်းတို့သည် ပါဠိသဒ္ဒါကျမ်း အဘိဓာန်ကျမ်းတို့၏ ရှေ့ဆောင်လမ်းပြ ဖြစ်ရုံမျှမက ဆွေမျိုးသားချင်းပင် တော်စပ်နေပေ၏။

ထို့ပါဠိနှင့် သက္ကတဆိုင်ရာ သဒ္ဒါကျမ်း အဘိဓာန်ကျမ်းတို့တွင် အဘိဓာန်ကျမ်းသည် ဝေါဟာရစကားလုံးတို့၏ လိင်နှင့် မူရင်း ဇာစ်မြစ်ကိုပါ ညွှန်ပြထားခြင်းကြောင့် သဒ္ဒါကျမ်းတို့က ထမ်းဆောင်ရမည့်တာဝန်ကိုပါ အမြောက်အမြားခွဲဝေထမ်းဆောင်၏၊ ယခင်က ပြဆိုခဲ့သည့်အတိုင်း သုတ်ဘည်စဉ်က အာဒိသဒ္ဒါကိုထည့်၍ တည်ပြီးလျှင် ကျန်သောရုပ်များ၌လည်း ဤနည်းချည်းဟု ဆိုလိုက်ခြင်းဖြင့် သဒ္ဒါကျမ်းဘို့ သွားရမည့် တာဝန်ခရီးသည် ပြီစီးရုပ်နားသွားတော့၏၊ အဘိဓာန်ကျမ်းများကား ထိုမျှဖြင့်ခရီး မရပ်နား၊ တသွားတည်း သွားနေရ၏။ Living Language. ဟု ခေါ်သော ယခုလက်ရှိ သုံးစွဲနေဆဲဖြစ်သော ဘာသာစကားများသည် အမြဲတစေ အသစ်အသစ်တို့ ပွါးနေ၏၊ ပြောင်းလဲနေ၏၊ ထို့ကြောင့် ထိုဘာသာ စကားများအတွက် ဝေါဟာရစကားအသုံး စုံလင်သော အဘိဓာန် ပေါ်ထွက်ရန် အလွန်ခက်၏။ ပါဠိဘာသာနှင့် သက္ကတဘာသာတို့သည် ယခုလက်ရှိ သုံးစွဲမှုမရှိသော ဘာသာစကား (Dead Language) ဖြစ်သောကြောင့် နောက်ထပ် အသစ်တိုးပွါးခြင်း ပြောင်းလဲခြင်း မရှိစေကာမူ ထိုဘာသာစကားတို့ဖြင့် ရေးသားသော ကျမ်ဂန်ပေါင်း များပြားစွာရှိနေသောကြောင့် ဝေါဟာရ စကားအသုံး စုံလင်သော သက္ကတအဘိဓာန်, ပါဠိအဘိဓာန် ပေါ်ထွက်ရန် အလွန်ခက်ခဲသည်ပင်ဖြစ်၏။ သို့သော် သက္ကတအဘိဓာန်ကျမ်းများသည် ခေတ်အားလျော်စွာ ပို၍ပို၍ စုံလင်စွာ တကျမ်းပြီးတကျမ်း ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာသောကြောင့် သက္ကတဝေါဟာရ ပုဒ်အသုံးမပါဝင်သေးစေကာမူ ဆာမောနိယာဒိလို့စသော သက္ကတအဂ်လိပ် အဘိဓာန်ကြီးများ၌ ခက်ခဲသော သက္ကတဝေါဟာရများ စုံလင်သင့်သလောက် စုံလင်ပြီဟုဆိုနိုင်လောက်ချေ၏။

ပါဠိဘာသာအတွက်လည်း တိပိဋကပါဠိ မြန်မာအဘိဓာန်အဘွဲ့ ၁-နိဒါန်း၌ ဖော်ပြထားသည့်အတိုင်း ပုဒ်ပေါင်း ငါးသောင်းကျော်အထိ ပါဝင်သော ကမ္ဘာ့ခေတ်မှီ ဦးဟုတ်စိန် အာဆီဓာန်တိုင်

http://www.dhammadownload.com

အောင် ပါဠိ-မြန်မာ အဘိဓာန်များ ဆင့်ကဲဆင့်ကဲ ပေါ်ထွက်လာခဲ့၏။ ဒုတိယ ကမ္ဘာစစ်ပြီးသည့် နောက်ပိုင်းတွင်လည်း သီဟိုဠ်ကျွန်းမှ အလားတူ ပါဠိအဘိဓာန်များ ပေါ်ထွက်လာခဲ့၏။ အနောက်နိုင်ငံများမှလည်း ခရစ် ၁၈၅၈-ခုနှစ်ဝယ် ရုရှနိုင်ငံ စီနိပီတာစဘတ်မြို့ (ယခု လီနင်ဂရက်မြို့)မှ ရုရှ ပါဠိပါမောက္ခများ ဦးစီးရေးခဲ့ကြသော (ပြီးဆုံးခြင်းသို့ မရောက်ခဲ့သော) ပါဠိရုရှအဘိဓာန်ကြီးနှင့် ယင်း၏ နောက်တွင် အင်္ဂလန်မှ ပါဠိအင်္ဂလိပ် အဘိဓာန်များ အပြင် နောက်ဆုံးတွင် ကမ္ဘာအရပ်ရပ်မှ ပညာရှိများ စုပေါင်းရေးသားပြီး ဒိန်းမတ်နိုင်ငံမှ ထုတ်ဝေသည့် A Criti al Pāli Dictionary(C-P-D) ဟု ခေါ်သည့် ပါဠိအင်္ဂလိပ်အဘိဓာန်တိုင်အောင် ပါဠိအဘိဓာန်ပေါင်း မြောက်မြားစွာ ပေါ်ထွက်လာခဲ့ပေ၏။

သို့သော် ထိုပါဠိအတိဓာန်တို့၌ အခက်အခဲနှစ်မျိုးနှင့် ရင်ဆိုင်နေရ၏။ ယင်းနှစ်မျိုးမှာ – (၁) ပုဂ္ဂိုလ်တဦးတည်းက ရေးသားပြုစု၍ ပြီးဆုံးခြင်းသို့ ရောက်စေကာမူ ပါဠိ အဋ္ဌကထာ ဋီကာတို့မှ ခက်ခဲသော ပုဒ်အားလုံးနှင့် ပါဝင်သင့်သမျှ ပုဒ်အားလုံး အစုံအလင်ပါရှိသော ပါဠိအဘိဓာန်ကြီးဖြစ်ဖို့ ခဲယဉ်း၏။ (၂) ပညာရှိအများ စုပေါင်းရေးသားကြသောကြောင့် ထိုပုဒ်များအားလုံး အစုံအလင် ပါဝင်အောင် ရှာဖွေစုဆောင်းနိုင်ကြစေကာမူ လုံးဝဉ်ဿုံ ဆုံးခန်းတိုင်ရောက် ပြီးမြောက်သော အဘိဓာန်ကြီးဖြစ်ရန် ခက်ခဲပြန်၏။

ယခင် ဒိန်းမတ်နိုင်ငံထုတ် (C-P-D)အဘိဓာန်ကြီးသည် အလွန်ကောင်းမွန်သည့် စနစ်သစ်ဖြင့် ပါဠိတော်နှင့် အဋ္ဌကထာပုဒ်များ စုံလင်အောင် ရှာဖွေထုတ်စု၍ (၁၉၂၄)ခုနှစ်မှ စ၍ ရေးသားပြုစုလာခဲ့ကြရာ ယခုအခါ (၁၉၇၁)ခုနှစ်အထိ ရိုက်နှိပ်ပြီးစီးခဲ့သမျှမှာ ဥဂ္ဃါဋိမပုဒ်အထိ ပါဝင်သောအတွဲ (၂) အပိုင်း (၇) အထိဖြစ်၏။ ကျန်သောသရများနှင့် ဗျည်းအားလုံးတို့အတွက် များစွာ ကျန်ရှိနေသေးသော လုပ်ငန်းများကိုလည်း ဆုံးခန်းတိုင်ရောက် ပြီးမြောက်သည်အထိ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆပါ၏။ ထိုမျှလောက်စုံလင်သော ပါဠိအဘိဓာန်ကြီး ဆုံးခန်းတိုင်ရောက် ပြီးမြောက်ပါမူကား အလွန်အားကိုးအားထားပြုရ၍ ပါဠိဘာသာအတွက် တန်ဖိုးမဖြတ်နိုင်သော ကျမ်းကြီးဖြစ်လာပေလိမ့်မည်။ သို့သော် ထိုအဘိဓာန်ကြီးသည် ပါဠိကို အင်္ဂလိပ်လိုပြန်ဆို၍ အင်္ဂလိပ်မူ ပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းစာအုပ်များမှ စာမျက်နှာဂဏန်းများကို ညွှန်ပြထားသောကြောင့်ငှင်း နိုင်ငံခြားမှ စာအုပ်ဖြစ်သဖြင့် မြန်မာနိုင်ငံ အနှံ့အပြားရောက်ရှိရန် ခဲယဉ်းသောကြောင့်ငှင်း ပြည့်စုံသော ပါဠိမြန်မာအဘိဓာန်ကို လိုလားတောင့်တနေကြသော မြန်မာနိုင်ငံသား ရဟန်းရှင်လူများ၏ လိုအင်ဆန္ဒကို ပြည့်ဝစေနိုင်လိမ့်မည် မဟုတ်ပေ။

အဘိဓာန် ကွန်ပြူတာစက်ကြီး

ပိဋကသုံးဖြာ ပါဠိတော် အဋ္ဌကထာ ဋီကာ အရပ်ရပ်တို့၌ နှံ့စပ်ကျွမ်းကျင်သော ပညာရှင်ပင်ဖြစ်စေကာမူ "ဒီအကြောင်းအရာကို ငါတွေ့ဘူး မှတ်ဘူးသည်၊ ဘယ်ပါဠိ, အဋ္ဌကထာ, ဋီကာမှာပါလေသနည်း"ဟု သေချာအောင် ပြန်၍ကြည့်လိုသောအခါ "ဟိုနေရာမှာ ပါလေသလော၊ ဒီနေရာမှာ ပါလေသလော"ဟု တွေးတောစဉ်းစား နေရသေး၏။ အချိန်ကုန်ခံကာ ရှာဖွေနေရသေး၏၊ ပုဒ်တပုဒ်တပုဒ်ပါရှိရာ ကျမ်းစာအခဏ်းကဏ္ဍကို သိလိုသောအခါ၌မူ ထိုထက်ပင် ပို၍ အသေးစိတ်စဉ်းစားရ၏။ အချိန်ကုန်ခံကာ ရှာဖွေနေရ၏၊ မိမိတွေ့လိုသော ပုဒ်ပါရှိရာ ဌာနသည် (၁၀)နေရာလောက် ရှိနေသော်လည်း ရှာဖွေသောအခါ (၁၀)နေရာလုံး တွေ့ချင်မှတွေ့မည်။ အဋ္ဌကထာ ဋီကာများသည် ဟိုနေရာမှာလည်း ဖွင့်၏၊ ဒီနေရာမှာလည်း ဖွင့်၏၊ ဒီနေရာမှာ အကျဉ်းချုပ်မျှသာ ဖွင့်၏၊ ဟိုနေရာမှာကား

http://www.dhammadownload.com

အကြောင်းအားလျော်စွာ အကျယ်တဝင့်ဖွင့်၏၊ တခါတရံ၌မူ ဖွင့်ပုံချင်းလည်းမတူဘဲတတ်၊ ဖွင့်ပုံချင်းစသွားချင်း တူစေကာမူ(နှစ်ပေါင်းထောင်ချီ၍ ကြာမြင့်လာသော ကျမ်းစားများပြစ်သောကြောင့်) ဟိုနေထုက အဖွင့်၌ ပါဠိများ ပျက်နေ၏၊သို့မဟုတ် ပါဠိများ ကျပျောက်နေ၏၊ စာနေလည်း မသန့်ရှင်း၊ ဒီနေထုက အဖွင့်၌ ပါဠိမှန်၏၊ အကျအပျောက်မရှိ၊ စာမူသန့်ရှင်း၏။

အကယ်၍ ဖွင့်သမျ နေရာဌာနအားလုံးကို တိုက်ဆိုင်၍ နှိုင်းယှဉ်၍ မကြည့်ရပဲ အကြောင်းအရာတခုခုကို ဟောပြောလျှင်သော်၎င်း, ရေးသားလျှင်သော်၎င်း မိမိ၏ဟောပြောချက်, ရေးသားချက်များ၌ ပျော့ကွက်ဟာကွက် လွဲမှားချက်များဖြင့် အားနည်းလျက် ရှိနေမည်ပြစ်သောကြောင့် မရှိမကြောက် ခြင်သေ့်ဟောက်သကဲ့သို့ ‘ဒီဟာသာအမှန်၊ ဒီဟာအမှား” ဟု ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် သီဟနာဒ ဝိနိစ္ဆယချပြခန် ခက်ခဲလှပေ၏၊ ထို့ကြောင့် မိမိဟောပြောချက် ရေးသားချက်များ အင်အားပြည့်ဝ တိကျမှန်ကန်မှုအတွက် အဖက်ဖက်မှ အကူအညီပေးမည့် အဘိဓာန်ကြီးပေါ် ထွက်လာရန် အမြန်လိုအပ်လျက်ရှိပေ၏။

သိပ်ပံပညာများ ထွန်းကား တိုးတက်နေသော ယခုခေတ်၌ လူပေါင်း မြောက်မြားစွာတို့ အချိန်ကြာမြင့်စွာ လုပ်ဆောင်ရသော လုပ်ငန်းအမြောက်အမြားကို ဘခဏချင်း စက်ကန့်ပိုင်းအတွင်း၌ အားလုံးပြီးစီးအောင် လုပ်ဆောင်နိုင်သည့် ကွန်ပြူတာစက် ပေါ်ထွက်နေပြီဖြစ်သကဲ့သို့ ထို့အတူ အကြင်အဘိဓာန်ကျမ်းစာအုပ်ကို လှန်လှောကြည့်လိုက်သောအခါ မိမိတွေ့လိုသော ဝေါဟာရပုဒ်အားလုံးကို ချက်ချင်းတွေ့နိုင်၏၊ ထိုပုဒ်နှင့်ဆိုင်ရာဆိုင်ရာ သိလိုသောအချက်များကိုလည်း ချက်ချင်းသိနိုင်၏၊ ထို့မျဖြင့်အားမရသေး၍ သက်ဆိုင်ရာ ပါဠိအဋ္ဌကထာ ဋီကာတို့ကို ပြည့်စုံစွာ ကြည့်လိုပါသေးသည်ဆိုလျှင်လည်း ထိုပုဒ်မှ ကျမ်းညွှန်းဂဏန်းများကို ကြည့်၍ ရှာဖွေလိုက်သောအခါ ထို ကျမ်းစာများမှ မိမိသိလိုသော အကြောင်းအရာများ ဘွားကနဲချက်ချင်းတွေ့ရ၏၊ ယခင်က အချိန်ကြာမြင့်စွာ ရှာဖွေ၍သော်မှပင် တွေ့ရှိရန်ခဲယဉ်းသော အကြောင်းအရာ မြောက်မြားစွာတို့သည် ကွန်ပြူတာစက်ကို နှိပ်လိုက်သကဲ့သို့ မိမိ၏ရှေမှောက်၌ ချက်ချင်းဆောက်လာ၏၊ ပြည့်စုံမှု သေချာမှုခိုင်လုံမှုလည်း ရှိ၏၊ အကြောင်းအရာတခုခုကို ဟောပြောလိုသူ, ကျမ်းစာရေးသား ပြုစုလိုသူတို့အတွက် တိုတောင်းသော အချိန်ကာလအတွင်း တမှုတ်ချင်း အကူအညီပေးစွမ်းနိုင်သော ထိုသို့သော ပါဠိမြန်မာ အဘိဓာန်ကျမ်းတည်းဟူသော ကွန်ပြူတာစက်ကြီး ပေါ်ထွက်လာရန် အမြန်လိုအပ်လျက်ရှိနေပေ၏။

တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီး

အထဲက်က ဖော်ပြခဲ့သော အကြောင်းများကြောင့် ပါဠိအဋ္ဌကထာ ဋီကာပိဋကကျမ်းဂန်များနှင့် ထိုပိဋကကျမ်းဂန်တို့၏ အခြေအရံပါဠိကျမ်းဂန်တို့မှ ပါဝင်သင့်သမျ ပါဠိဝေါဟာရအားလုံးစုံလင်စွာပါဝင်ပြီးလျှင် ထိုဝေါဟာရများနှင့်စပ်၍ ရေးသင့်သမျ ဖော်ပြသင့်သမျ အချက်အလက်များကိုပါ စုံလင်စွာ ရေးသားဖော်ပြထားသည့် အတွဲပေါင်းမြောက်မြားစွာပါရှိသော ပါဠိမြန်မာအဘိဓာန်ကြီး ပေါ်ထွက်လာပါက ယင်းအဘိဓာန်ကြီးသည် အဖက်ဖက်မှ လိုလေသေးမရှိ ပြည့်စုံနေရကား အကိုင်းအခက်ဝေဆာသည့် ပါဠိပဒေသာပင်ကြီးအဖြစ်ပြုင့် အများသူငါ၏ မျက်နှာပြင်တွင် ရှေဆုံးမှ ပေါ်လွင်ထင်ရှားနေမည်မှာ သေချာလှပေ၏၊ သို့သော် “ခါချဉ်ကောင် မာန်ကြီး၍ တောင်ကြီးကိုဖြိုမည့်ကြဲ ခါးကမသန်” ဟူသကဲ့သို့ သာမန်ဌေးကြးရှင်တို့၏ အကူအညီနှင့် တဦးစ နှစ်ဦးစ ပညာရှင်တို့၏ ကြိုးပမ်းချက်တို့မှာ “မြေကြီးလက်ခတ်မလွဲ သေချာပေါက် ပြီးမြောက်စေရမည်” ဟု

http://www.dhammadownload.com

မည်မျှလောက်ပင် စိတ်မာန်ကြီးမား ကြုံးဝါးနေစေကာမူ တောင်လုံးကြီးတမျှ ဆောမကြီးမားလှသော အဘိဓာန်ကျမ်းပြုအလုပ် ဝန်ထုပ်ကြီးနှင့် ချိန့်သေးငယ်လှသော ရွှေခါးကလေ တို့၏ အချိုး အစားကွာဟ မညီမမျှဖြစ်နေခြင်းကြောင့် လမ်းဆုံးအောင် မထမ်းဆောင်နိုင်တော့ပဲ တပိုင်းတစဖြင့် လက်စသတ်ရဖို့သာ ရှိတော့၏၊ ထို့ကြောင့် တိပိဋကပါဠိမြန်မာအဘိဓာန်တည်းဟူသော ဆောမ ကျမ်းကြီး ပေါ်ထွက်ဖို့ကိစ္စမှာ အပြောလွယ်ပြီး အကောင်အထည်ပေါ်ဖို့ ခက်လှချေ၏။

ထို့ကြောင့် မြန်မာနိုင်ငံတော်အစိုးရသည် ထိုကဲ့သို့ ဖြစ်မြောက်နိုင်ခဲသော တိပိဋကပါဠိ မြန်မာ အဘိဓာန်ကျမ်းကြီး အောင်မြင်စွာပေါ်ထွက်လာစေရန် ရည်သန်ချက်ဖြင့် ဆဋ္ဌသင်္ဂါယနာ စီမံကိန်း ပိဋကတ်တော် မြန်မာပြန် စီမံကိန်းတို့နှင့်အတူ တပါတည်းပင် ပါဠိမြန်မာ အဘိဓာန်ကျမ်း ကြီး ရေးသားရန် စီမံကိန်းကိုလည်း ရေးဆွဲခဲ့၏။ ထို့နောက် အဘိဓာန်ဌာနဟူ၍ ဝန်ထမ်းဌာနတခု ဖွဲ့စည်း၍ လူအင်အား ငွေအင်အား နှစ်ရပ်လုံး လုံလောက်စွာသုံးကာ အဘိဓာန်လုပ်ငန်းကို ဆောင် ရွက်ခဲ့၏။

ရွှေတော်ပြေး အဘိဓာန်လုပ်ငန်း

ပဌမတွင် အလျား လေးလက်မ, အနံသုံးလက်မရှိသော ကတ်ပြားစက္ကူကလေး တရွက်တရွက် လျှင် ပါဠိဝေါဟာရ တပုဒ်စီ တပုဒ်စီ ရေးခြင်းဖြင့် ပါဠိဝေါဟာရပုဒ် ထုတ်ရ စုရ၏၊ ပါဠိတော် ကျမ်းစာအုပ်ရေ(၄၀), အဋ္ဌကထာကျမ်းစာအုပ် (၅၁), ဋီကာကျမ်းစာအုပ် (၂၆) အုပ်အားဖြင့် ပါဠိ ကျမ်းစာအုပ်ပေါင်း(၁၁၇)အုပ်တို့၌ ရှိသမျှပါဠိဝေါဟာရပုဒ် အားလုံးတို့ကို ထုတ်နုတ်ရေးသားစုဆောင်း ခြင်း (ပုဒ်ထုတ်ရခြင်း) ဖြစ်သည်၊ ယင်းကဲ့သို့ထုတ်နုတ်စုဆောင်းလိုက်သောအခါ ပါဠိဝေါဟာရတပုဒ်စီ တပုဒ်စီ ရေးထားသော ကတ်ပြားစက္ကူပေါင်း တဆယ့်ငါးသိန်းကျော် ရရှိ၏၊ ထိုကတ်ပြားစက္ကူ တို့ကို ပုဒ်ချင်းတူဆုပေါင်းလိုက်သောအခါ အသားတင်ပုဒ်အရေအတွက် သုံးသိန်းကျော်ရရှိ၏။

ဤနေဆ၌ ဝေါဟာရပုဒ် ထုတ်နုတ်စုဆောင်းပုံနှင့် ထိုစုဆောင်းထားသော ကတ်ပြားစက္ကူ မြောက်မြားစွာတို့ကို ပုဒ်ချင်းတူဆုပေါင်းလိုက်ခြင်းဖြင့် အသားတင်ပုဒ်အရေအတွက်လျော့နည်းသွားပုံ တို့ကို အနည်းငယ်မျှထပ်မံရှင်းပြပါဦးမည်။

ပါဆုဇိကဏ်ပါဠိတော်ဖြစ်သော ဝိနည်းပါဠိတော် ပဌမတွဲမှ ပါဠိဝေါဟာရပုဒ်ထုတ်စုသောပုဂ္ဂိုလ် သည် ယင်းပါဠိတော်၌ ရှိသမျှ ပုဒ်ဘိုင်း ပုဒ်ဘိုင်းကို စက္ကူကတ်ပြား တခုတခုလျှင် တပုဒ်စီတပုဒ်စီ(စာမျက် နှာ နံပါတ် ဂဏန်းနှင့်တကွ) ရေးရ၏၊ ဥပမာအားဖြင့်—

ထိုဝိနည်းပါဠိတော် ပဌမတွဲ (ဝိ၊၁) စာမျက်နှာ (၅)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင် (ဗုဒ္ဓေါ။ ဝိ၊၁။၅)ဟူ၍ စက္ကူကတ်ပြားပေါ်၌ ရေးရ၏၊ စာမျက်နှာ(၇)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင်လည်း (ဗုဒ္ဓေါ။ ဝိ၊၁။၇) ဟု ရေး ရ၏။

ပါစိတ် ပါဠိတော်ဖြစ်သော ဝိနည်းပါဠိတော် ဒုတိယတွဲ (ဝိ၊၂) မှ ပုဒ်ထုတ်သောသူကလည်း ယင်းပါဠိတော် စာမျက်နှာ(၉)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင် (ဗုဒ္ဓေါ။ ဝိ၊၂။၉) ဟုရင်း, စာမျက်နှာ (၁၀)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင်လည်း (ဗုဒ္ဓေါ။ ဝိ၊၂။၁၀) ဟုရင်း စက္ကူကတ်ပြား၌ ရေးရ၏၊ မဟာဝါပါဠိတော် ဖြစ် သော ဝိနည်းပါဠိတော်တတိယတွဲ (ဝိ၊၃) စာမျက်နှာ(၅)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင်လည်း (ဗုဒ္ဓေါ။ဝိ၊၃။၅) ဟုရင်း, စာမျက်နှာ(၈)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင်လည်း (ဗုဒ္ဓေါ။ ဝိ၊၃။၈) ဟု ရင်းရေးရ၏။

http://www.dhammadownload.com

သီလကွန်ပါဋ္ဌိတော်ဖြစ်သော ဒီဃနိကာယ်ပဌမတွဲ (ဒီ၊၁)မှ ပုဒ်ထုတ်သောသူသည် ထိုပါဋ္ဌိတော် စာမျက်နှာ(၁၂)၌ ဗုဒ္ဓေါပုဒ်တွေ့လျှင်လည်း (ဗုဒ္ဓေါ။ ဒီ၊၁။၁၂) ဟုရင်း, စာမျက်နှာ (၁၅) ၌ ဗုဒ္ဓေါ ပုဒ် တွေ့လျှင်လည်း (ဗုဒ္ဓေါ။ ဒီ၊၁။၁၅) ဟုရင်း စက္ကူကတ်ပြား၌ ရေးရ၏၊ (ဝိဘတ်ကို မဖျောက်ပဲ စာအုပ်ထဲရှိသည့်အတိုင်း "ဗုဒ္ဓေါ၊ ဗုဒ္ဓါ၊ ဗုဒ္ဓံ၊ ဗုဒ္ဓေ၊ ဗုဒ္ဓဿ" စသည်ဖြင့် စက္ကူကတ်ပြား၌ ရေးရ၏)

အာရတိ (ထီ) [အာ+ရမု+တိ] (က) ဝေးစွာ ရှောင်ကြဉ်တတ်သော တရား။ (ခ) ဝေးစွာ-လွှန်စွာ-ရှောင်ကြဉ်ခြင်း။ ဆဟိ အဂါရ-ဝေဟိ အာရတိ ဝိရတိ ပဋိဝိရတိ။ ဝိ၊၅။၁၆၅။ အာရကာ ဧတေဟိ ရမတီတိ အာရတိ၊ ဘုသာ ဝါ ရတိ အာရတိ။ ဝိ၊ဋ္ဌ၊၄။၁၅၁။ စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရဘိ ဝေရမဏိ။ မ၊၃။၁၁၈။ အဘိ၊ဓ။၇၆။ အဘိ၊ဝ။၁၁၃။ အာရတီတိ အာဒီသု ဝစီဒုစ္စရိတေဟိ အာရကာ ရမတီတိ အာရတိ။ မ၊ဋ္ဌ၊၉၄။ အာရကာ ရမတီတိ အာရတိ။ အဘိ၊ဋ္ဌ၊၁။ ၂၆၃။ (-မ၊၃။၁၁၉။ အဘိ၊ဝ။ ၂၉၉။ ခုဒ္ဒက။၄။ သုတ္တနိ။၃၁၉။ ဝိမာန။၈၈။ အပ၊၁။ ၂၉၇။ စူဠနိ။၄၂။ ဝိ၊ဋ္ဌ၊၁၈၁။ သံ၊ဋ္ဌ၊၁။၁၅၅။ အဘိ၊ဋ္ဌ၊၁။၁၂၊၁၄၆။ ခုဒ္ဒက၊ဋ္ဌ။ ၁၁၅။ အဘိ၊ဋ္ဌ၊၁။၁၂၊၁၄၆။ ခုဒ္ဒက၊ဋ္ဌ။ ၁၁၉။ သုတ္တနိ၊ဋ္ဌ၊ ၂။ ၂၅။ စူဠနိ၊ဋ္ဌ။၁၀။ပါစိတ်၊ ယော၊ ၂။၁ ၂၀-၁။)

အာရဒ္ဓ[1] (တိ) [အာ+ရဓ+တ] (၁) အားထုတ်သော၊ လုံ့လပြုသော၊ သူ။ (၂) အား-ထုတ်အပ်သော။ (က) အားထုတ်အပ် - ချီးမြှောက်အပ် - မြဲမြံစွာဖြစ်စေအပ် - သော။ (ခ) အားထုတ်အပ် - ပြည့်စုံသော။ အထ အမစ္စော ထေရာသနတော ပဋ္ဌာယ အသိနာ ဃဋီသာနိ ပါတေတုံ အာရဒ္ဓါ။ ဝိ၊ဋ္ဌ၊၁။၄၀။ ဘရိယာ မိတာ သုဏိသာ စ.... ဓာတုဋ္ဌာနံ ဂန္တုံ အာရဒ္ဓါ။ ပေတ၊ဋ္ဌ။၁၉၇။ (-မ၊ဋ္ဌ၊၁။ ၂၆၉။ မ၊ဋ္ဌ၊ ၂။ ၂၉၂။ သံ၊ဋ္ဌ၊ ၂။၉။ အဘိ ဋ္ဌ၊၁။၁၅၅။ ဝိသုဒ္ဓိ၊ ၂။ ၂၇၁။ ဇာ၊ဋ္ဌ၊၁။ ၁၈၃၊ ၂၁၈၊၅၂ ၂၁။ သီ၊ဋ္ဌီ၊သစ်၊၁။၁၈၈။ မ၊ဋ္ဌီ၊ ၃။၅ ၂။ ဝိသုဒ္ဓိ၊ဋ္ဌီ၊ ၂။၄ ၂၉။) (၂) ဣဒါနိ ယံ ဣမိနာ ဝိစိကိစ္ဆာသမိသေန ဒိဋ္ဌာသဝံ ဒဿေတုံ အယံ ဒေသနာ အာရဒ္ဓါ။ မ၊ဋ္ဌ၊၁။၃၃။ မမ-သေနာပတိနာ သာရိပုတ္တတ္ထေရေန ဒေသနာ အာရဒ္ဓါ။ အံ၊ဋ္ဌ၊ ၂။၃၃။ (-ဣတိဝုတ်း ဋ္ဌ။ ၃၄၃။ နေတ္တိ၊ဋ္ဌ။၁၈၊၁၄၇။ ကခ်ါ၊ဋ္ဌီ။၁ ၂၇၊ ၁၆၅။ မ၊ဋ္ဌီ၊၁။ ၂၄၁၊၃၅၅။ မ၊ဋ္ဌီ၊ ၂။၁၃၃။ သံ၊ဋ္ဌီ၊ ၂။၄၄၆။ အံ၊ဋ္ဌီ၊ ၂။၃၉၆။ မူလဋ္ဌီ၊ ၂။၃၅၊ ၁၃၅။ ဝိသုဒ္ဓိ၊ဋ္ဌီ၊ ၂။ ၂၈၊၈၉၊၁၇၂။ နေတ္တိ၊ဋ္ဌီ။ ၄၂။) (က) အာရဒ္ဓံ ခေါ ပန မေ ဗြာဟ္မဏ ဝီရိယံ အဟောသိ အသလ္လီနံ။ ဝိ၊၁။၄။ မ၊၁။ ၂၂။ စတုရင်္သမန္ဒာဂတံ ဝီရိယံ (စတုရင်္ဂဝီရိယံ) အာရဒ္ဓံ အဟောသိ၊ ပဂ္ဂဟိတံ အသိထိလပ္ပဝတ္တိတန္တိ ဝုတ္တံ ဟော-တိ။ ဝိ၊ဋ္ဌ၊၁။၁၁၁။ မ၊ဋ္ဌ၊၁။၁ ၂၈။ (-အံ၊ဋ္ဌ၊ ၃။ ၂၀၅။) (က) (ခ) အာရဒ္ဓံ ဟောတိ ဝီရိ-ယံ အသလ္လီနံ။ မ၊၃။၁ ၂၈။ သံ၊ ၂။၃၄၀။ သံ၊၃။၆ ၂။ အဘိ၊ဝ။ ၂၃၆။ ပဋိသံ။၁၇၁။ ဣတိဝုတ်။ ၂၇၄-၅။ အာရဒ္ဓံ ဟောတိတိ ပရိ-ပုဏ္ဏံ ဟောတိ ပဂ္ဂဟိတံ။ အဘိ၊ဋ္ဌ၊ ၂။ ၂၉၈။ အာရဒ္ဓန္တိ ပဋ္ဌပိတံ။ ပဋိသံ၊ဋ္ဌ၊ ၂။၈၃။ ဝီရိယံ အာရဒ္ဓံ ဟောတိ၊ ပဂ္ဂဟိတံ အသိထိလပ္ပဝ-တ္တိတန္တိ ဝုတ္တံ ဟောတိ။ ဣတိဝုတ်၊ဋ္ဌ။၃၄၃။ အာရဒ္ဓ[၂]-လည်း ကြည့်။

အာရဒ္ဓ[2] (တိ) [အာ+ရာဓ+ဏ+တ] (က) ပြီးစေအပ်သော၊ ဆည်းပူးအပ်သော။ (ခ) ပြီးစေအပ်သော၊ ပြည့်စုံသော။ (ဂ) နှစ်သက်စေအပ်သော၊ နှစ်သက်သော။ (က)

http://www.dhammadownload.com

အာရဒ္ဓကမ္မဋ္ဌာန (တိ) [အာရဒ္ဓ + ကမ္မဋ္ဌာန] အား ထုတ်အပ်သော ကမ္မဋ္ဌာန်းရှိသော၊ ကမ္မဋ္ဌာန်းအား ထုတ်သော၊ သူ။ နနု အဿဂုတ္တတ္ထေရော အာရဒ္ဓကမ္မဋ္ဌာနဿ ဘိက္ခုနော "ကမ္မဋ္ဌာနကာရကော အယ" န္တိ ဇာနိတ္ဝာ။ ဝိသုဒ္ဓိ၊၁။၉၅။ (–ဝိသုဒ္ဓိ ဋီ၊၁။၁၅၀။)

အာရဒ္ဓကာလ (ပု) [အာရဒ္ဓ + ကာလ] အား ထုတ်ရာ အခါ။ သတ္ထာပိ ကိရ တံ အာရဒ္ဓကာလတော ပဋ္ဌာယ ပရိဘောဂံ အကာသိ။ သံ၊ဋ္ဌ၊၃။၂၃။ အာရဒ္ဓကာလတော ပဋ္ဌာယာတိ မဏ္ဍလမာဠဿ ကာတုံ ပထဝီမိတကာလတော ပဘုတိ။ သံ၊ဋီ၊၂။၂၉၈။ (–မ၊ဋ္ဌ၊၂။ ၁၅၅။ အံ၊ဋ္ဌ၊၁။၁၉၉။ ထေရ၊ဋ္ဌ၊၁။၂၂။)

အာရဒ္ဓစိတ္တ (တိ) [အာရဒ္ဓ+စိတ္တ] အားရှုစ်သက်စေအပ်သော – အားရှုစ်သက်သော – စိတ်ရှိသော၊ သူ။ စတုန္နံ မာသာနံ အစ္စယေန အာရဒ္ဓစိတ္တာ ဘိက္ခူ။ ပဗ္ဗာဇေန္တိ။ ဒီ၊၁။ ၁၆၅။ ဒီ၊၂။၁၂၆။ မ၊၂။၅၄၊၁၈၀။ သံ၊၁။ ၂၆၀။ သုတ္တနိ။၃၆၃။ အာရဒ္ဓစိတ္တာတိ အင်္ဂဝတ္တပူရဏေန တုဋ္ဌစိတ္တာ။ ဒီ၊ဋ္ဌ၊၁။၂၉၈။ မ၊ဋ္ဌ၊၃။၇၄။ သံ၊ဋ္ဌ၊၂။၃၅။ အာရဒ္ဓစိတ္တာတိ အဘိရူပဓိတစိတ္တာ။ သုတ္တနိ၊ဋ္ဌ၊၂။၁၅၉။ အာရဒ္ဓစိတ္တော (ဝိ၊ဋ္ဌ၊၁။၂၀၆)တိ အာရုဏိတစိတ္တော။ သာရတ္ထ၊၂။၅၃။ ဝိမတိ၊၁။၁၂၉။ (–မ၊၃။၁၂။ အံ၊ဋ္ဌ၊၂။၁၂။ ခုဒ္ဒကာဋ္ဌ။ ၆၆။ ဥဒါန၊ဋ္ဌ။၁၆၆။ ကခ်ီ၊ဋီ။၁၆၆။)

အာရဒ္ဓတရုဏဝိပဿန (တိ) [အာရဒ္ဓ+တရုဏ+ဝိပဿန] အားထုတ်အပ်သော နုသော ဝိပဿနာရှိသော။ အာရဒ္ဓတရုဏဝိပဿနဿ ရုဂါဒိပရိဿယာ စေ ဥပ္ပဇ္ဇေယျုံ။ ဥဒါန၊ဋ္ဌ။ ၂၁၃။ အံ၊ဋီ၊၃။၂၀၂။

အာရဒ္ဓတ္တ (န) [အာရဒ္ဓ+တ္တ] အားထုတ်အပ်သည်၏ အဖြစ်။ အာရဒ္ဓတ္တာယေဝ စ မေ တံ အသလ္လိနံ အဟောသိ။ ဝိ၊ဋ္ဌ၊၁။ဒ၁၁။ မ၊ဋ္ဌ၊၁။၁၂၀။ (–မ၊ဋ္ဌ၊၄။၂၅၂။

သဂ္ဂါ တေ အာရဒ္ဓါ(ဝိ၊၃။၃၁၈)တိ သဂ္ဂနိမ္မတ္တကံ ပုညံ ဥပစိတန္တိ အတ္ထော။ ဝိ၊ဋ္ဌ၊၃။ ၃၇၆။ သဂ္ဂါ တေ အာရဒ္ဓါတိ တယာ ဒေဝလောကာ အာရာဓိတာ။ ဝိမတိ၊၂။၁၈၇။ (ခ) သတိသမ္မောဇ္ဈင်္ဂါ တသ္မိံ သမယေ ဘိက္ခုနော အာရဒ္ဓါ ဟောတိ။ မ၊၃။၁၂၉။ သံ၊၃။၆၂။ ၂၉၄။ အာရဒ္ဓါ ဟောတီတိ ပရိပုဏ္ဏော ဟောတိ။ သံ၊ဋ္ဌ၊၃။၁၈၁။ အာရဒ္ဓါ ဟောတီတိ သမ္ပာဒိတော ဟောတိ၊ တံ ပန သမ္ပာဒနံ ပါရိပူရိ ဧဝါတိ အာဟ ပရိပုဏ္ဏော ဟောတီတိ။ သံ၊ဋီ၊၂။၄၂၀။ အာရဒ္ဓ(အံ၊၁။၄၇)န္တိ ပရိပုဏ္ဏံ။ အံ၊ဋ္ဌ၊၁။၄၁၆။ အာရဒ္ဓန္တိ သာဓိတံ နိပ္ဖါဒိတံ။ တဉ္စ ပရိပုဏ္ဏံ နာမ ဟောတီတိ အာဟ အာရဒ္ဓန္တိ ပရိပုဏ္ဏန္တိ။ အံ၊ဋီ၊၁။၂၀၈။ (–သံ၊၃။၁၉၊၇၄၊၂၅၇။ သံ၊ဋ္ဌ၊၃။၂၉၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၉၇။) (၈) အာရဒ္ဓါသို ဘိက္ခဝေ ဣမာယ ပဋိပဒါယ။ မ၊၃။၁၂၂။ အာရဒ္ဓါတိ တုဋ္ဌော။ မ၊ဋ္ဌ၊၄။ ၉၃။ အာရဒ္ဓါ ယဿာနုသိဋ္ဌံ ပဋိပတ္တိယာ အာဆာမိတော။ မ၊ဋီ၊၃။၃၁၁။ (ခ) (၈) အယဉ္စေဝ လောကော အာရဒ္ဓါ ဟောတိ-(ဒီ၊၃။၁၄၇)တိ ဝေရူပဿ .... အာရဒ္ဓါ ဟောတိ ပရိဘောသိတော စေဝ နိပ္ဖါဒိတော စ။ ဒီ၊ဋ္ဌ၊၃။၁၂၆။ အာရဒ္ဓါ ဟောတီတိ သံသာဓိတော ဟောတိ၊ တယိဒံ သံသာဓနံ ကိတ္တိသဒ္ဒေန ဣဓ သတ္တာနံ စိတ္တတောသနေန, ဝေရဘာဝပါဒနေန စ ဟောတီတိ အာဟ ပရိတောသိတော စေဝ နိပ္ဖါဒိတော စာတိ။ ဒီ၊ဋီ၊၃။၁၂၉။

အာရဒ္ဓ၇ (ကြိ၊ဝိ) [အာ+ရဘ+တ္ဝာ] အား ထုတ်၍။ အာရဒ္ဓါ-ကြည့်။

အာရဒ္ဓကထာ (ထီ) [အာရဒ္ဓ+ကထာ] အား ထုတ်အပ်သော စကား။ ကထာပတိဋ္ဌာပန-တ္ထန္တိ "ကေန္တသုခပဋိသံဝေဒီ"တိ ဧဝံ အာ-ရဒ္ဓကထာယ ပတိဋ္ဌာပနတ္ထံ။ မ၊ဋီ၊၂။၄၉။

http://www.dhammadownload.com

အံ၊ဌ၊၂။၁၃၀။ ဣတိဝုတ်၊ဌ။၃၄၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၃။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၄။)

အာရဒ္ဓဒိဝသ (ပု) [အာရဒ္ဓ+ဒိဝသ] အားထုတ်ရာ နေ့။ ဣဒံ ဝိနယံ ဝါစေတုံ အာရဒ္ဓဒိဝသံ သန္ဓာယ ဝုတ္တံ။ ဝိမတိ၊၁။၃၇။ (–သံ၊ဋီ၊၁။၂၆၅။)

အာရဒ္ဓပရိယောသာန (နဲ) [အာရဒ္ဓ+ပရိယောသာန] အားထုတ်အပ်သော ကိစ္စ၏ ပြီးဆုံးခြင်း။ ပစ္စနီကသမုဂ္ဃါတေန ဟိ အာရဒ္ဓပရိယောသာနံ ပညာယတိ။ ပဋိသံ၊ဌ၊၂။၈၂။

အာရဒ္ဓပ္ပကာရဒဿနတ္ထ (ပု) [အာရဒ္ဓ+ပကာရ + ဒဿန + အတ္ထ] အား ထုတ် အပ် သော ပုဗ္ဗေနိဝါသ၏ အပြားကို ပြခြင်းအနက်။ သေယျထိဒန္တိ အာရဒ္ဓပ္ပကာရဒဿနတ္ထေ နိပါတော။ ဝိ၊ဌ၊၁။၁၂၈။ ပဋိသံ၊ဌ၊၁။၃၂၅။ အာရဒ္ဓပ္ပကာရဒဿနတ္ထေတိ အနုဿရိတုံ အာရဒ္ဓဿ ပုဗ္ဗေနိဝါသဿ ပဘေဒဒဿနတ္ထေ။ သာရတ္ထ၊၁။၃၉၀။ (–ဝိမတိ၊၁။၈၀။)

အာရဒ္ဓဗလဝီရိယ (တိ) [အာရဒ္ဓ+ဗလ+ဝီရိယ] အားထုတ်အပ်သော ဗိုလ်, ဝီရိယ ရှိသော၊သူ။ သတိမာ ပညဝါ ဘိက္ခု၊ အာရဒ္ဓဗလဝီရိယော။ ထေရ။၂၅၃။ သဒ္ဓါဒိဗလာနဉ္ဇေဝ စတုဗ္ဗိဓသမ္မပ္ပဓာနဝီရိယဿ စ သံသိဒ္ဓိပါရိပူရိယာ အာရဒ္ဓဗလဝီရိယော။ ထေရ၊ဌ၊၁။၃၇၁။

အာရဒ္ဓဗ္ဗ (တိ) [အာ+ရဘ+တဗ္ဗ] အားထုတ်အပ်သော။ ဝိပဿနာ ပဌမံ အာရဒ္ဓဗ္ဗာတိ။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၈၆။

အာရဒ္ဓဘာဝနာ (တိ) [အာရဒ္ဓါ + ဘာဝနာ] အားထုတ်အပ်သော ကမ္မဋ္ဌာန်းပွါးများမှု ရှိသော။ အရဟတ္တံ ပါပုဏိတုံ အာရဒ္ဓဘာဝနဿ ကာယပရိဋ္ဌာဟာဒိနံ ဥပ္ပတ္တိံ ဝါရေတွာ ကမ္မဋ္ဌာနဘာဝနာ ပဝတ္တာ။ သံ၊ဌ၊၃။၂၄၀။

အာရဒ္ဓဘိက္ခု (ပု) [အာရဒ္ဓ+ဘိက္ခု] အားထုတ်သောရဟန်း။ ဃနသဏ္ဌာယံ ကာတုံ အာရဒ္ဓဘိက္ခူ ဝိယ စ အတ္တနော အာစရိယံ ပုဏ္ဏတ္ထေရံ ဘဂဝတော အာရောစေန္တာ။ မ၊ဌ၊၂။၄၄။

အာရဒ္ဓယည (ပု) [အာရဒ္ဓ+ယည] အားထုတ်အပ်သော – ပြုလုပ်အပ်သော – ယဇ်ပူဇော်ခြင်း။ တေဟိ ဘိက္ခူဟိ ရညော အာရဒ္ဓယညော တထာဂတဿ အာရောစိတော။ သံ၊ဌ၊၁။၁၃၀။

အာရဒ္ဓလယာနုရူပ (တိ) [အာရဒ္ဓ + လယ + အနုရူပ] အားထုတ်အပ်–ဖြစ်စေအပ်–သော ဂီတသံအားလျော်သော။ တာဋ္ဌိတာနန္တိ အာရဒ္ဓလယာနုရူပံ ပဟဋ္ဌာနံ။ သံ၊ဋီ၊၁။၃၀၃။

အာရဒ္ဓဝစန (နဲ) [အာရဒ္ဓ+ဝစန] အာရဒ္ဓ-သဒ္ဒါ။ အာရဒ္ဓံ ဟောတိ ဝီရိယံ အသလ္လီနန္တိ အယံ ပန အာရဒ္ဓဝစနဿ ဥဇုကတ္ထောယေဝ။ ပဋိသံ၊ဌ၊၂။၈၃။

အာရဒ္ဓဝဏ္ဏ (ပု) [အာရဒ္ဓ+ဝဏ္ဏ] အားထုတ်အပ်သော ဂုဏ်ကျေးဇူး။ ဘိက္ခုသံဃေန အစ္ဆရိယံ အာဝုသောတိ အာဒိနာ နယေန အာရဒ္ဓဝဏ္ဏော စ။ ဒီ၊ဌ၊၁။၅၅။

အာရဒ္ဓဝိပဿက (တိ) [အာရဒ္ဓ+ဝိပဿက]အားထုတ်အပ်သော ဝိပဿနာရှိသော၊ ဝိပဿနာကို အားထုတ်သော။ ဣမဉ္ဉိ ဧဝရူပံ အာရဒ္ဓဝိပဿကံ ကာယေ စ ဇီဝိတေ စ အနပေက္ခံ ပုဂ္ဂလံ ရက္ခန္တော။ ဝိ၊ဌ၊၁။၂၂၆။ အပ္ပမတ္တော ဘိက္ခု အာရဒ္ဓဝိပဿကော။ ဝိ၊ဌ၊၁။၂၄၃။ အာရဒ္ဓဝိပဿကောပိ (ဒီ၊ဌ၊၂။၉၅)တိ သမ္ပရာယိကဝိပဿကောပိ။ ဒီ၊ဋီ၊၂။၁၀၉။ အာရဒ္ဓဝိပဿကေဟိ (ဒီ၊ဌ၊၂။၁၈၁)တိ သမာဓိကမ္မိကဝိပဿကေဟိ၊ သိခါပတ္တဝိပဿကေ သန္ဓာယ ဝုတ္တံ၊ နဲ ပဌပိတဝိပဿနေ။ ဒီ၊ဋီ၊၂။၁၈၃။ အာရဒ္ဓဝိပဿကဿာ(မ၊ဌ၊၄။၉၇)တိ

http://www.dhammadownload.com

သောသူ။ အာရဒ္ဓဝီရိယော ဟောတိ။ ဝိ၊ဂု။ ၉၁။ ဒီ၊ဂု။၂၀၈။ မ၊ဂု။၇၃။ အံ၊၁။၃၀၈။ အံ၊၂။၃၄၂။ အာရဒ္ဓံ ဝီရိယံ တေဿာတိ အာရဒ္ဓဝီရိယော။ သာရတ္ထ၊ဂု။၂၄၀။ အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ။ ဒီ၊ဂု။၁၉၈၊၂၂၃။ မ၊၂။၁၉၂။ သံ၊ဂု။၁၁၇။ အံ၊၁။၃၀၄။ အံ၊၂။၂၀၈-၇။ အံ၊၂။၂။ ၅၈။ အံ၊၃။၂၇၆၊၅၃၉။ ဥဒါန။၁၁၉။ အာရဒ္ဓဝီရိယောတိ ပဂ္ဂဟိတဝီရိယော အနောသက္ကိတမာနသော။ မ၊၌၊ဂု။၂၁။ အံ၊၌၊ဂု။၂။ အာရဒ္ဓဝီရိယောတိ ပဂ္ဂဟိတဝီရိယော။ ဥဒါန၊၌။၂၁၂။ အာရဒ္ဓဝီရိယော ပရမတ္ထပဘိယော။ သုတ္တနိ။၂၀၉။ အပ၊၁။၁၄။ စူဠနိ။၂၉၆။ အာရဒ္ဓံ ဝီရိယမဿာတိ အာရဒ္ဓဝီရိယော။ သုတ္တနိ၊၌၊၁။၁၁၀။ အပ၊၌၊၁။၂၁၆။ စူဠနိ၊၌။၁၃၄။ အာရဒ္ဓဝီရိယော ပုဂ္ဂလော အပ္ပရဇက္ခော။ ပဋိသံ။၁၁၆။ အာရဒ္ဓံ ဝီရိယမနေနာတိ အာရဒ္ဓဝီရိယော။ ပဋိသံ၊၌၊၂။၂။ အာရဒ္ဓဝီရိယော (နေတ္တိ။၁၆၀)တိ ယဿ ကာယိကံ စေတသိကဉ္စ ဝီရိယံ အာရဒ္ဓံ ဟောတိ၊ သော အာရဒ္ဓဝီရိယောတိ ဝုစ္စတိ။ နေတ္တိ၊၌။၂၆၃။အာရဒ္ဓဝီရိယော(မ၊၁။၁၉၃)-တိ ပဂ္ဂဟိတဝီရိယော၊ ပရိပုဏ္ဏကာယိကစေတသိကဝီရိယောတိ အတ္ထော။ မ၊၌၊၂။၅၃။ အာရဒ္ဓဝီရိယသာ(အံ၊၁။၄)တိ ပရိပုဏ္ဏဝီရိယသ စေဝ ပဂ္ဂဟိတဝီရိယသ စ။ အံ၊၌၊၁။ ၃၀။ အာရဒ္ဓံ သံသာဓိတံ ပရိပူရိတံ ဝီရိယံ ဇောသာတိ အာရဒ္ဓဝီရိယော၊ နိပ္ပန္နဝီရိယော။ အာရဒ္ဓံ ပဒ္ဓပိတံ ဝီရိယံ ဇောသာတိ အာရဒ္ဓဝီရိယော။ အံ၊ဒီ၊၁။၀၀။ အာရဒ္ဓဝီရိယော— ဒီ၊ဂု။၀၀။ သံ၊၁။၅၁၂။ အံ၊၁။၂၀၆-၇။ ဣတိဝုတ်။ ၂၂၃။ သုတ္တနိ။၃၃၀။ ထေရ။၂၇၇။ အပ၊၁။ ၃၅၊၇၁။ ဇာ၊၁။၉၆။ မဟာနိ။၁၇၃။ ဒီ၊ဌ၊ ၃။၇၆။ သံ၊ဌ၊၁။၁၁၃။ သံ၊ဌ၊၂။၄၇၊၂၁၅။ အံ၊ဌ၊၁။၃၇၅။ အံ၊ဌ၊၃။၁၁၆။ အဘိ၊ဌ၊၁။

အာရဒ္ဓဝိပဿနာသဲ့၊ ဝိပဿနံ ဝဓေ့တွာ ဥဿုက္ကာပေတွာ ဝိပဿိသဿ။ မ၊ဋီ၊၃။၃၁၁။ (–ဝိ၊ဋ၊၂။၉၄။ ကခ်ဳံ။၁၂၅။ ဒီ၊ဋ၊၁။၁၁၆။ ဒီ၊ဋ၊၂။၃၇၅။ မ၊ဋ၊၁။ ၂၉၃။ မ၊ဋ၊၃။၁၁၉။ မ၊ဋ၊၄။ ၂၂၄။ သံ၊ဋ၊၁။ ၂၅၀။ သံ၊ဋ၊၂။၉၁၇။ သံ၊ဋ၊၃။၉၆။ အံ၊ဋ၊၁။၃၀၂။ အံ၊ဋ၊၂။ ၃၃၊၃၉၃။ အံ၊ဋ၊၃။၁၀၈။ ပဋိသံ၊ဋ၊၁။ ၁၇၅၊ ၂၄၄။ ပဋိသံ၊ဋ၊၂။ ၂၀၊၃၁၅။ ဝိသုဒ္ဓိ၊၂။ ၂၆၉။ ဣတိဝုတ်၊ဋ၊၁။ ၁၂၄။ ဝိမာန၊ဋ၊ ၂၂၅။ နေတ္တိ၊ဋ၊၁၁၅။ သာရတ္ထ၊၂။၀၉၊ ၂၀၂။ ကခ်ဳံ၊ဋီ၊ ၂၂၁။ ဒီ၊ဋီ၊ ၂။ ၃၂၄။ မ၊ဋီ၊၁။၃၀၀။ မ၊ဋီ၊ ၂။၁၇၂၊ ၂၆၉။ မ၊ဋီ၊၃။၁၁၆၊၄၁၀။ သံ၊ဋီ၊ ၂။၉၄၊၃၅၄။ အံ၊ဋီ၊ ၂။၆၄။ အံ၊ဋီ၊၃။၇၃။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၄၂၊၄၄၁။ နေတ္တိ၊ဝိ။၁၀၃၊၁၉၂။)

အာရဒ္ဓဝိပဿနာ (ထီ) [အာရဒ္ဓါ+ဝိပဿနာ]၊ (၁) အား‌ထုတ်အပ်သော ဝိပဿနာတရား။ (တိ) (၂) အား‌ထုတ်အပ်သော ဝိပဿနာရှိသော၊ ဝိပဿနာတရား အား‌ထုတ်သော၊သူ။ (၁) အဋ္ဌ အာရမ္မဏေ အာရဒ္ဓဝိပဿနာ ဒုတိယာ ဒဿနသမာပတ္တိ။ ဒီ၊ဋ္ဌ၊၃။၇၂။ (–ထေရ၊ဋ္ဌ၊၁။၅၀။) (တိ) (၂) အာရဒ္ဓဝိပဿနဿ ဟိ ယထာဝုတ္တဝိပဿနာယ....ပဟာနဋ္ဌော ဇာတ္တာတိ။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၁။ (–မ၊ဋီ၊ ၂။၁၀၁။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၄၂၇။)

အာရဒ္ဓဝိပါက (တိ) [အာရဒ္ဓ+ဝိပါက] အား‌ထုတ်အပ်သော–ဖြစ်စေအပ်သော–အကျိုး–ဝိပါက် – ရှိသော။ ပစ္စယန္တရသမဝါယေ ဝိပါကုပ္ပါဒနသမတ္ထံ, န အာရဒ္ဓဝိပါကမေဝ။ မ၊ဋီ၊၃။ ၂၁၄။ အံ၊ဋီ၊၃။ ၂၀၆။ (–ဝိသုဒ္ဓိ၊ဋီ၊ ၂။၃၇၇။)

အာရဒ္ဓဝိရိယ (တိ) [အာရဒ္ဓ+ဝိရိယ] အား‌ထုတ်အပ်သော လုံ့လဝီရိယရှိသော၊ အား‌ထုတ်အပ်–ချီးမြှောက်အပ်–ဖြစ်စေအပ်–ပြီးပြည့်စုံ–သော (ကိုယ်, စိတ်၌ ဖြစ်သော) ဝီရိယရှိ

http://www.dhammadownload.com

၃၁။ ဝိသုဒ္ဓိ၊ဝ။၃။ ဥဒါန၊၌။၂၀၃။ ဣတိဝုတ်၊ ၌။၃၃၄။ ထေရာ၌၊၂။၅၁။ အပ၊၌၊ဝ။၂၆ဂ။ နေတ္တိ၊၌။၃၆။ သီ၊ဠီ၊သစ်၊ဝ။ဝ၄ဂ။ ဒီ၊ဋီ၊၂။ ၃၃ဝ။ ဒီ၊ဋီ၊၃။၃၆။ နေတ္တိ၊ဋီ။၅၄။ ဝိသုဒ္ဓိ၊ ဋီ၊ဝ။ဝ၂။ **အာဂန္ဓဝီရိယာ**—ဝိ၊၃။၂၆ဂ။ ဒီ၊ ၂။၆၆။ မ၊ဝ။၂၄၊၅၂။ မ၊၃။၅၁၊၃၃။ သံ၊ ဝ။၄ဝ၆။ အံ၊၂။၃၃၊၄ဝ၄။ ထေရ။၂၅၂၊ ၃၄၃။ အပ၊ဝ။၇။ ဒီ၊၌၊၂။ဝ၂ဝ။ မ၊၌။ဝ၆၃။ မ၊၌။၅၁၊ဝ၃။ သံ၊ဋီ၊၂။ဝဂ။ **အာဂန္ဓဝီရိယာ**—ဝိ၊၃။၂၆ဂ။ ဒီ၊ ဋီ၊ဝ။ဝ၂။ ဝိသုဒ္ဓိ၊ဋီ၊ဝ။ဂဂ။)

အာဂန္ဓဝီရိယပုဂ္ဂလသေဝနာ (ထီ) [အာဂန္ဓဝီရိ-ယ+ပုဂ္ဂလ+သေဝနာ] အားထုတ်အပ်သော လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်ကို–မှီဝဲ–ဆည်းကပ်–ခြင်း။ **အာဂန္ဓဝီရိယပုဂ္ဂလသေဝနာ**။ သီ၊ဋီ၊သစ်၊ဝ။၂၇ဂ။ **အာဂန္ဓဝီရိယာနံ** ဒဋ္ဌပရ-က္ကမာနံ ကာလေနကာလံ ဥပသင်္ကမနာ **အာ-ဂန္ဓဝီရိယပုဂ္ဂလသေဝနာ**။ ဒီ၊ဋီ၊၂။၃၃ဂ။ မ၊ ဋီ၊ဝ။ဂဂ၇။ သံ၊ဋီ၊၂။၄၃ဖ-၇။ အံ၊ဋီ၊ဝ။၂၅၀။ **အာဂန္ဓဝီရိယပုဂ္ဂလသေဝနတာ**။ဒီ၊ဋ၊၂။၃၇၀။ မ၊ဋ္ဌ၊ဝ။၂၆၇။ သံ၊ဋ္ဌ၊၃။၆၅။ အံ၊ဋ္ဌ၊ဝ။၃၆၂။ အဘိ၊ဋ္ဌ၊၂။၂၆ဖ။ ဝိသုဒ္ဓိ၊ဝ။ဝ၂၆။ ဝိသုဒ္ဓိ၊ ဋီ၊ဝ။၅၅။

အာဂန္ဓဝီရိယသုတ္တ (န) [အာဂန္ဓဝီရိယ+သုတ္တ] အာဂန္ဓဝီရိယသုတ်။ သံယုတ္တနိကာယ၊ သဋ္ဌာ-ယတနဝဂ္ဂသံယုတ္တပါဠိ။ ၃-သံယုတ်၊ ၂-ဝဂ်၊ ဂ-သုတ်။ သံ၊၂။၄၄၂။

အာဂန္ဓသုနခ (ပု) [အာဂန္ဓ+သုနခ] အားထုတ်သော–လုံ့လပြုသော–ခွေး။ ဩဒနသိတ္ထ-ဋ္ဌာနေ ကာကော ဝိယ ဒမိ° ပါတုံ အာဂန္ဓ-သုနခေါ ဝိယ စ ယသမေဝ ပဿတိ။ ဇာဋ္ဌ၊ ဖ။၁၉၇။

အာဂန္ဓိ (ဗျ) [အာ+ရဘ+တ္ဝာ] အားထုတ်၍။ အာဂန္ဓိ(အာဂန္ဓ၊သီ။က။ နိတိ၊သုတ္တ။ ၁၂ဝ၅) အာရဘိတ္ဝာ။ ကစ္စည်း။၆ဝဝ။ ရူ၊ နှာ-၃၉၆။

အာဂန္ဓုပ္ပါဒဘာဝ (ပု) [အာဂန္ဓ+ဥပ္ပါဒ+ဘာဝ] အားထုတ်အပ်သော– ဥပ္ပါဒ–ဖြစ်ခြင်း– ရှိသည်၏ အဖြစ်။ အတိတာနံ ဟိ ဥပ္ပန္နပုဗ္ဗတ္တာ ဥပ္ပါဒိဓမ္မာနဉ္စ ပစ္စယေကဒေသသိဒ္ဓိယာ **အာဂန္ဓုပ္ပါဒဘာဝတော** (**အာဂန္ဓုပ္ပါဒိဘာဝ-တော**။ မ၊ဋီ၊ဝ။၆ဝ။ **အာဂန္ဓုပ္ပါဒဘာဝါ**။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၆၄။) ကာလဝိနိမုတ္တာသ စ ဝိဇ္ဇ-

အာဂန္ဓဝီရိယတာ (ထီ) [အာဂန္ဓဝီရိယ+တာ] အားထုတ်အပ်သော လုံ့လရှိသည်၏ အဖြစ်။ **အာဂန္ဓဝီရိယတံ** အတ္တာနံ သမ္မာသမာနေ၊။ မ၊ ၁။၂၄။ တထာ **အာဂန္ဓဝီရိယတာယာ**(ဝိသုဒ္ဓိ၊ ၁။ဂဂ၄)တိ ယထာ ဥပစာရဇ္ဈာနံ ဥပ္ပဇ္ဇတိ၊ တထာ ကမ္မဋ္ဌာနမနသိကာရဝသေန ပဂ္ဂဟိ-တဝီရိယဿ။ ဝိသုဒ္ဓိ၊ဋီ၊ဝ။၂၁၁။ (–ဒီ၊ဋ္ဌ၊၂။

http://www.dhammadownload.com

မာနတ္တာ ဥပ္ပန္နာနုကူလတာ။ အံ၊ဋ္ဌီ၊၁။၁၀၁။ အနုဋ္ဌီ၊၁။၂၉။

အာရနာလ(ဋ) (နာ) [အာရ+နာလ] ပုံးရည်၊ ပအုံးရည်၊ ဆန်ပုံးရည်။ ကဉ္ဇိတော နိဗ္ဗတ္တံ ကဉ္ဇိယံ၊ အာရနာလံ။ မ၊ဋ္ဌီ၊၂။၄၃။ အံ၊ဋ္ဌီ၊၂။၁။ ကဉ္ဇိယေန ဝါတိ အာရနာဋ္ဌေန။ မ၊ဋ္ဌီ၊၃။၁၀၁။ အာရနာဋ္ဌံ ထုသောဒကံ။ ဓာန်။၄၆၀။ အာရုနံ ဘူမျက္ကဇာနံ ဝါရေသု ဂဟိတေန နာရေန ဇလေန ဇာတံ အာရနာဋ္ဌံ။ ဓာန်၊ဋ္ဌီ။၄၆၀။ (–သံ၊ဋ္ဌီ၊၁။၁၉၂၊၂၅၇။ အံ၊ဋ္ဌီ၊၃။၂၈၇။)

အာရဗ္ဘ[၁] (ကြိ၊ဝိ) [အာ+ရဘ+တ္ဘာ] (က) အားထုတ်၍၊ လုံ့လပြု၍၊ ဖြစ်စေ၍။ (ခ) စွဲ၍၊ ရည်ရွယ်၍၊ ရောက်၍၊ အာရုံပြု၍။ (က) နယိဒံ သိထိလမာရဗ္ဘ။ သံ၊၁။၄၆၆။ ထေရ။၃၆၃။ သိထိလမာရဗ္ဘာတိ သိထိလဝီရိယံ ပဝတ္တေတ္ဘာ။ သံ၊ဋ္ဌ၊၂။၂၁၆။ သိထိလမာရဗ္ဘာတိ သိထိလံ ဝီရိယာရမ္ဘံ ကတ္ဘာတိ အတ္ထောတိ အာဟ သိထိလံ ဝီရိယံ ပဝတ္တေတ္ဘာတိ။ သံ၊ဋ္ဌီ၊၂။၁၉၆။ သိထိလမာရဗ္ဘာတိ သိထိလံ ကတ္ဘာ ဝီရိယံ အကတ္ဘာ။ ထေရ၊ဋ္ဌ၊၂။၄၉၁။ (ခ) အတီတံ အဒ္ဓါနံ အာရဗ္ဘာ-(မဟာနိ။၁၆၃)တိ အတီတကာလံ ပဋ္ဌိစ္စ တဏ္ဍာ ပဟီနာ။ မဟာနိ၊ဋ္ဌ။၂၇၈။ ပုဗ္ဗန္တာနုဒိဋ္ဌိနော ပုဗ္ဗန္တံ အာရဗ္ဘ....အဘိဝဒန္တိ။ ဒီ၊၁။၁၂။ တံ ပုဗ္ဗန္တံ အာရဗ္ဘ အာဂမ္မ ပဋ္ဌိစ္စ။ ဒီ၊ဋ္ဌ၊၁။၉၆။ အာရဗ္ဘာတိ အာလမ္ဗိတ္ဘာ။ ဒီ၊ဋ္ဌီ၊၁။၁၄၁။ သီ၊ဋ္ဌီ၊သစ်၊၁။၃၉၂။ အတီတံ ဝါ အဒ္ဓါနံ အာရဗ္ဘ။ ဒီ၊၃။၁၈၂။ အာရဗ္ဘာတိ အာဂမ္မ။ ဒီ၊ဋ္ဌ၊၃။၁၇၄။ အာဂမ္မာတိ ပတ္ဘာ။ ဒီ၊ဋ္ဌီ၊၃။၁၉၆။ မမေဝါရဗ္ဘ သမဏော ဂေါတမော ဓမ္မံ ဒေသေတိ။ မ၊၁။၃၁၆။ အာရဗ္ဘာတိ သန္ဓာယ။ မ၊ဋ္ဌ၊၂။၁၉၃။ အရိယမဂ္ဂံ အာရဗ္ဘာ(အဘိ၊ဓ။၂၁၂)တိ လောကုတ္တရမဂ္ဂံ အာရမ္မဏံ ကတ္ဘာ။ အဘိ၊ဋ္ဌ၊၁။၃၉၂။ (–ဒီ၊၂။၁၂၉၊၁၆၆။ ဒီ၊၃။၆၊၁၁၀။ သံ၊၁။၁၆၁။ သံ၊၂။၅၁၁။ အဘိ၊ဓ။၂၅၇။ အဘိ၊ဝိ။၃၈၂။ ပဋိသံ။၁၁၄။ ပေတ။၁၂၈။ ဒီ၊ဋ္ဌ၊၂။၁၈၇။ သံ၊ဋ္ဌ၊၁။၂၀၆။ အဘိ၊ဋ္ဌ၊၁။၄၂၂။ အဘိ၊ဋ္ဌ၊၂။၁၈၊၃၉၅၊၄၇၈။ ပဋိသံ၊ဋ္ဌ၊၁။၃၄၂။ ဝိသုဒ္ဓိ၊၂။၇၀၊၂၃၄။ ပေတ၊ဋ္ဌ။၁၆။ ကခ်၊ဋ္ဌီ။၂၄၁၊၃၁၀။ ဒီ၊ဋ္ဌီ၊၃။၉၄။ အနုဋ္ဌီ၊၂။၁၀၀။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၂၁၈။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၈၀၊၃၇၃။)

အာရဗ္ဘ[၂] (ပု) [အာ+ရဘ+ဏ္ဍ] အားထုတ်ခြင်း။ အာရဗ္ဘဓာတု-ကြည့်။

အာရဗ္ဘ[၃] (ပု) [ယာဒိစ္ဆကနာမ်] အာရဗ္ဘအမည်ရှိသောသူ။ စေလာဝကာ အာရဗ္ဘာ စ။ အပ၊၁။၄၂၁။

အာရဗ္ဘတေ (ကမ္မ၊ကြိ) [အာ + ရဘ+ ယ + တေ] အားထုတ်အပ်၏။ အတ္ထဝဏ္ဏနာ အာရဗ္ဘတေ။ ခုဒ္ဒက၊ဋ္ဌ။၁၃၉။

အာရဗ္ဘဓာတု (ထီ) [အာရဗ္ဘ + ဓာတု] အားထုတ်ခြင်းဟု ဆိုအပ်သော ဓာတ်သဘော၊ အားထုတ်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သောလုံ့လ။ အာရဗ္ဘဓာတုယာ သတိ အာရဗ္ဘဝန္တော သတ္တာ ပညာယန္တိ။ အံ၊၂။၂၉၇။ အာရဗ္ဘဓာတူတိ အာရဘနဝသေန ပဝတ္တဝီရိယံ။ အံ၊ဋ္ဌ၊၃။၁၀၈။ အာရမ္ဘဓာတု-လည်းကြည့်။

အာရဗ္ဘ(မ္ဘ)ပညတ္တိ (ထီ) [အာရဗ္ဘ + ပညတ္တိ] အားထုတ်မှုကို အပြားအားဖြင့် သိစေတတ်သောပညတ်။ အာရဗ္ဘပညတ္တိ ဝီရိယိန္ဒြိယဿ။ နေတ္တိ။၅၁။ ဝီရိယိန္ဒြိယဿ အာရမ္ဘဿ စ ပညာပနတော အာရမ္ဘပညတ္တိ နာမ။ နေတ္တိ၊ ဝိ။၁၉၀။

အာရဗ္ဘမာန (တိ) [အာ + ရဘ + ယ +မာန] အားထုတ်သော၊ သူ။ သတိသမ္မောဇ္ဈင်္ဂံ ခေါ အာဝုသော ဘိက္ခု အာရဗ္ဘမာနော ပဇာနာတိ။ သံ၊၃။၆၉။ အာရဗ္ဘမာနောဝါတိ ကုရုမာနောယေဝ။ သံ၊ဋ္ဌ၊၃။၁၈၅။

http://www.dhammadownload.com

ဌ။၁။၁၄၊၁၁၃။ ပဋိသံဒ္ဓ၊၂။၂၇၆။ ဓမ္မ၊၌၊၂။ ၁၉၅၊၄၃၉။ ဣတိဝုတ်၊ဌ။၁၄၂။ သုတ္တန်၊ဌ၊ ၂။၃၀၃။ စူဠဋ္ဌနိ၊ဌ။၉။ အာရဘိံ—ကခ်ဴ။ ၃၅၆။ အဘိ၊ဌ၊၂။၅၀၇။ အာရဘိံ သု—ဒီ၊ ၂။၂၁၈။ ဝိ၊ဌ၊၁။၆၅၊၂၆၆။ အံ၊ဌ၊၃။၂၀၈။ ထေရ၊ဌ၊၁။၄၉။ ဇာ၊ဌ၊၁။၁၃၅၊၃၄၄။ ဇာ၊ ဌ၊၄၃၉။ ဇာ၊ဌ၊၅။၁၄၂။ အာရဘိဿတိ— မ၊၁။၃၀။ အံ၊ ၂။၉၅။ အာရဘိဿန္တံ—အံ၊ ၂။ ၉၅။ အာရဘိဿာမိ—ဝိသုဒ္ဓိ၊၁။၁၅၄။ အာ-ရဘိဿံ—မဟာန်၊ဌ။ ၂။ သမာရဘိဿံ—ဝိ၊ဌ၊ ၁။ ၂။(၂)အာရဘတိ နဝိပ္ပဋိသာရီ ဟောတိ- (အံ၊ ၂။၁၄၆)တိ အာပတ္တိံ အာပဇ္ဇတိ၊ ဝုဋ္ဌိ-တတ္ထာ ပန နဝိပ္ပဋိသာရီ ဟောတိ။ အံ၊ဌ၊ ၃။၅၁။ အာရဘတိ နဝိပ္ပဋိသာရီ ဟောတိ- (အဘိ၊ပု။၁၇၃)တိ အာပတ္တိံ အာပဇ္ဇတိ၊ တံ ပန....နဝိပ္ပဋိသာရီ ဟောတိ။ အဘိ၊ဌ၊ ၃။၉၇။ အာရမ္ဘ, အာရမ္ဘတိ·တိုလည်း ကြည့်။ (၃) သမဏံ ဂေါတမံ ဥဒ္ဒိဿ ပါဏံ အာရ-ဘန္တိ။ မ၊၂။၃၂။ အာရဘန္တိတိ ဃာတေန္တိ။ မ၊ဌ၊၃။၃၂။ (–အဘိ၊ဌ၊၁။၁၉၀။ ပဋိသံ၊ဌ၊ ၁။၄၁။ မဟာန်၊ဌ။၃၆၀။ အံ၊ဍိ၊၃။၄၀။ နိတိ၊ ဓ၁။၁၂၀။ အခ္ခါစာမူတိုဋ္ဌ အာရမ္ဘန္တိ-ဟု ရှိကြ၏။) အာရဘထ—မ၊ ၂။၃၄။

အာရဘန (န)[အာ+ရဘ+ယု]အား‌ထုတ်ခြင်း။ အာရမ္ဘဓာတု·ကြည့်။

အာရဘနက (န) [အာရဘန+က] အား‌ထုတ်ခြင်း။ ဝိရိယဉ္စိ အာရဘနကဝသေန အာရ-မ္ဘော‌တိ ဝုစ္စတိ။ ပဋိသံ၊ဌ၊၁။၄၂။

အာရဘနကာလ (ပု)[အာရဘန+ကာလ]အား‌ထုတ်ရာ အခါ။ ပုန ဝိပဿနာယ ကမ္မံ အာရ-ဘနကာလော။ အံ၊ဌ၊၃။၂၇၇။

အာရဘန္တ (တိ)[အာ+ရဘ+အ+အန္တ] အား‌ထုတ်သော၊ သူ။ ဝိရိယ'မာရဘတော ဒဋ္ဌ· (ဓမ္မ။၂၉)န္တိ....ဝိရိယံ အာရဘန္တသ။ ဓမ္မ၊ဌ၊ ၁။၄၃၇။ ပုန အာရဘန္တေနာပိ အာပုစ္ဆိတဗ္ဗံ။

အာရဘတိ (ကြို) [အာ+ရဘ+အ+တိ] (၁) အား‌ထုတ်၏၊ (ရွေးဦးစွာ)ပြု၏၊ ဖြစ်စေ၏။ (၂) အာပတ်သို့ ရောက်၏၊ အာပတ်သင့်၏။ (၃) ညှဉ်းဆဲ – နှိပ်စက် – သတ် – ၏။ (၁) ဝိရိယံ အာရဘဘိ(ဒီ၊ ၂။၂၅၀)တိ ဝိရိယံ ပဝ-တ္တေတိ။ ဒီ၊ဌ၊၂။၃၉၃။ ဝိရိယံ အာရဘတိ-(ဒီ၊၃။၁၈၅)တိ ဝိရိယံ ဇနေတိ။ ဒီ၊ဌ၊၃။ ၁၈၉။ ဝိရိယံ အာရဘတိ(အံ၊၁။၄၁။ အဘိ၊ ဝိ။ ၂၁၆။ ပဋိသံ။၄၀)တိ ကာယိကစေတသိ-ကဝိရိယံ ကရောတိ။ အံ၊ဌ၊၁။၃၀၃။ အဘိ၊ ဌ၊၂။၂၇၆။ ပဋိသံ၊ဌ၊၁။၁၅၅။ အာဒိတော၁၀ ကရောန္တော အာရဘတိ။ အဘိ၊ဌ၊ ၂။၂၇၇။ ပကရောတိ စနံ ကတ္တုံ အာရဘတိ။ ဝိ၊ဌ၊ ၁။၁၄၀။ အာရဘတိ—မ၊ ၂။၂၀၃။ ဝိ၊ဌ၊၃။ ၁၁၆။ ဝိ၊ဌ၊၄။၁၆ ၂။ ဒီ၊ဌ၊ ၂။၅၊ ၂၃၆။ သံ၊ဌ၊ ၁။၄၇။ အဘိ၊ဌ၊ ၂။၁ ၂၆။ ပဋိသံ၊ဌ၊၁။၁၅၉၊ ၃၁၀။ ဝိသုဒ္ဓိ၊ ၂။၁၅၇၊၁၆၂။ သုတ္တန်၊ဌ၊၁။၆၊ ၁၅ ၂။ သီ၊ဌိ၊သစ်၊၁။ ၂၅၀။ ဒီ၊ဌိ၊၃။၂၁၇။ မ၊ဌိ၊၃။၁၁၅။ အံ၊ဌိ၊၃။ ၂၆၅။ မူလဋီ၊ ၂။၀၇။ ဝိသုဒ္ဓိ၊ဌိ၊ ၂။ ၂၄၉၊ ၂၆၅။ နေတ္တိ၊ဝိ။၇၃၊ ၂၉၉။ အာရဘန္တိ — အံ၊၁။၇၁၊ ၂၄၅။ ဝိ၊ဌ၊၃။၇၇။ ဒီ၊ဌ၊ ၂။၄၄၊ မ၊ဌ၊၁။၃၀၉။ မ၊ဌ၊၃။၂၆၃။ သံ၊ ဌ၊၁။၃၁၀။ အံ၊ဌ၊ ၂။၄၆၊ ၂၂၃။ အံ၊ဌ၊၃။ ၁၁၄။ အဘိ၊ဌ၊၁။၅၅။ ဗုဒ္ဓဝံ၊ဌ။၀၂။ အာ-ရဘသိ—ဝိသုဒ္ဓိ၊ဌိ၊၁။၃၅၅။ အာရဘထ—မ၊ ၃။၁၂။ သံ၊၁။ ၂၆၇။ ဒီ၊ဌ၊ ၂။ ၂၆၂။ အံ၊ဌ၊ ၃။၀၊ ၂၆၆။ မ၊ဌ၊၁။၁၀၊၆၆၊၁၀၀၊ ၂၃၀။ မ၊ ဌ၊ ၂။၁၀၀။ မ၊ဌ၊၃။၂၆၃။ သံ၊ဌ၊ ၂။၄။ အံ၊ ဌ၊၁။၆၄၊၁၁၄၊၁၁၉။ အံ၊ဌ၊ ၂။၀၂။ အဘိ၊

http://www.dhammadownload.com

ဝိ၊ဌ၊၃။၃၄၀။ ဒေသနံ အာရဘန္တော ဣဓ ဗြာဟ္မဏာတိ အာဒိမာဟ။ ဒီ၊ဌ၊၁။၂၇၄။ (–ဒီ၊ဌ၊၂။၈၇၊၉၀၊၉၈၊၁၇၆။ မ၊ဌ၊၁။၁၇၉။ သံ၊ဌ၊၁။၄၈၊၈၈၊၁၅၄။ အံ၊ဌ၊၂။၁၈၃။ ပဋိသံ၊ဌ၊၁။၁၉။ ပဋိသံ၊ဌ၊၂။၂၁၅။ ဝိသုဒ္ဓိ၊၁။၂၈၇။ မ၊ဋီ၊၂။၇၆၊၁၁၄။ သံ၊ဋီ၊၁။၁၃၁။ သံ၊ဋီ၊၂။၆၁။ အနုဋီ၊၁။၃၄။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၅၄။)

အာရဘိတ (တိ) [အာ+ရဘ+တ] အားထုတ်အပ်သော။ အာရဘိတဝိပဿန-ကြည့်။

အာရဘိတဗ္ဗ (တိ) [အာ+ရဘ+တဗ္ဗ] အားထုတ်အပ်သော။ နိဒ္ဒေသေ အာရဘိတဗ္ဗေ.... အာဂမိဿတိ။ ဝိ၊ဌ၊၂။၁၈၅။ ဝီရိယံ အာရဘိတဗ္ဗံ။ ဝိ၊ဌ၊၄။၇၂။ ဝိ၊သင်္ဟ။၂၂၂။ ကရုဏာဘာဝနာ အာရဘိတဗ္ဗာ။ ဝိသုဒ္ဓိ၊၁။၃၀၇။ (–ပဋိသံ၊ဌ၊၁။၂၃၃။ ဝိသုဒ္ဓိ၊၂။၂၄၄။ ခုဒ္ဒက၊ဌ။၃၁။ ဝဇိရ။၃၀။ အနုဋီ၊၃။၁၆၃။ နေတ္တိ၊ဝိ။၄၊၈၈။ ဝိသုဒ္ဓိ၊ဋီ၊၁။၃၇၁၊၃၇၃။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၉၁။)

အာရဘိတဝိပဿန(တိ)[အာရဘိတ+ဝိပဿနာ] အားထုတ်အပ်သော ဝိပဿနာရှိသော၊ ဝိပဿနာကို အားထုတ်သော၊ သူ။ အာရဒ္ဓဝိပဿကဿာတိ အာရဘိတဝိပဿနဿ။ မ၊ဋီ၊၃။၃၁၁။

အာရဘိတုံ (ကြိ၊ဝိ) [အာ + ရဘ +တုံ] အားထုတ်ခြင်း–ပြုခြင်း–ငှါ။ အလမေဝ သဒ္ဓါပဗ္ဗဇိတေန ကုလပုတ္တေန ဝီရိယံ အာရဘိတုံ။ သံ၊၁။၂၆၆။ ဝီရိယံ အာရဘိတုန္တိ စတုရင်္ဂသမန္နာဂတံ ဝီရိယံ ကာတုံ။ သံ၊ဌ၊၂။၄၆။ (–စရိယာ၊ဌ။၂၈၉။ ဒီ၊ဋီ၊၁။၈၀။ သီ၊ဋီ၊သစ်၊၁။၂၆၇။)

အာရဘိတုကာမ (တိ) [အာရဘိတုံ + ကာမ] အားထုတ်ခြင်းငှါ အလိုရှိသော၊ အားထုတ်လိုသော၊သူ။ ယာ ဝိပဿနံ အာရဘိတုကာမဿ စတုန္နံ အရူပက္ခန္ဓာနံ ဝဝတ္ထာပနေ ပညာ။ ဝိသုဒ္ဓိ၊၂။၆၈။ (–သီ၊ဋီ၊သစ်၊၁။၁၅၆။)

အာရဘိတ္ဂာ (ကြိ၊ဝိ) [အာ+ရဘ+တ္ဂာ] အားထုတ်၍။ ကေတော အာရဘိတ္ဂာ ကေတောယေဝ နိဌာပေတိ။ ဝိ၊ဌ၊၃။၈။ ဒေသာ စ ဘိက္ခု ယာဂုံ ပိဝိတ္ဂာ ဝိပဿနံ အာရဘိတ္ဂာ ....ဝီတိဝတ္တာ။ ဒီ၊ဌ၊၁။၁၆၉။ မ၊ဌ၊၁။၂၆၁။ (–မ၊ဌ၊၁။၃၇၁။ မ၊ဌ၊၂။၁၂၆။ အံ၊ဌ၊၁။၃၀။ အဘိ၊ဌ၊၃။၃၄၅။ ခုဒ္ဒက၊ဌ။၂၂၊၁၅၇၊၁၈၉၊၂၁၅။ ဥဒါန၊ဌ။၂၇။ ဣတိဝုတ်၊ဌ။၃၃၆။ သုတ္တနိ၊ဌ၊၂။၂၄၁။ ထေရ၊ဌ၊၁။၂၃၅။ သာရတ္ထ၊၁။၁၀၅။ ကခ်ါ၊ဋီ။၃၂၊၃၅၀။ သီ၊ဋီ၊သစ်၊၁။၁၃၄။ မ၊ဋီ၊၁။၁၉၃။ မ၊ဋီ၊၂။၁၄၂၊၁၉၂၊၂၄၂။ မ၊ဋီ၊၃။၃၀၄။ သံ၊ဋီ၊၂။၂၃၄၊၃၂၄၊၄၄၆။ အံ၊ဋီ၊၁။၇၃။ အံ၊ဋီ၊၃။၃၄၂။ အနုဋီ၊၂။၂၀၆။ နေတ္တိ၊ဋီ။၅၃။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၅၇၊၄၂၇။)

အာရဘိတ္ဂာန (ကြိ၊ဝိ) [အာ+ရဘ+တ္ဂာန] အားထုတ် – လုံလပြု – ၍။ အာရဘိတ္ဂာန အမတံ ဇဟန္တော သဗ္ဗပါပကေ။ခုဒ္ဒက၊ဌ။၂၃။ (–သီ၊ဋီ၊သစ်၊၁။၂၆၇။)

အာရဘိယမာန (တိ) [အာ+ရဘ+ယ+မာန] သတ်ဖြတ် – ညှဉ်းဆဲ – နှိပ်စက် – အပ်သော၊ သူ၊သတ္တဝါ။ ယမ္ပိ သော ပါဏော အာရဘိယမာနော ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။ မ၊၂။၃၄။ အာရဘိယမာနောတိ မာရိယမာနော။ မ၊ဌ၊၃။၃၆။

အာရမတိ (ကြိ) [အာ+ရမု+အ+တိ] (၁)ဝေးစွာ ရှောင်ကြဉ်၏။ (၂) မ္ဂေလျော်၏၊ လာရောက်၍ မ္ဂေလျော်၏၊ကစားမြူးတူး၏။ (၁) အသစ္ဆိကတဿ သစ္ဆိကိရိယာယ အာရမန္တိ ဝိရမန္တိ ပဋိဝိရမန္တိ။ မဟာနိ။၂၆၂။ အာရမေယျ—မဟာနိ။၂၉၃။ အာရမေ—အံ၊၂။၁၈၇။ (၂) အာရမတိ ဧတေနာတိ အာရာ-

http://www.dhammadownload.com

မော။မ၊ဋီ၊၂။၁၉၀။ မ၊ဋီ၊၃။၁၀၄။ အာရမန္တိ ဘွောတိ အာရာမော။ အံ၊ဌ၊၂။၃၃၄။ အာရ-မန္တိတိ ရတိ ဝိန္ဒန္တိ ကီဋ္ဌန္တိ လဋ္ဌန္တိ။ အံ၊ဋီ၊၂။ ၃၃၂။ အာရမန္တိ—မ၊ဌ၊၁။၆၂။ ပဋိသံ၊ဌ၊၂။ ၁၂၈။ ခုဒ္ဒက၊ဌ။၉၅။ ဥဒါန၊ဌ။၅၁။ ဣတိဝုတ်၊ ဌ။၁၇၀။ မ၊ဋီ၊၂။၁၅၅။ သံ၊ဋီ၊၁။၁၂၃။ အံ၊ဋီ၊ ၂။၃၇၁။

အာရမ(ဏ)နဲ (နဲ) [အာ+ရမု+ယု] (၁) မွေ့ လျော်ခြင်း၊ ရှေးရှုသည်အဖြစ်ဖြင့်–မွေ့လျော် –ပျော်ပိုက်– နှစ်ခြိုက်–ခြင်း။ (၂) ရှောင်ကြဉ်–ဝေးစွာရှောင်ကြဉ်–ခြင်း။ (၁) တတ္ထ အာရမ(ဏံ)နံ အာရာမော၊ အဘိရတီတိ အတ္ထော။ ဒီ၊ဌ၊၃။၁၉၉။ အံ၊ဌ၊၂။၂၈၄။ ပဋိ-ပက္ခဝိဓမနတော အဘိမုခဘာဝေန ရမဏံ အာရမဏံ အာရာမောတိ အာဟ အဘိရတီ-တိ အတ္ထောတိ။ ဒီ၊ဋီ၊၃။၂၃၀-၁။ အံ၊ဋီ၊၂။ ၂၇၃။ (၂) အာရတီတိ အာရမဏံ။ ခုဒ္ဒက၊ဌ။ ၁၁၉။ သုတ္တနိ၊ဌ၊၂။၂၅။

အာရမိတဗ္ဗ (တိ) [အာ+ရမု+တဗ္ဗ] မွေ့လျော်အပ်သော။ သော အာရမိတဗ္ဗတော အာရာ-မော ဧတဿာတိ အဗျာပဇ္ဇာရာမော။ ဣတိ-ဝုတ်၊ဌ။၁၄၁-၂။ (–၎င်း-၁၆၀၊၂၃၄။)

အာရမိတဗ္ဗဌ (ပု) [အာရမိတဗ္ဗ+အတ္ထ] မွေ့ လျော်အပ်သော အနက်သဘော။ သမထ-ဝိပဿနာဓမ္မော အာရမိတဗ္ဗဌေန အာရာ-မော ဧတဿာတိ ဓမ္မာရာမော။ ဣတိဝုတ်၊ဌ။ ၂၅၇။ (–ဒီ၊ဋီ၊၃။၂၃၁၊၂၈၇။ အံ၊ဋီ၊၃။၃၆၊ ၁၄၂၊၂၃၅။ ဝိသုဒ္ဓိ၊ဋီ၊၁။၈၈။)

အာရမိတဗ္ဗဌာန (နဲ) [အာရမိတဗ္ဗ+ဌာန] မွေ့ လျော်အပ်သော အရပ်။ သဗ္ဗဝိဝေကေ အာ-ရမိတဗ္ဗဌာနံ ကတ္ဝာ ဝိဟရထ။ ဣတိဝုတ်၊ဌ။ ၁၄၃။ (–ဒီ၊ဋီ၊၃။၁၆၄။)

အာရမ္ဘ (ပု) [အာ+ရဘ(ရဘိ)+အ] (၁) ကံ၊ ကုသိုလ်ကံ, အကုသိုလ်ကံ။ (၂) အာပတ်၊ အာပတ်ကို လွန်ကျူးခြင်း။ (၃) အမူအရာ ကြိယာ၊ အားထုတ်အပ်သော ကိစ္စ။ (၄) လုံ့လဝီရိယ၊ အားထုတ်ခြင်း။ (၅) သတ်ခြင်း၊ ညှဉ်းဆဲခြင်း။ (၆) ဖျက်ဆီးခြင်း။ (၇) အစ၊ အစအမှု။ (၈) အားထုတ်အပ်သော ပုဒ်, အနက် စသည်။ (၉) ဘေးရန် ဥပဒ်။ အယဉ္ဒိ အာရမ္ဘသဒ္ဒေါ ကမ္မေ အာပ-တ္တိယံ ကိရိယာယံ ဝီရိယေ ဟိံသာယ ဝိကော-ပနေတိ အနေကေသု အတ္ထေသု အာဂတော။ အဘိ၊ဌ၊၁။၁၈၉။ ပဋိသံ၊ဌ၊၁။၄၁။ မဟာနိ၊ ဌ။၃၅၉။ နီတိ၊ဓာ။၁၂၈။ (၁) ကံ၊ ကုသိုလ်ကံ, အကုသိုလ်ကံ။ အာရမ္ဘာနံ နိရောဓေန၊ နတ္ထိ ဒုက္ခဿ သမ္ဘဝေါ။ သုတ္တနိ။၃၉၄။ (၂) အာပတ်၊ အာပတ်ကိုလွန်ကျူးခြင်း။ အာရ-မ္ဘဇ, အာရမ္ဘတိ-တို့ ကြည့်။ (၃) အမူအရာ ကြိယာ၊ အားထုတ်အပ်သောကိစ္စ။ သီဃံ ဂစ္ဆန္တု အာရမ္ဘာ။ ဝိ၊ဌ၊၄။၂၆၄။ မဟာရမ္ဘ (သံ၊၁။၇၆။ အံ၊၁။၃၅၁။ သံ၊ဌ၊၁။၁၃၄။ အံ၊ဌ၊၂။၃၀၂)-လည်း ကြည့်။ (၄) လုံ့လ ဝီရိယ၊ အားထုတ်ခြင်း။ နေ' တာဒိသော အညတြ အာရမ္ဘော အဟောသိ။ မိလိန္ဒ။ ၂၃၈။ တဒဓိဂမာယ အာရမ္ဘမ္ပိ အကုရုမာနာ။ မ၊ဌ၊၁။၁၀၅။ (–အံ၊ဌ၊၁။၃၇၊၁၂၁။ ဓမ္မ၊ဌ၊ ၁။၇၂။ ဥဒါန၊ဌ။၂၈၁။ ဝိမာန၊ဌ။၁၉။ စရိ-ယာ၊ဌ။၂၇၁။ သာရတ္ထ၊၁။၃၅၃။ ဒီ၊ဋီ၊၁။ ၆၉။ သီ၊ဋီ၊သစ်၊၁။၁၂၃၊၂၅၀။) ဝီရိယာ-ရမ္ဘ(အံ၊ဌ၊၁။၅၆။ အဘိ၊ဌ၊၁။၁၈၉။ ပဋိသံ၊ ဌ၊၁။၄၁။ မဟာနိ၊ဌ။၃၅၉)-လည်း ကြည့်။ (၅) သတ်ခြင်း၊ ညှဉ်းဆဲခြင်း။ ဥဇ္ဇာသနံ, အာရမ္ဘော, ပိဋ္ဌောပျတြ....အာပုဗ္ဗော ရဘိ မာရဏေ။ ဓာန်၊ဋီ။၄၀၃။ အာရမ္ဘတိ-လည်း ကြည့်။ (၆) ဖျက်ဆီးခြင်း။ ဗီဇဂါမဘူတ-ဂါမသမာရမ္ဘ (ဒီ၊ဌ၊၁။၇၅။ မ၊ဌ၊၂။၁၁၂။ အံ၊ဌ၊၂။၃၇၇။ သီ၊ဋီ၊သစ်၊၁။ ၃၄၅)-ကြည့်။ (၇) အစ၊ အစအမှု။ အန္တရာ-ကထာတိ အဝသာနံ အပ္ပတ္ဝာ အာရမ္ဘဿ

http://www.dhammadownload.com

အာရမ္ဘဋ္ဌ (ပု) [အာရမ္ဘ+အတ္ထ] အားထုတ်ခြင်း ဟူသော အနက်သဘော။ အာရမ္ဘဋ္ဌေန ဝိရိယံ။ နေတ္တိ။၎၆။

အာရဗ်ဘတိ (ကြိ) [အာ+ရဘ+အ+တိ] (၁) အားထုတ်၏။ (၂) အာပတ်သင့်၏။ (၃) ညှဉ်းဆဲ–သတ်ဖြတ်–၏။ (၁) အာရမ္ဘထ နိက္ကမထ၊ ယုဉ္ဇထ ဗုဒ္ဓသာသနေ။ သံ၊၁။ ၁၅၀။ ထေရ။၂၆၇။ နေတ္တိ။၃၅။ မိလိန္ဒ။ ၂၃၀။ အံ၊၃၊၁။ ၂၀။ ပဋိသံ၊၃၊ ၂။ ၂၇၆။ ဥဒါန၊ ၃။၃၄၀။ ဣတိဝုတ်၊၃။၃၁ ၂။ အာရမ္ဘထာတိ အာရမ္ဘဝိရိယံ ကရောထ။ သံ၊၃၊၁။ ၂၀၃။ အာရမ္ဘထာတိ အာရမ္ဘစာတုသမ်ိတံ ဝီရိယံ ကရောထ။ ထေရ၊၃၊၁။၄၀။ နေတ္တိ၊၃။၁၀၄။ (–အံ၊၃၊၁။၇၉။) **အာရမ္ဘဝေါ**—ဒီ၊ ၂။၁၉၇။ ဒီ၊၃၊ ၂။ ၂၆၂။ ဒီ၊၃၊ ၂။ ၂၃၀။ (၂) အာရမ္ဘတိ စ (အာရဘတိ စ၊ အံ၊ ၂။၁၄၆။ အဘိ၊ပု။ ၁၇၃) ဝိပွဋိသာရိ စ ဟောတိတိ ဇတ္ထ အာပတ္တိ။ အဘိ၊၃၊၁။၁၉၀။ ပဋိသံ၊၃၊၁။၄၁။ မဟာနိ၊၃။၃၆၀။ အာရမ္ဘကိ စာတိ အာပဇ္ဇတိ စ။ မူလဋ္ဌ၊၁။၉၆။ (၃) သမဏံ ဂေါတမံ ဥဒ္ဒိဿ ပါဏံ အာရမ္ဘန္တီ(အာရဘန္တီ၊ မ၊၂။ ၃၂။အဘိ၊၃၊၁။၁၉၀။ အဘိ၊၃၊၃။၉၆။ အံ၊ဋ္ဌ၊ ၃။၄၈)တိ ဇတ္ထ ဟိ သာ။ ပဋိသံ၊၃၊၁၊၄၁။ မဟာနိ၊၃။၃၆၀။ အာရဘတိ-လည်း ကြည့်။

အာရမ္ဘတ္ထ (တိ) [အာရမ္ဘ+အတ္ထ] အားထုတ်ခြင်း အနက်ရှိသော။ ပ-သဒ္ဒါ အာရမ္ဘတ္ထော။ မ၊ဋ္ဌ၊ ၂။၁၉၉။

အာရမ္ဘဒဋ္ဌတာ (ထီ) [အာရမ္ဘ+ဒဋ္ဌတာ] အားထုတ်ခြင်း၏ မြဲမြံသည်၏ အဖြစ်၊ မြဲမြံစွာ အားထုတ်သည်၏ အဖြစ်။ သတ္တာနံ ဉာယေ နိဝေသနာ အာရမ္ဘဒဋ္ဌတာ။ စရိယာ၊၃၊ ၃၁၁။ ဒီ၊ဋ္ဌ၊၁။၉၂။ (–သီ၊ဋ္ဌ၊သစ်၊၁။ ၂၈၈။)

အာရမ္ဘစာတု (ထီ) [အာရမ္ဘ+စာတု] အာရမ္ဘစာတ်၊ လက်ဦးအစ အားထုတ်သော ဝီရိယစာတ်၊ ရှေးဦးစွာ အားထုတ်ခြင်း။ အတ္ထိ စ အဝသာနဿ စ ဝေမတ္တဋ္ဌာနံ ပတ္တကထာ။ ဝိ၊၃၊၁။၇၅။ (–မ၊၃၊၁။၁၅၈။ သာရတ္ထ၊၁။၁၉၉။ မ၊ဋ္ဌ၊ ၂။၄၂။ သံ၊ဋ္ဌ၊ ၂။၁၆၈။ အံ၊ဋ္ဌ၊၁။၃၆။) (၈) အားထုတ်အပ်သောပုဒ်, အနက်-စသည်။ နော စ အာရမ္ဘ(နေတ္တိ။၆၀)-နီ နတာဝ အာရမ္ဘံ သောဧတိ။ နေတ္တိ၊၃။ ၁၂၈။ အာရဘိယတိတိ အာရမ္ဘော၊ ဒေသနာယ ပကာသိယမာနော အတ္ထော။ နေတ္တိ၊ ဋ္ဌ။၈၁။ နော စ အာရမ္ဘန္တီ အာရဘိတဗ္ဗံ သဗ္ဗဂါထာပဒံ, ဂါထာတ္ထံ ဝါ။ နေတ္တိ၊ဝိ။ ၂၀၁-၂။ (–ဒီ၊ဋ္ဌ၊၁။ ၂၀၂။ သီ၊ဋ္ဌ၊သစ်၊၁။၄၉၄။) အာရမ္ဘသုဒ္ဓိ-လည်း ကြည့်။ (၉) ဘေးရန် ဥပဒ်။ အနာရမ္ဘ, သာရမ္ဘ(ဝိ၊၃၊ ၂။၁၅၅။ ကခ်ီ။၁၃၅။ ကခ်ီ၊ဋ္ဌ။ ၂၃၈)တို့ ကြည့်။ အာရမ္ဘ-သဒ္ဒါ၏ အတ္ထုဒ္ဓါရကို အဘိ၊၃၊၁။၉၆။ အံ၊ဋ္ဌ၊၃။၄၈။ မာန်။၈၅၂-တို့၌ ကြည့်။

အာရမ္ဘကတ္တု (တိ) [အာရမ္ဘ+ကတ္တု]အားထုတ်ခြင်းကို ပြုတတ်သော၊သူ။ နှ "အာရမ္ဘကတ္တုဿ ကသာဝပုစ္ဆာ" တိအာဒိသု ဝိယ ဓမ္မဝါစီ။ အနုဋ္ဌီ၊၃။၅၃။

အာရမ္ဘကာလ (ပု) [အာရမ္ဘ + ကာလ] အားထုတ်ရာအခါ။ ဝိပဿနာဉာဏ် ဟိ လက္ခဏာနိ ပဋိဝိဇ္ဈနတ္ထံ အာရမ္ဘကာလေ....အနုလောမေတိ။ အံ၊ဋ္ဌ၊ ၂။၆၃။ (–ဝိသုဒ္ဓိ၊ဋ္ဌ၊၁။၁၅၀။)

အာရမ္ဘကိရိယာဝါဓက (တိ) [အာရမ္ဘ+ကိရိယာ+ဝါဓက] အာရမ္ဘကိရိယာကို ဟောတတ်သော။ အာရမ္ဘသဒ္ဒ-ကြည့်။

အာရမ္ဘဇ (တိ) [အာရမ္ဘ+ဇန+ကို] အာပတ်ကို လွန်ကျူးခြင်းကြောင့်ဖြစ်သော။ အာယသွတော ခေါ အာရမ္ဘဇာ အာသဝါ သံဝိဇ္ဇန္တိ။ အံ၊ ၂။၁၄၇။ အဘိ၊ပု။၁၇၃။ အာရမ္ဘဇာတိ အာပတ္တိဝီတိက္ကမသမ္ဘဝါ။ အံ၊ဋ္ဌ၊၃။၅၁။ အဘိ၊ဋ္ဌ၊၃။၉၆။

http://www.dhammadownload.com

ဘိက္ခဝေ အာရမ္ဘဓာတု နိက္ကမဓာတု ပရက္ကမဓာတု။ သံ၊၃။၆၀၊၉၂။ အာရမ္ဘဓာတု နာမ ပဌမာရမ္ဘဝီရိယံ။ ဒီ၊ဌ၊၂။၃၇၀။ မ၊ဌ၊၁။၂၈၈။ သံ၊ဌ၊၃။၁၇၉။ အံ၊ဌ၊၁။၃၇။ အဘိ၊ဌ၊၂။၂၅၉။ ဣတိဝုတ်၊ဌ။၃၄၀။ ကုသလကိရိယာယ အာဒိကမ္မဘာဝေန ပဝတ္တဝီရိယံ ဓိတိသဘာဝတာယ ဓာတူတိ ဝုတ္တန္တိ အာဟ အာရမ္ဘဓာတူတိ ပဌမာရမ္ဘဝီရိယန္တိ။ သံ၊ဋီ၊၂။၄၁၈။ အာရမ္ဘဓာတူ(အာရဗ္ဘဓာတူ၊ အံ၊၂။၂၉၇)တိ အာရဘနဝသေန ပဝတ္တဝီရိယံ။ အံ၊ဌ၊၃။၁၀၈။ (–အံ၊၁။၄။ ဝိသုဒ္ဓိ၊၁။၁၂၈။ ဝိသုဒ္ဓိ၊၂။၁၁၇။ ဥဒါန၊ဌ။၂၁၁။ ဒီ၊ဋီ၊၂။၃၁၇။ မ၊ဋီ၊၁။၃၇၅။ သံ၊ဋီ၊၁။၂၅၀။ အံ၊ဋီ၊၁။၈၅။ အံ၊ဋီ၊၃။၂၈၀။ နေတ္တိ၊ဝိ။၁၅၆။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၆၊၁၅၆။)

အာရမ္ဘန (န) [အာ+ရဘ+ယု] အားထုတ်ခြင်း။ ဝီရိယဥ္စတံ....အာရမ္ဘနံ ဝီရိယာရမ္ဘော။ ဥဒါန၊ဌ။၂၁၁။

အာရမ္ဘနက (ဝိ) [အာရမ္ဘန+က] အားထုတ်ခြင်း။ ဝီရိယဥ္စိ အာရမ္ဘနကဝသေန "အာရမ္ဘော"တိ ဝုစ္စတိ။ အဘိ၊ဌ၊၁။၁၉၀။ (–အံ၊ဋီ၊၁။၇၉။)

အာရမ္ဘပစ္စယ (ပု) [အာရမ္ဘ+ပစ္စယ] အားထုတ်အပ်သောကံ – ကံနှင့်ယှဉ်သောဝီရိယ – ဟူသော အကြောင်း။ ယံ ကိဉ္စိ ဒုက္ခံ သမ္ဘောတိ၊ သဗ္ဗံ အာရမ္ဘပစ္စယာ။ သုတ္တနိ။၃၉၄။ အာရမ္ဘပစ္စယာတိ ကမ္မသမ္ပယုတ္တဝီရိယပစ္စယာ။ သုတ္တနိ၊ဌ၊၂။၂၂၄။ (–အဘိ၊ဌ၊၁။၁၉၀။ အဘိ၊ဌ၊၃။၉၆။ ပဋိသံ၊ဌ၊၁။၄၁။ မဟာနိ၊ဌ။၃၆၀။ အံ၊ဋီ၊၃။၄၈။)

အာရမ္ဘပညတ္တိ (ထီ) [အာရမ္ဘ+ပညတ္တိ] ဝီရိယိန္ဒြေကို အပြားအားဖြင့် သိစေခြင်း။ ဝီရိယိန္ဒြိယသာ အာရမ္ဘသာ စ ပညာပနတော အာရမ္ဘပညတ္တိ နာမ။ နေတ္တိ၊ဝိ။၁၉၀။ အာရဗ္ဘပညတ္တိ-လည်း ကြည့်။

အာရမ္ဘပဋိပက္ခဘူတပမာဒ (ပု) [အာရမ္ဘ+ပဋိပက္ခ+ဘူတ+ပမာဒ] အားထုတ်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော မေ့လျော့ခြင်း။ အာရမ္ဘပဋိပက္ခဘူတပမာဒဝသေန ပုရိမသစ္စဒ္ဒယံ အာစရိယေန နိဒ္ဓါရိတံ, အမှေဟိ စ ဉာတံ။ နေတ္တိ၊ဝိ။၁၅၉။

အာရမ္ဘပုစ္ဆာ (ထီ) [အာရမ္ဘ+ပုစ္ဆာ] အားထုတ်အပ်သော တရားကို မေးခြင်း။ ကိန္တိအာဒိ အာရမ္ဘပုစ္ဆာ။ ဒီ၊ဋီ၊၁။၂၀၂။ သီ၊ဋီ၊သစ်၊၁။၄၉၅။

အာရမ္ဘလက္ခဏ (တိ) [အာရမ္ဘ+လက္ခဏ] အားထုတ်ခြင်း လက္ခဏာရှိသော။ အာရမ္ဘလက္ခဏံ ဝီရိယံ။ နေတ္တိ။၂၅။ (–နေတ္တိ၊ဝိ။၁၃၁။)

အာရမ္ဘဝစန (တိ) [အာရမ္ဘ+ဝစန] အားထုတ်ခြင်းကိုဟောသော။ ဧတ္ထ ပ-သဒ္ဒေါ အာရမ္ဘဝစနော။ သာရတ္ထ၊၂။၂၁။

အာရမ္ဘဝတ္ထု (န) [အာရမ္ဘ+ဝတ္ထု] အားထုတ်ခြင်း ဝီရိယ၏ အကြောင်း။ အဌ အာရမ္ဘဝတ္ထူနိ။ ဒီ၊၃။၂၁၂၊၂၄၇။ အံ၊၃။၁၄၉။ အာရမ္ဘဝတ္ထူနိတိ ဝီရိယကာရဏာနိ။ ဒီ၊ဌ၊၃။၂၂၆။ အံ၊ဌ၊၃။၂၅၂။ (–ဒီ၊ဌ၊၃။၅၈၊၇၆။ အံ၊ဌ၊၃။၂၂၆။ ဣတိဝုတ်၊ဌ။၆။ သာရတ္ထ၊၁။၃၁၅။ ဒီ၊ဋီ၊၃။၇၆၊၂၆၂။ မ၊ဋီ၊၁။၃၈။ သံ၊ဋီ၊၁။၃၄။ အံ၊ဋီ၊၃။၂၆၅။ နေတ္တိ၊ဝိ။၁၅၆။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၈။)

အာရမ္ဘဝန္တု (တိ) [အာရမ္ဘ+ဝန္တု] အားထုတ်ခြင်း–ရှိသော–နှင့် တကွဖြစ်သော။ သာရမ္ဘန္တိ အာရမ္ဘဝန္တံ၊ သဟာရမ္ဘန္တိ အတ္ထော။ အနုဋီ၊၂။၁၈၅။ အာရဗ္ဘဝန္တု-လည်း ကြည့်။

အာရမ္ဘဝီရိယ (န) [အာရမ္ဘ+ဝီရိယ] အားထုတ်ခြင်းဟုဆိုအပ်သော ဝီရိယ။ အာရမ္ဘထာတိ အာရမ္ဘဝီရိယံ ကရောထ။ သံ၊ဌ၊၁။၂၀၃။ အာရမ္ဘဝီရိယန္တိ မစ္စုသေနာသင်္ခါတကိလေသဓုနနေ အာရမ္ဘဝီရိယံ။ သံ၊ဋီ၊၁။၂၅၀။

http://www.dhammadownload.com

အရမ္ဘဝေါ (ကြိ) အာရမ္ဘတိ-ကြည့်။

အာရမ္ဘသဒ္ဒ (ပု) [အာရမ္ဘ+သဒ္ဒ] အာရမ္ဘသဒ္ဒါ။ အာရဘတီတိ ဧတ္ထ အာရမ္ဘသဒ္ဒေါ ကမ္မကိရိ-ယာဟိ သနဝီရိယဝိကောပနာပတ္တိဝိတိက္ကမေ-သု ဝတ္တတိ။ အဘိ၊ဌ၊၃။၉၆။ အာရမ္ဘ-သဒ္ဒေါတိ အာရမ္ဘကိရိယာဝါစကော သဒ္ဒေါ-တိ အတ္ထော။ မူလဋီ၊၃။၄၃။ (–အနုဋီ၊ ၃။၅၃။) အာရမ္ဘ-လည်း ကြည့်။

အာရမ္ဘသုဒ္ဓိ (ထီ) [အာရမ္ဘ+သုဒ္ဓိ] အားထုတ်အပ်သော ပုဒ်အနက်စသည်ကို–သုဓ်သင်ခြင်း – ကောင်းစွာထားခြင်း၊ (အားထုတ်အပ်သော ပုဒ်အနက်စသည်၏ ပြီးပြည့်စုံခြင်း)။ သုခမန္ဓေတီတိ ပန ပဒသုဒ္ဓိ စေဝ အာရမ္ဘသု-ဒ္ဓိ စာတိ။ နေတ္တိ၊ဌ။၁၈၅။ သုခမန္ဓေတီတိ ပန ယထာဓိပ္ပေတတ္ထပရိသမာပနန္တိ ဝုတ္တံ ပဒသု-ဒ္ဓိ စေဝ အာရမ္ဘသုဒ္ဓိ စာတိ။ နေတ္တိ၊ဋီ။၁၀၄။ (–ဒီ၊ဋီ၊၁။၂၀၂။ သီ၊ဋီ၊သစ်၊၁။၄၉၄။ သံ၊ ဋီ၊၁။၅၈။ အံ၊ဋီ၊၁။၆၀။ အနုဋီ၊၁။၃၇။)

အာရမ္ဘသောဓန (န) [အာရမ္ဘ + သောဓန] အားထုတ်အပ်သော ပုဒ် အနက် စသည်ကို သုဓ်သင်ခြင်း။ တေန အာရမ္ဘသောဓနသ ဝိသယမာဟ။ နေတ္တိ၊ဋီ။၃၂။

အာရမ္ဘဟေတု (ပု) [အာရမ္ဘ+ဟေတု] အား ထုတ်ခြင်း ဟူသော အကြောင်း။ ပရိပက္က-ဉာဏာနံ သတ္တာနံ အာရမ္ဘေ အာရမ္ဘဟေတု ဒိဋ္ဌေ ဓမ္မေ....အာရဒ္ဓါ။ နေတ္တိ၊ဝိ။၁၅၇။

အာရမ္ဘာနုရူပ (တိ) [အာရမ္ဘ+အနုရူပ] အား ထုတ်အပ်သော တရားနှင့်လျော်သော။ အာ-ရမ္ဘာနုရူပမေဝ ပန ဒေသနာ နိဋ္ဌပိတာ။ မ၊ ဋီ၊၂။၁၀၈။ (–သံ၊ဋီ၊၂။၁၂၀။)

အာရမ္ဘာနုရူပထောမနာ (ထီ) [အာရမ္ဘာနုရူပ +ထောမနာ] အားထုတ်အပ်သော ကျမ်းဂန် အားလျော်စွာ ချီးမွမ်းခြင်း။ ယဒိဒံ အာရ-မ္ဘာနုရူပထောမနာ။ သီ၊ဋီ၊သစ်၊၁။၆။

အာရမ္ဘာနုရူပဝစန (န) [အာရမ္ဘာနုရူပ+ဝစန] အားထုတ်အပ်သော ကျမ်းဂန်အား လျော်သောစကား။ ဝိနယက္ကမေတိ ဝိနယပိဋကေ၊ အာရမ္ဘာနုရူပဝစနမေတံ။ ကခ်ါ၊ဋီ။၁။

အာရမ္ဘောသာနကပ္ပ (ပု) [အာရမ္ဘ+သြသာန +ကပ္ပ] အစဖြစ်သောကပ်နှင့်အဆုံးဖြစ်သော ကပ်။ အာရမ္ဘောသာနကပ္ပါနံ ဧကဒေသေန အန္တောဂဓတ္တာ။ စရိယာ၊ဌ။၁၇။

အာရမ္မဏ (န) [(၁) အာ+လမ္ဗ+ယု၊ လ-ကို ရ-ပြု၊ ဗ-ကို မ-ပြု။ (၂) အာ+ရမု + ယု] (၁) အာရုံ။ (က) စိတ်စေတသိက်တရား– တို့သည် ဆွဲကိုင်အပ် ထောက်မှီအပ်သော – တို့၏ ကျက်စားရာဖြစ်သော – တို့၏ လာ ရောက် မ္ဆေလျော်ရာ ဖြစ်သော – တရား၊ (ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာ ရုံ, ဓမ္မာရုံ ဟူသော အာရုံခြောက်ပါးတည်း။) [ထိုခြောက်ပါးတို့တွင် အဖြူရောင်, အနီရောင်, အဝါရောင်စသော အဆင်းရောင် အမျိုးမျိုး သည် ရူပါရုံမည်၏၊ သက်ရှိသတ္တဝါနှင့် သက် မဲ့အရာဝတ္ထုတို့၏ အသံအမျိုးမျိုးသည် သဒ္ဒါ ရုံမည်၏၊ ကောင်းကောင်းဆိုးဆိုး အနံ့အမျိုး မျိုးသည် ဂန္ဓာရုံမည်၏၊ ချို, ချဉ်, စပ်, ငန်, ခါး, အဖန်ဟူသော အရသာခြောက်ပါးသည် ရသာရုံမည်၏၊ ပထဝီ, တေဇော, ဝါယော ဟူသော တွေ့ထိ၍ ရကောင်းသော ဓာတ် သုံးပါးသည် ဖောဋ္ဌဗ္ဗာရုံမည်၏၊ ထိုအာရုံငါး မျိုးမှ အလွတ်ဖြစ်သော ပသာဒရုပ်, သုခုမ ရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့ သည် ဓမ္မာရုံမည်၏။ (အဘိ၊ဓ။၁၆၂-၃။ အဘိ၊ဌ၊၁။၁၁၃။ သင်္ဂဟ။၄၉။) ထိုအာရုံ ခြောက်ပါးကိုပင် ကာမအာရုံ, မဟဂ္ဂုတ် အာရုံ, လောကုတ္တရာ အာရုံ, ပညတ် အာရုံ ဟုငှင်း၊ အတိတ် အာရုံ, အနာဂတ် အာရုံ ပစ္စုပ္ပန်အာရုံ, ကာလဝိမုတ်အာရုံဟုငှင်း၊ အ-ဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံ, အဇ္ဈတ္တဗဟိဒ္ဓအာ

http://www.dhammadownload.com

-ရုံ, နဝတ္တဗ္ဗအာရုံဟုငှင်း ဆာမည်အမျိုးမျိုးဖြင့် ထပ်မံခွဲခြားရာ၏။ ထိုတွင် ကာမစိတ်စေတသိက် ရုပ်ဟုဆိုအပ်သော ကာမာဝစရတရားဖြစ်သော အာရုံခြောက်ပါးသည် ကာမအာရုံမည်၏၊ ပရိတ္တာရုံဟုလည်း ခေါ်၏။ ရူပါဝစရ အရူပါဝစရ စိတ် စေတသိက်ဟူသော မဟဂ္ဂုတ်တရားဖြစ်သော ဓမ္မာရုံသည် မဟဂ္ဂုတ်အာရုံမည်၏။ လောကုတ္တရာ စိတ်စေတသိက် နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာရုံသည် လောကုတ္တရာအာရုံမည်၏၊ အပ္ပမာဏအာရုံဟုလည်းခေါ်၏။ ကသိုဏ်းပညတ် ဆယ်ပါး, အသုဘပညတ်ဆယ်ပါး, ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံပင် အမွေးစသော ကောဋ္ဌာသပညတ်, အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်, မေတ္တာ၏အာရုံဖြစ်သော ပိယမနာပသတ္တဝါပညတ်, ကရုဏာ၏ အာရုံဖြစ်သော ဒုက္ခိတသတ္တဝါပညတ်, မုဒိတာ၏ အာရုံဖြစ်သော သုခိတသတ္တဝါပညတ်, ဥပေက္ခာ၏ အာရုံဖြစ်သော မဇ္ဈတ္တသတ္တဝါပညတ်, အာကာသာနဥ္ဇာယတနစိတ်၏ အာရုံဖြစ်သော ကောင်းကင်ပညတ်, အာကိဥ္ဥညာယတနစိတ်၏ အာရုံဖြစ်သော နတ္ထိဘောပညတ်စသော (ပရမတ္ထတရားလေးပါး၌ မပါဝင်သော) ဓမ္မာရုံတို့သည် ပညတ်အာရုံမည်၏၊ ကုန်လွန်ချုပ်ပျောက်ခဲ့ပြီးသော စိတ် စေတသိက် ရုပ်ဟုဆိုအပ်သော အာရုံခြောက်ပါးသည် အတိတ်အာရုံမည်၏၊ ဖြစ်လတ္တံ့သော စိတ်စေတသိက်ရုပ်ဟူသော အာရုံခြောက်ပါးသည် အနာဂတ်အာရုံမည်၏၊ ယခုဖြစ်ဆဲ (ဥပါဒ်, ဌီ, ဘင် ခဏသုံးပါးသို့ရောက်ဆဲ)ဖြစ်သော စိတ်စေတသိက်ရုပ်ဟူသောအာရုံခြောက်ပါးသည် ပစ္စုပ္ပန်အာရုံမည်၏၊ နိဗ္ဗာန်နှင့် ပညတ်ဟူသော ဓမ္မာရုံတို့သည် ထိုအတိတ်အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးမှ အလွတ်ဖြစ်သောကြောင့် ကာလဝိမုတ်အာရုံမည်၏။သက်ရှိသတ္တဝါတို့ သန္တာန်၌ဖြစ်သော စိတ် စေတသိက် ရုပ်ဟူသော အာရုံခြောက်ပါးကိုပင် အဇ္ဈတ္တအာရုံ (မိမိသန္တာန်၌ဖြစ်သောအာရုံ) ဟုငှင်း, ဗဟိဒ္ဓအာရုံ(အခြားပုဂ္ဂိုလ်သန္တာန်၌ဖြစ်သောအာရုံ)ဟုငှင်း, ထိုနှစ်ရပ်ပေါင်းစပ်၍ အဇ္ဈတ္တဗဟိဒ္ဓအာရုံဟုငှင်း ခေါ်၏။ မည်သည့်သတ္တဝါသန္တာန်၌မျှ မဖြစ် မပါဝင်သော အနိန္ဒြိယဗဒ္ဓရုပ် (သက်မဲ့ဖြစ်သော သစ်ပင်တော တောင် ရေ မြေ စသောရုပ်)ဟူသော အာရုံခြောက်ပါးသည်ငှင်း, နတ္ထိဘောပညတ်မှတပါး ကျန်သောပညတ်အားလုံးနှင့် နိဗ္ဗာန်ဟူသော ဓမ္မာရုံတို့သည်ငှင်း ဗဟိဒ္ဓအာရုံများတည်း။ နတ္ထိဘောပညတ်ကား အဇ္ဈတ္တဗဟိဒ္ဓဟု မဆိုကောင်းသောကြောင့် နဝတ္တဗ္ဗအာရုံမည်၏။ (အဘိ၊ဓ။ ၂၁၁-၃၊ ၂၇၃။ အဘိ၊ဋ္ဌ၊၁။ ၄၄၇။) ထိုအာရုံခြောက်ပါးကိုပင် ဒိဋ္ဌ, သုတ, ဃာယိတ, သာယိတ, ဖုဋ္ဌ, ဝိညာတဟု ထပ်မံခွဲခြားရာ၏။ ထိုတွင် ရူပါရုံသည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်သောကြောင့် ဒိဋ္ဌအာရုံမည်၏။ သဒ္ဒါရုံသည် သောတဝိညာဏ်ဖြင့် ကြားအပ်သောကြောင့် သုတအာရုံမည်၏။ ဂန္ဓာရုံသည် ဃာနဝိညာဏ်ဖြင့် နမ်းရှူအပ်သောကြောင့် ဃာယိတအာရုံ မည်၏။ ရသာရုံသည် ဇိဝှါဝိညာဏ်ဖြင့် သာယာအပ် လျက်အပ်သောကြောင့် သာယိတအာရုံမည်၏။ ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဏ်ဖြင့် တွေ့ထိအပ်သောကြောင့် ဖုဋ္ဌအာရုံမည်၏။ ဓမ္မာရုံအပါအဝင် အာရုံခြောက်ပါးလုံးသည်ပင် မနောဝိညာဏ်ဖြင့် သိအပ်သောကြောင့် ဝိညာတအာရုံမည်၏။ ထို့ပြင် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံသုံးမျိုးသည် ဆိုင်ရာဆိုင်ရာပသာဒ၏ မှီရာမဟာဘုတ်သို့ တွေ့ထိ ဆိုက်ရောက်မှသာ ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့ဖြင့် သိအပ်သောကြောင့် မုတအာရုံလည်းမည်၏။ ထို့ကြောင့် ဒိဋ္ဌ, သုတ, မုတ, ဝိညာတဟု လေးချက် ခွဲခြားရသေး၏။ (အဘိ၊ဓ။ ၂၀၁။ အဘိ၊ဋ္ဌ၊၁။၃၇၃။) ပါဋ္ဌိ

http://www.dhammadownload.com

တော်နှင့် ရှေးအဌကထာမှ အလွတ်ဖြစ်သော နည်းအားဖြင့် ဒိဋ္ဌ, သုတ, ဥဘယသမ္ဗန္ဓဟု သုံးမျိုး ခွဲနိုင်သေး၏။ ထိုတွင် ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံခံစားရသော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံငါးမျိုးကို ဒိဋ္ဌအာရုံဟုခေါ်၏။ ကိုယ်တိုင်မဟုတ်ပဲ တဆင့်ကြားရသော ထိုအာရုံငါးမျိုးကိုပင် သုတ အာရုံဟု ခေါ်၏။ ဒိဋ္ဌနှင့်သုတ နှစ်မျိုးရောစပ်၍ သိရသော ထိုအာရုံနှစ်မျိုးကို ဥဘယသမ္ဗန္ဓ အာရုံဟုခေါ်၏။ "နောင်အနာဂတ်ကာလမှာ ပွင့်တော်မူမည့် ဘုရားရှင်သည် ဤရုပ်အဆင်းသဏ္ဌာန်တော်မျိုး ဖြစ်လိမ့်မည်" ဟု မိမိမျက်မြင်ဒိဋ္ဌဖြစ်သောအဆင်းရူပါရုံနှင့် တဆင့်ကြားသုတဖြစ်သော အနာဂတ် ဘုရားရှင်၏ အဆင်းရူပါရုံကို ဆက်သွယ်ပေါင်းစပ်၍ ဥဘယသမ္ဗန္ဓဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။(အဘိ၊ ဋ္ဌ၊၁။၁၁၆။) (ခ) အကြောင်း။ (တိ) (၂) စွန့်လွှတ်နိုင်ခဲသော – ပယ်သတ်ခြင်းငှါ ခက်ခဲသော – ရူပါရုံစသည်တို့၌ဖြစ်သော – တရား (တဏှာ)။ (၁) (က) (ခ) ဒုဗ္ဗလပုရိသေန ဒဏ္ဍာဒိ ဝိယ စိတ္တစေတသိကေဟိ အာလမ္ဗိယတိ, တာနိ ဝါ အာဂန္ဆာ ဧတ္ထ ရမန္တိတိ အာရမ္မဏန္တိ။ ဝိဘာဝိနီ။၁၂၉။ အာလမ္ဗိယတီတိ ဂယှတိ။ အာသဒ္ဒဿတ္ထံ ဒဿေတိ အာဂန္ဆာတိ။ ဧတ္ထ စ ပဋမနယေ ဥပသဂ္ဂေါ ဓာတွတ္ထာနုဝတ္တကော၊ ဂဟဏတ္ထော စ လမ္ဗဓာတု၊ အနသဒ္ဒေါ စ ကမ္မတ္ထော။ "ရူပါလမ္ဗဏ" နှိ ဝတ္တဗ္ဗေ နိရုတ္တိနယေန ရူပါရမ္မဏသဒ္ဒသိဒ္ဓိ ဟောတိ။ ပစ္ဆိမနယေန ပန ဥပသဂ္ဂေါ ဓာတွတ္ထဝိသေသကော၊ ကီဋ္ဌနတ္ထော စ ရမုဓာတု၊ အနသဒ္ဒေါ စ အဓိကရဏတ္ထောတိ ဝေဒိတဗ္ဗော။ မဏိမဉ္ဇူ၊၁။၃၉၇-ဂ။ အာလမ္ဗိယတိ ဒုဗ္ဗလေန ဝိယ ဒဏ္ဍာဒိကံ စိတ္တစေတသိကေဟိ ဂယှတီတိ အာရမ္မဏံ။ ဝိဘာဝိနီ။၂၄၁။ အတ္ထိ ရူပံ စက္ခုသမ္ဖဿဿ အာရမ္မဏံ။ အဘိ၊ဓ။၁၄၆။ အာရမ္မဏဿ ဂေါစရဋ္ဌော အဘိညေယျော့။ ပဋိသံ။၁၆။ ပစ္စယာရမ္မဏံ သြလုဗ္ဘာရမ္မဏန္တိ ဟိ ဒုဝိဓံ အာရမ္မဏံ။ဣမသ္မိံ ပန ဌာနေ သြလုဗ္ဘာရမ္မဏမေဝ ဓုရံ၊ ပစ္စယာရမ္မဏမ္ပိ လဗ္ဘတိယေဝ။ အဘိ၊ဋ္ဌ၊၂။၃၈၅။ အာလမ္ဗနီယတော အာရမ္မဏံ နာမ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၁၂၄။ အာရမ္မဏ(ဒီ၊ဋ္ဌ၊၂။၆၂) နှိ သြလုဗ္ဘာရမ္မဏံ။ ဒီ၊ဋ္ဌီ၊၂။၆၇။ (–အဘိ၊ဝိ။၃၃၁။ ပဋိသံ။၁၇၁၊၁၈၀။ မိလိန္ဒ။၃၁၇။ သံ၊၃။၁၂၈။ ဝိ၊ဋ္ဌ၊၁။၁၁၄၊၁၉၃၊၂၃၃။ ဝိ၊ဋ္ဌ၊၂။၁၆၊၂၅၊၂၆။ ၃၃၊၈၂၊၈၅၊၁၀၈။ ဒီ၊ဋ္ဌ၊၂။၅၁၊၃၄၅။ ဒီ၊ဋ္ဌ၊၃၊၃၁။မ၊ဋ္ဌ၊၁။၆၊၃၉၊၇၄၊၁၀၉၊၁၃၆။မ၊ဋ္ဌ၊၂။၆။ မ၊ဋ္ဌ၊၃။၁၁၉။ မ၊ဋ္ဌ၊၄။၃၇။ သံ၊ဋ္ဌ၊၁။၅၊၁၉၊၃၅၊၄၈။ သံ၊ဋ္ဌ၊၂။၂၄၉။ အံ၊ဋ္ဌ၊၁။၅၊၁၆၊၂၀၊၂၅၊၁၂၂။ အဘိ၊ဋ္ဌ၊၁။၁၁၄၊၁၄၄၊၂၃၅၊၂၄၄၊၂၅၀။ အဘိ၊ဋ္ဌ၊၂။၈၊၁၈၊၇၆။ အဘိ၊ဋ္ဌ၊၃။၄၁၉၊၄၈၆။ ပဋိသံ၊ဋ္ဌ၊၁။၂၀၇-၉၊၂၁၃၊၂၉၉။ ခုဒ္ဒက၊ဋ္ဌ။၁၈။ မဟာနိ၊ဋ္ဌ။၂၂၅။ သာရတ္ထ၊၁။၇၃။ ဒီ၊ဋ္ဌီ၊၁။၁၄၉၊၂၁၇။ သီ၊ဋ္ဌီ၊သစ်၊၁။၁၅၁၊၃၈၂။ မ၊ဋ္ဌီ၊၂။၂၄၊၄၄။ မ၊ဋ္ဌီ၊၃။၂၂။ သံ၊ဋ္ဌီ၊၂။၁၁၈၊၃၇၅၊၃၇၇။ အံ၊ဋ္ဌီ၊၁။၂၇။ အံ၊ဋ္ဌီ၊၃။၇။ အနုဋ္ဌီ၊၁။၂၀။ အနုဋ္ဌီ၊၃။၄၃။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၂၊၃၉၊၂၉၉။) (ခ) အာရမ္မဏမေတံ ဟောတိ ဝိညာဏဿ ဌိတိယာ။ သံ၊၁။၂၉၅။ ပစ္စယော ဟိ ဣဓ အာရမ္မဏန္တိ အဓိပ္ပေတော။ သံ၊ဋ္ဌ၊၂။၆၅။ (–ဝိ၊၁။၃၁၈။ ဒီ၊၃။၄၈။ မ၊၃။၁၃၆။ သံ၊၁။၄၅၇။ သံ၊၃။၁၂၈။ စူဋ္ဌနိ။၂၈၈။ ဝိ၊ဋ္ဌ၊၂။၂၅၀။ ဒီ၊ဋ္ဌ၊၃။၃၁။ မ၊ဋ္ဌ၊၄။၁၀၃။ သံ၊ဋ္ဌ၊၂။၂၁၂။ စူဋ္ဌနိ၊ဋ္ဌ။၁၃၁။ ဒီ၊ဋ္ဌီ၊၃။၂၆။ မ၊ဋ္ဌီ၊၃။၃၁၆။ ဝိဘာဝိနီ။၁၄၆။) (တိ) (၂) အာရမ္မဏံ ပကမ္ပနန္တိ အာရမ္မဏမ္ပိ ဝုစ္စတိ တဏှာ။ မဟာနိ။၃၃၉။ ဒုမ္မုဉ္ဇနဋ္ဌေန အာရမ္မဏန္တိ....ရူပါဒီသု အာရမ္မဏေသု ဥပ္ပန္နတဏှာ မုစ္စိတုံ အသက္ကုဏေယျဋ္ဌေန အာရမ္မဏာတိ ကထိယတိ။ မဟာနိ၊ဋ္ဌ။၃၈၃။

အာရမ္မဏအဏ္ဍုပေက္ခနာ(ထီ)[အာရမ္မဏ+အဏ္ဍုပေက္ခနာ] အာရုံကို လျစ်လျူရှုခြင်း။ ဣဓ

http://www.dhammadownload.com

အာရမ္မဏအဏ္ဍုပေက္ခနာ အဓိပ္ပေတာ။ သံ၊ ၌၊၃။၃၀၄။

အာရမ္မဏအန္ဒယ (ပု) [အာရမ္မဏ + အန္ဒယ] (မျက်မှောက်ထင်ထင် တွေ့မြင်အပ်သော) အာရုံသို့ အစဉ်လိုက်ခြင်း။ အာရမ္မဏအန္ဒ-ယေန၊ ဥဘော ဧကဝဝတ္ထနာ။ ပဋိသံ။၅၆။ ဝိသုဒ္ဓိ၊၂။၂၇၈။ အာရမ္မဏအန္ဒယေန၊ ဥဘော ဧကဝဝတ္ထနာတိ ပစ္စက္ခတော ဒိဋ္ဌဿ အာရမ္မ-ဏဿ အန္ဒယေန အနုဂမနေန။ ပဋိသံ၊ ၌၊၁။ ၂၄၁။ ဝိသုဒ္ဓိ၊၂။၂၈၀။

အာရမ္မဏကဋာဟ (ပု) [အာရမ္မဏ+ကဋာဟ] အာရုံတည်းဟူသောအခွံ။ အာရမ္မဏကပါလ-ကြည့်။

အာရမ္မဏကထာ (ထီ) [အာရမ္မဏ + ကထာ] အာရမ္မဏကထာ၊ အာရုံနှင့်စပ်၍ ဆိုရာဖြစ်သောစကား။ ဓာတုကထာ အာရမ္မဏကထာ အသုဘကထာ....။ သံ၊ ၌၊၂။၁၈၆။

အာရမ္မဏကပါလ (ပု၊န) [အာရမ္မဏ+ကပါလ] အာရုံတည်းဟူသော အခွံ။ ဧဝမေဝံ ဘိက္ခု မနမှိ ဥပ္ပန္နဝိတက္ကေ သကေ အာရမ္မဏကပါ-လေ သမောဒဟံ....။ သံ၊ ၌၊၁။၃၅။ သံ၊ ၌၊၃။ ၇၃။ အာရမ္မဏကပါလေတိ အာရမ္မဏကဋာ-ဟေ။ သံ၊ ဋီ၊၂။၃၃၁။

အာရမ္မဏကရဏ (န) [အာရမ္မဏ+ကရဏ] (၁) အာရုံပြုခြင်း။ (တိ) (၂) အာရုံပြုတတ်သော။ (၃) အာရုံပြုရာတရား။ (၁) မဂ္ဂက္ခဏေ ပန အာရမ္မဏကရဏေန နိဗ္ဗာနပက္ခန္ဒနံ။ မ၊ ၌၊၁။ ၈၉။ (–အဘိ၊ ၌၊၁။၈၄။ ဣတိဝုတ်၊ ၌။၂၃၇။ ပဋိသံ၊ ၌၊၁။၃၄၂။ သီ၊ ဋီ၊သစ်၊၂။၅၅။ မ၊ ဋီ၊ ၂။၁၁၈၊၁၆၉၊၂၁၉၊၂၆၅။ သံ၊ ဋီ၊၂။၂၂၁၊ ၃၄၂၊၃၆၆၊၄၅၃။ မူလဋီ၊၁။၃၈။ မူလဋီ၊၂။ ၂၀၀။ မူလဋီ၊၃။၁၄၆။ အနုဋီ၊၁။၄၂။ အနုဋီ၊ ၃။၂၀၁၊၂၀၃။ ဝိသုဒ္ဓိ၊ဋီ၊၁။၁၀၉၊၂၇၆။ ဝိသု-ဒ္ဓိ၊ဋီ၊၂။၃၂၊၆၄၊၇၅၊၂၀၅၊၂၅၇၊၄၈၅။ နေတ္တိ၊ ဝိ။၁၀၂၊၂၆၄။) (၂) အာရမ္မဏကရဏဿ ဝိညာဏဿ။ အနုဋီ၊၁။၁၆၂။ (–မ၊ ဋီ၊၁။ ၁၀၁။) (၃) အာရမ္မဏကရဏသခ်ါတေန နိဝါသဋ္ဌာနဘူတေန ရူပမေဝ နိကေတံ။ သံ၊ ဋီ၊၂။၂၁၈။

အာရမ္မဏကရဏကိစ္စ (န) [အာရမ္မဏကရဏ+ ကိစ္စ] အာရုံပြုခြင်းကိစ္စ။ အာရမ္မဏကရဏ-ကိစ္စတော။ မ၊ ဋီ၊၂။၂၆၇။

အာရမ္မဏကရဏတ္ထ (တိ) [အာရမ္မဏကရဏ + အတ္ထ] အာရုံပြုခြင်းဟူသော အနက်ရှိသော။ အာရမ္မဏကရဏတ္ထော ဟေတ္ထ သဟဂတ-သဒ္ဒေါ။ နေတ္တိ၊ ၌။၈၉။ နေတ္တိ၊ ဋီ။၆၀။

အာရမ္မဏကရဏရသ (တိ) [အာရမ္မဏကရဏ +ရသ] အာရုံပြုခြင်းဟူသော ကိစ္စရှိသော။ ရူပါယတနမတ္တသေဝ အာရမ္မဏကရဏရသံ။ ဝိသုဒ္ဓိ၊ ဋီ၊၂။၁၂၅။

အာရမ္မဏကရဏသမ္ပတ္တိ (ထီ) [အာရမ္မဏ-ကရဏ+သမ္ပတ္တိ] အာရုံပြုခြင်း၏ ပြည့်စုံခြင်း။ ကမ္မညဘာဝေနေဝ သမ္ပန္နာကာရေန အာရ-မ္မဏဿ ဂဟဏံ အာရမ္မဏကရဏသမ္ပတ္တိ။ ဝိ-သုဒ္ဓိ၊ ဋီ၊၂။၁၄၅။

အာရမ္မဏကရဏသမ္ပတ္တိပစ္စုပဋ္ဌာန (တိ) [အာရ-မ္မဏကရဏသမ္ပတ္တိ + ပစ္စုပဋ္ဌာန] (ကုသိုလ် ကောင်းမှု၌ သင့်လျော် လျောက်ပတ်သည်၏ အဖြစ်ကြောင့်) အာရုံပြုခြင်း၏ ပြည့်စုံခြင်း – ကောင်းမွန် ပြည့်စုံစွာ အာရုံပြုနိုင်ခြင်း – ဟူသော အကျိုးကို ဖြစ်စေတတ်သော။ ကာယစိတ္တာနံ အာရမ္မဏကရဏသမ္ပတ္တိပစ္စု-ပဋ္ဌာနာ။ အဘိ၊ ၌၊၁။၁၇၄။ ဝိသုဒ္ဓိ၊၂။၉၅။ (–ဝိသုဒ္ဓိ၊ ဋီ၊၂။၁၄၅။)

အာရမ္မဏကရဏာဘာဝ (ပု) [အာရမ္မဏ+ကရ-ဏ+ အ ဘာဝ] အာရုံပြုခြင်း၏ မရှိခြင်း။ အာရမ္မဏကရဏာဘာဝတော အဝိဇ္ဇမာန-သဒိသန္တိ ကတ္ဒာ။ အနုဋီ၊၃။၂၅၆။

http://www.dhammadownload.com

အာရမ္မကကရဏိစ္ဆာလက္ခဏ (တိ) [အာရမ္မက-ကရဏ+ဣစ္ဆာလက္ခဏ] အာရုံပြုခြင်း၌အလို ဆန္ဒ ရှိသည်၏ အဖြစ်ဟူသော လက္ခဏာရှိသော၊ အာရုံပြုလိုခြင်း လက္ခဏာရှိသော။ အာရမ္မကကရဏိစ္ဆာလက္ခဏော ဆန္ဒေါ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၁၄၆။

အာရမ္မကကိရိယ (ထိ၊န) [အာရမ္မက + ကိရိယ] အာရုံပြုရာ တရား။ အာရမ္မကကိရိယသခ်ိတေန နိဝါသနဋ္ဌာနဋ္ဌေန။ သံ၊ဋ္ဌ၊၂။၂၃၉။ မဟာနိ၊ဋ္ဌ။၂၆၉။

အာရမ္မကကုသလ (တိ) [အာရမ္မက+ကုသလ] ကသိုဏ်းအာရုံတို့၌ လိမ္မာသော၊သူ။ နသမာဓိသို့ အာရမ္မကကုသလော(သံ၊၂။၂၃၂)တိ ကသိဏာရမ္မဏေသု အကုသလော။ သံ၊ဋ္ဌ၊၂။ ၃၂၃။ (–သံ၊ဋ္ဌီ၊၂။၂၇၉။)

အာရမ္မကဂ(ဂ္ဂ)ဟဏ (န) [အာရမ္မက+ဂဟဏ] အာရုံကို ယူခြင်း။ ဖုသနာဒိဘာဝေနဝါ အာရမ္မကဂ္ဂဟဏံ ဧကဒေသာနုဘဝနံ။ မူလဋ္ဌီ၊၁။ ဂဖ။ ဒဿနသဝနာဒိဝသေန အာရမ္မကဂ္ဂဟဏေ ဝတ္တမာနေ။ သံ၊ဋ္ဌီ၊၂။၃၇၄။ (–သံ၊ဋ္ဌီ၊၂။၂၂၃။ အနုဋ္ဌီ၊၁။၉၆၊၁၆၂။ ဝိသုဒ္ဓိ၊ဋ္ဌီ။၂။ ၄၆။)

အာရမ္မကဂဟဏကွမ (တိ) [အာရမ္မကဂဟဏ+ခမ] အာရုံကို ယူခြင်းငှါ–ခံ့–စွမ်းနိုင်–သော။ သတ္တာနံ ဣန္ဒြိယာနိ အာရမ္မကဂဟဏကွမာနိ ဟောန္တိ။ ဝိသုဒ္ဓိ၊၂။၈၈။ အာရမ္မကဂဟဏကွမာနိတိ ရူပါဒိအာရမ္မဏံ ဂဟေတုံ သမတ္ထာနိ။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၁၃၂။

အာရမ္မကဂ္ဂဟဏလက္ခဏ (တိ) [အာရမ္မကဂ္ဂဟဏ+လက္ခဏ] အာရုံကို ယူခြင်းလက္ခဏာ ရှိသော။ ယေန အာရမ္မကဂ္ဂဟဏလက္ခဏေန ....လောဘေန။ ဣတိဝုတ်၊ဋ္ဌ။၄၁။ တဏှာယ "အာရမ္မကဂ္ဂဟဏလက္ခဏာ"တိ အာဒိနာ။ နေတ္တိ၊ဝိ။၃၀။

အာရမ္မကဂ္ဂဟဏံ (ထိ) [အာရမ္မက-ဂ္ဂဟဏ+သဘာဝ+တာ] အာရုံကို ယူခြင်း သဘောရှိသည်၏ အဖြစ်။ ဣဒံ လောဘဿ အာရမ္မကဂ္ဂဟဏသဘာဝတံ သန္ဓာယ ဝုတ္တံ။ မ၊ဋ္ဌီ၊၁။၁၉၄။

အာရမ္မကဂ္ဂဟဏသမတ္ထ (တိ) [အာရမ္မကဂ္ဂဟဏ+သမတ္ထ] အာရုံကိုယူခြင်းငှါ စွမ်းနိုင်သော။ ဒုရေပိ အာရမ္မကဂ္ဂဟဏသမတ္ထံ ပဿာဒစက္ခု ဟောတိ။ ဣတိဝုတ်၊ဋ္ဌ။၁၉၇။

အာရမ္မကဂ္ဂဟဏဟေတု (ပု) [အာရမ္မကဂ္ဂဟဏ+ဟေတု] အာရုံကိုယူခြင်း၏ အကြောင်း။ ကဏ္ဏကုပဆိဒ္ဒေယေ၀ ပဝတ္တနတော အာရမ္မကဂ္ဂဟဏဟေတုတော စ။ မူလဋ္ဌီ၊၁။၁၄၉။

အာရမ္မကဃဋ္ဋန (န၊ထိ) [အာရမ္မက+ဃဋ္ဋန] အာရုံတို့၏ ထိခိုက်ခြင်း။ အာရမ္မကဃဋ္ဋနာယ ဣန္ဒြိယာနံ ကိလမထေ၁။ မ၊ဋ္ဌီ၊၂။၂၇၅။

အာရမ္မကဃနတာ (ထိ) [အာရမ္မက + ဃန + တာ] အာရုံ၏ အစုပ်ံးအားဖြင့် တလုံးတခဲတည်း–၏အဖြစ်–ဖြစ်ခြင်း။ (က) ရွှေနောက်ဖြစ်သော စိတ် စေတသိက် တရားတို့ကို အာရုံတမျိုးတည်းကို အာရုံပြုခြင်းကြောင့် တခုတည်း တလုံးတခဲတည်းကဲ့သို့ ယူဆခြင်း။ (ခ) အာရုံအမျိုးမျိုးကို အာရုံပြုသော်လည်း ယင်း စိတ် စေတသိက် တရားတို့ကို တခုတည်း တလုံးတခဲတည်းကဲ့သို့ ယူဆခြင်း။ (က) ကောရမ္မကဝသေန ဧကီဘူတာနမိဝ ပဝတ္တိ အာရမ္မကဃနတာ။ သံ၊ဋ္ဌီ၊၁။၂၇၁။ (ခ) သာရမ္မကမမွာနံ သတိပိ အာရမ္မကရဏဘေဒေ ကေတော ဂယ္ဟမာနာ အာရမ္မကဃနတာ။ အံ၊ဋ္ဌီ၊၁။၂၇၅။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၄၃၇။

အာရမ္မကစတုက္က (ပု၊န) [အာရမ္မက+စတုက္က] အာရုံလေးပါးအပေါင်း။ ကေဝလဥ္စေတ္ထ အာရမ္မကစတုက္ကံ အာရမ္မကဒုကံ ဟောတိ။ အဘိ၊ဋ္ဌ၊၁။၂၃၄။ (–၂၄၉။)

http://www.dhammadownload.com

အာရမ္မဏစိတ္တ (နာ) [အာရမ္မဏ+စိတ္တ] ဆန်းကြယ်သော ရူပါရုံစသော အာရုံ။ စိတြာနိ-တိ အာရမ္မဏစိတ္တာနိ။ သံ၊ဋ္ဌ၊၁။၆၀။

အာရမ္မဏစိန္တန (နာ) [အာရမ္မဏ+စိန္တန] အာရုံကို ကြံစည်ခြင်း။ အာရမ္မဏစိန္တနတော,နိသ-ယတော စ "စေတသော"တိ။ သီ၊ဋ္ဌီ၊သစ်၊၁။၄၈၀။

အာရမ္မဏဋ္ဌ (ပု) [အာရမ္မဏ+အတ္ထ] အာရုံဟူသော အနက်သဘော။အာရမ္မဏဋ္ဌော အဘိ-ညေယျော။ ပဋိသံ။၁၆။တဿ နိဗ္ဗာနာရမ္မဏ-ဿ အာလမ္ဗဏဘာဝေန အာရမ္မဏဋ္ဌော။ ပဋိသံ၊ဋ္ဌ၊၁။၈၈။ (–မ၊ဋ္ဌီ၊၂။၁၀။)

အာရမ္မဏဋ္ဌိတိ (ထီ) [အာရမ္မဏ+ဋ္ဌိတိ] အာရုံဟူသော တည်ရာ။ အာရမ္မဏဋ္ဌိတိဝသေနေ-တံ ဝုတ္တံ။ ဒီ၊ဋ္ဌ၊၃။၂၀၃။ အာရမ္မဏဋ္ဌိတိဝသေ-နာတိ အာရမ္မဏသခ်ါတဿ ပဝတ္တိပစ္စယဋ္ဌာ-နဿ ဝသေန။ တိဋ္ဌတိ ဧတ္ထာတိ ဋ္ဌိတိ၊ အာရ-မ္မဏမေဝ ဋ္ဌိတိ အာရမ္မဏဋ္ဌိတိ။ ဒီ၊ဋ္ဌီ၊၃။၂၃၇။

အာရမ္မဏတ္တိက (ပု၊နာ) [အာရမ္မဏ+တိက] အာ-ရမ္မဏတိက်၊ အာရုံသုံးမျိုးအပေါင်း။ စတ္တာ-ရော အာရမ္မဏတ္တိကာ။ အဘိ၊ဋ္ဌ၊၁။၈၀။ (–အဘိ၊ဋ္ဌ၊၂။၄၀၊၅၁။ ဇာ၊ဋ္ဌ၊၂။၅၆။) အာရမ္မ-ဏဒုက-လည်း ကြည့်။

အာရမ္မဏတ္ထ (ပု) [အာရမ္မဏ+အတ္ထ] အာရမ္မ-ဏ-သဒ္ဒါ၏ အနက်။ အာရမ္မဏတ္ထော စေတ္ထ ဥပထမ္ဘနတ္ထော ဝေဒိတဗ္ဗော။ ဒီ၊ဋ္ဌီ၊၃။၂၃၇။ (–နေတ္တိ၊ဋ္ဌီ။၁၃၇။)

အာရမ္မဏဒဏ္ဍက (ပု) [အာရမ္မဏ + ဒဏ္ဍက] အာရုံဟူသောတုတ်။ စတုမဟာပထော ဝိယ ဆ အာယတနာနိ အာရမ္မဏဒဏ္ဍကေဟိ ဟန-နဋ္ဌာနတ္တာ။ သံ၊ဋ္ဌီ၊၂။၃၅၀။

အာရမ္မဏဒဿန (နာ) [အာရမ္မဏ+ဒဿန] အာ-ရုံကို ပြကြောင်းဖြစ်သောပုဒ်။ "ရူပေ"တိ ပန တဿ အာရမ္မဏဒဿနမေတံ။ သံ၊ဋ္ဌီ၊၂။၁၃၁။

အာရမ္မဏဒါယက (တိ) [အာရမ္မဏ+ဒါယက] အာရုံကိုပေးတတ်သော၊သူ။ အာရမ္မဏဒါယ-ကာနံ စ စိတ္တကာရာဒီနံ သက္ကာရံ ကရောန္တိ။ မ၊ဋ္ဌ၊၁။၂၂၅။ (–အဘိ၊ဋ္ဌ။၂။၁၇၁။ ဝိသုဒ္ဓိ၊၂။၂၀၃။)

အာရမ္မဏဒုက (ပု၊နာ) [အာရမ္မဏ+ဒုက]အာရမ္မ-ဏဒုက်၊ အာရုံနှစ်မျိုးအပေါင်း။ ကေဝလဉ္ဇေ-တ္ထ အာရမ္မဏစတုက္ကံ အာရမ္မဏဒုကံ ဟောတိ။ အဘိ၊ဋ္ဌ၊၁။၂၃၄။ (–အနုဋ္ဌီ၊၁။၁၄၉။)

အာရမ္မဏဒုဗ္ဗလတာ (ထီ) [အာရမ္မဏ+ဒုဗ္ဗလ+တာ] အာရုံ၏–အားမရှိ–အားနည်း–သည်၏ အဖြစ်။ ကသ္မာ ဧဝံ ဟောတိ? အာရမ္မ-ဏဒုဗ္ဗလတာယ။ အဘိ၊ဋ္ဌ၊၁။၃၀၉။ (–မ၊ဋ္ဌီ၊၂။၁၇၀။)

အာရမ္မဏဓမ္မ (ပု) [အာရမ္မဏ + ဓမ္မ] အာရုံတရား။ ဩဃာနံ အာရမ္မဏဓမ္မာ ဧဝ ဝေဒိ-တဗ္ဗာ။ အဘိ၊ဋ္ဌ၊၁။၉၁။ အာရမ္မဏာဓိပတိ သဗ္ဗေပိ ဂရုကာတဗ္ဗာ အာရမ္မဏဓမ္မာ။ အဘိ၊ဋ္ဌ၊၃။၃၅၂။ (–သံ၊ဋ္ဌ၊၃။၁၇၈။ သံ၊ဋ္ဌီ၊၂။၄၁၇။ မူလဋ္ဌီ၊၃။၁၈၀။ အနုဋ္ဌီ၊၂။၄၄။ အနုဋ္ဌီ၊၃။၂၄၆။)

အာရမ္မဏနဝက (ပု၊နာ) [အာရမ္မဏ+ နဝက] အာရမ္မဏနဝက၊ အာရုံကိုးမျိုး အပေါင်း။ စတ္တာရော အာရမ္မဏနဝကာ။ အဘိ၊ဋ္ဌ၊၁။၂၃၀။ ဒ္ဒေ အာရမ္မဏနဝကာ။ အဘိ၊ဋ္ဌ၊၁။၂၃၄။

အာရမ္မဏနာနတ္တ (နာ) [အာရမ္မဏ + နာနတ္တ] အာရုံ၏ ထူးခြား ကွဲပြားသည်၏ အဖြစ်။ ဣဒံ အာရမ္မဏနာနတ္တံ။ အဘိ၊ဋ္ဌ၊၂။၅၀၃။ (–ပဋိသံ၊ဋ္ဌ၊၂။၁၅၇။)

အာရမ္မဏနာနတ္တတာ (ထီ) [အာရမ္မဏနာ-နတ္တ + တာ] အာရုံ၏ ထူးခြား ကွဲပြား

http://www.dhammadownload.com

သော သဘောရှိသည်၏အဖြစ်။ စတုတ္ထံ စျာနံ ဘာဝေတ္ဝာ အာရမ္မဏနာနတ္တတာ။ အဘိ၊ဝိ။ ၄၄၀။ အာရမ္မဏနာနတ္တတာတိ အာရမ္မဏဿ နာနတ္တဘာဝေါ။ အဘိ၊ဋ္ဌ၊၂။၅၀၃။

အာရမ္မဏနိဒ္ဒါရဏ (န) [အာရမ္မဏ + နိဒ္ဒါရဏ] အာရုံကို ထုတ်ဆောင်ခြင်း။ အာရမ္မဏေန ပန ဝိနာ နုပ္ပဇ္ဇတီတိ ဣဒံ....အာရမ္မဏနိဒ္ဒါရဏတ္ထံ ဝုတ္တံ။ မူလဋ္ဌ၊၁။၁၃၃။

အာရမ္မဏနိယမဒဿန (န) [အာရမ္မဏ+နိယမ+ဒဿန] အာရုံကို သတ်မှတ်၍ ပြခြင်း။ ဝိဇ္ဇမာနေပိ သညာဝိပလ္လာသေ အာရမ္မဏေန ဝိပါကနိယမဒဿနံ အာရမ္မဏနိယမဒဿနတ္ထမေဝ ကတန္တိ။ မူလဋ္ဌ၊၂။၁၀။ (–အနုဋ္ဌ၊၂။၁၅။)

အာရမ္မဏန္တရ (န) [အာရမ္မဏ+အန္တရ] တပါးတခြားသော အာရုံ။ တဿ တဿေဝ ဟိ စျာနဿ အာရမ္မဏန္တရေ ပဝတ္တိ အာရမ္မဏသင်္ကန္တိ။ ဝိသုဒ္ဓိ၊ဋ္ဌ၊၂။၃။ (–ၚင်း-၁၀၃။ နေတ္တိ၊ဋ္ဌ။၇၅။)

အာရမ္မဏန္တရသင်္ကန (န) [အာရမ္မဏန္တရ+သင်္ကန] တပါးတခြားသော အာရုံသို့ ပြောင်းလွှဲခြင်း။ အာရမ္မဏန္တရသင်္ကနဝေသန ဝါ သန္ဓာဝနံ။ ဣတိဝုတ်၊ဋ္ဌ။၅၄။

အာရမ္မဏပကတိ (ထီ) [အာရမ္မဏ+ပကတိ] အာရုံ၏ ပင်ကိုယ်သဘော။ ဣဋ္ဌဣဋ္ဌမဇ္ဈတ္တအနိဋ္ဌေသု အာရမ္မဏပကတိယာ ဝိပရီတသညာယ စ ဝသေန ဣဋ္ဌာဒိဘာဝေန ဂဟိတေသု။ မူလဋ္ဌ၊၃။၁၄၄။ (–အနုဋ္ဌ၊၃။၁၉၉။)

အာရမ္မဏပစ္စယ (ပု) [အာရမ္မဏ+ပစ္စယ] အာရမ္မဏပစ္စည်း၊ စိတ်စေတသိက် တရားတို့အား အာရုံ၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား၊ (ရူပါရုံ သဒ္ဒါရုံ-စသော အာရုံခြောက်ပါးတည်း)။ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော။ ပဋ္ဌာန၊၁။၁။ အာရမ္မဏဝသေန ဥပကာရကော ဓမ္မော အာရမ္မဏပစ္စယော။ အဘိ၊ဋ္ဌ၊၃။၃၄၅။ ဝိသုဒ္ဓိ၊၂။၁၆၅။ (–ဒီ၊ဋ္ဌ၊၁။ ၁၇၅။ အဘိ၊ဋ္ဌ၊၁။၁၄၊၀၅၊၁၂၂။ အဘိ၊ဋ္ဌ၊၃။ ၃၅၂။ မူလဋ္ဌီ၊၁။၇၅။ အနုဋ္ဌီ၊၁။၂၄၊၁၄၀။ အနုဋ္ဌီ၊၂။၁၁၅။ အနုဋ္ဌီ၊၃။၂၂၀။ သာရတ္ထ၊၁။၂၁၉။ သီ၊ဋ္ဌီ၊သစ်၊၁။၃၉၂။ မ၊ဋ္ဌီ၊၃။၂၁၉။ သံ၊ဋ္ဌီ၊၂။၁၀၇၊၃၄၉။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၂၂၁။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။၆၉။)

အာရမ္မဏပစ္စယဂတိက (တိ) [အာရမ္မဏပစ္စယ+ဂတိ+က] အာရမ္မဏပစ္စည်းနှင့် အလားတူသော။ နတ္ထိဝိဂတာ အာရမ္မဏပစ္စယဂတိကာ။ အဘိ၊ဋ္ဌ၊၃။၄၁၆။

အာရမ္မဏပစ္စယဋ္ဌ (ပု) [အာရမ္မဏပစ္စယ+အတ္ထ] အာရမ္မဏပစ္စည်း၏ အဖြစ်ဟူသော အနက်သဘော။ ယံ နိဗ္ဗာနံ မဂ္ဂဿ အာရမ္မဏပစ္စယဋ္ဌေန ကာရဏဘူတံ အာဂမ္မ။ မ၊ဋ္ဌီ၊၁။၂၂၆။ အာ၊ဋ္ဌီ၊၃။၁၃၅။

အာရမ္မဏပစ္စယဓမ္မ (ပု) [အာရမ္မဏပစ္စယ+ဓမ္မ] အာရမ္မဏပစ္စည်းတရား။ အာရမ္မဏာနိ ပနေတာနိ အာရမ္မဏပစ္စယဓမ္မာနံ အနေကပစ္စယဘာဝေ ဝုတ္တာနိ။ မူလဋ္ဌီ၊၃။၁၊၁၉၆။

အာရမ္မဏပစ္စယပရိယောသာန (တိ) [အာရမ္မဏပစ္စယ + ပရိယောသာန] အာရမ္မဏပစ္စည်းအဆုံးရှိသော။ အာရမ္မဏပစ္စယပရိယောသာနမေဝ ကမ္မလက်ံ ဒဿေတွာ။ အနုဋ္ဌီ၊၃။ ၂၇၁။

အာရမ္မဏပစ္စယမူလက (ထီ) [အာရမ္မဏပစ္စယ+မူလက] အာရမ္မဏပစ္စည်းလျှင် – အရင်း – မူလ – ရှိသော၊ နည်း။ ဧဝံ အာရမ္မဏပစ္စယမူလကာဒီသု။ အနုဋ္ဌီ၊၃။၂၇၀။

အာရမ္မဏပစ္စယလာဘ (ပု) [အာရမ္မဏပစ္စယ+လာဘ] အာရမ္မဏပစ္စည်းကို ရခြင်း။ တဿ ယဿွာ ယထာ တထာ သဘာဝူပလဒ္ဓိ ဝိညာ-

http://www.dhammadownload.com

ဏသ အာရမ္မဏပစ္စယလာဘော။ မ၊ဋီ၊၂။ ၆၃။ ဝိသုဒ္ဓိ၊ဋီ၊၂။၁၂၄။

အာရမ္မဏပစ္စယသတ္တိ (ထီ) [အာရမ္မဏပစ္စယ+သတ္တိ] အာရမ္မဏပစ္စည်း၏ – အစွမ်း – သတ္တိ။ ဌာနူပစာရတော အတ္ထသ ဉာတဗ္ဗသ အာရမ္မဏပစ္စယသတ္တိ အတ္ထော။ နေတ္တိ၊ဝိ။၅၄။

အာရမ္မဏပစ္စယသတ္တိသဟိတ (တိ) [အာရမ္မဏပစ္စယသတ္တိ + သဟိတ] အာရမ္မဏပစ္စည်း၏ အစွမ်းသတ္တိနှင့် တကွဖြစ်သော။ အာရမ္မဏပစ္စယသတ္တိသဟိတော အာရမ္မဏပစ္စယသခ်ါတော ဉာတဗ္ဗော အတ္ထော တ-ပစ္စယသ အတ္ထောတိ။ နေတ္တိ၊ဝိ။၅၄။

အာရမ္မဏပဋိပဒါမိဿက (တိ) [အာရမ္မဏ+ပဋိပဒါ+မိဿက] အာရုံနှင့် ပဋိပဒါ ရောနှောသော။ ဣဒါနိ အာရမ္မဏပဋိပဒါမိဿကံ သောဋ္ဌသက္ခတ္တုကနယံ ဒဿေတုံ။ အဘိ၊ဋ္ဌ၊၁။၂၂၉။

အာရမ္မဏပဋိပါဒက (ပု) [အာရမ္မဏ+ပဋိပါဒက] အာရုံကို–စီရင်တတ် – ထင်စေတတ် – သော မနသိကာရစေတသိက်။ သ္ဒာယံ အာရမ္မဏပဋိပါဒကော ဝီထိပဋိပါဒကော ဇဝနပဋိပါဒကောတိ တိပ္ပကာရော။ အဘိ၊ဋ္ဌ၊၁။၁၇၇။ ဝိသုဒ္ဓိ၊၂။၉၆။ (–ဝိသုဒ္ဓိ၊ဋီ၊၂။၁၄၇။)

အာရမ္မဏပဋိပါဒကတာ (ထီ) [အာရမ္မဏပဋိပါဒက+တာ] အာရုံကို – စီရင်တတ် – ထင်စေတတ် – သည်၏အဖြစ်။ အာရမ္မဏပဋိပါဒကတာယ သမ္ပယုတ္တဓမ္မာန'မုပ္ပတ္တိဟေတုတာ-သမုဋ္ဌာပနလက္ခဏံ။ သီ၊ဋီ၊သစ်၊၁။၃၁၁။ (–ဒီ၊ဋီ၊၁။၁၀၇။ မ၊ဋီ၊၁။၁၀၅။ အံ၊ဋီ၊၁။၁၃၂။)

အာရမ္မဏပဋိပါဒကတ္တ (နှ) [အာရမ္မဏပဋိပါဒက+တ္တ] အာရုံကို–စီရင်တတ်–ထင်စေတတ် --သည်၏ အဖြစ်။ အာရမ္မဏပဋိပါဒကတ္တေန သမ္ပယုတ္တာနံ သာရထိ ဝိယ ဒဋ္ဌဗ္ဗော။ အဘိ၊ဋ္ဌ၊၁။၁၇၇။ ဝိသုဒ္ဓိ၊၂။၉၆။

အာရမ္မဏပဋိဗဒ္ဓ (တိ) [အာရမ္မဏ+ပဋိဗဒ္ဓ] အာရုံနှင့် စပ်သော။ ဝိပါကဓမ္မောပိ အာရမ္မဏပဋိဗဒ္ဓေါယေဝါတိ စောဒနတ္ထံ ပုစ္ဆတိ။ အဘိ၊ဋ္ဌ၊၃။၂၄၉။

အာရမ္မဏပဋိဗဒ္ဓဥပ္ပတ္တိဒဿန (နှ) [အာရမ္မဏပဋိဗဒ္ဓ+ဥပ္ပတ္တိ+ဒဿန] အာရုံနှင့်စပ်၍ ဖြစ်ခြင်းကို ပြခြင်း။ တေသံယေဝ အာရမ္မဏပဋိဗဒ္ဓဥပ္ပတ္တိဒဿနဝသေန ပဉ္ဇာတိ ဒသ ဝါရာ စ ဒဿိတာ။ အဘိ၊ဋ္ဌ၊၁။၃၄၇။

အာရမ္မဏပဋိဝိဇာနန (တိ) [အာရမ္မဏ+ပဋိဝိဇာနန] အာရုံကို သိတတ်သော။ အာရမ္မဏပဋိဝိဇာနနံ ဝိညာဏံ ဝိညာဏက္ခန္ဓော။ ဝိသုဒ္ဓိ၊၂။၂၂၇။ အာရမ္မဏပဋိဝိဇာနနန္တိ ထဒ္ဓတာသခ်ါတဖောဋ္ဌဗ္ဗာရမ္မဏပဋိဝိဇာနနံ။ ဝိသုဒ္ဓိ၊ဋီ၊၂။၃၅၆။

အာရမ္မဏပဋိဝေဓ (ပု) [အာရမ္မဏ + ပဋိဝေဓ] အာရုံပြုသောအားဖြင့် ထိုးထွင်း၍ သိခြင်း။ နိရောဓေ အာရမ္မဏပဋိဝေဓော။ ဒီ၊ဋ္ဌ၊၂။၃၉၁။ အဘိ၊ဋ္ဌ၊၂။၁၀၉။ ပဋိသံ၊ဋ္ဌ၊၁။၁၅၂။ အာရမ္မဏပဋိဝေဓောတိ သစ္ဆိကိရိယာပဋိဝေဓမာဟ။ ဒီ၊ဋီ၊၂။၃၄၄။ မူလဋီ၊၂။၇၂။ (–ဝိမာန၊ဋ္ဌ။၇၆။ အနုဋီ၊၁။၁၅၃။ ဝိသုဒ္ဓိ၊ဋီ၊၂။၅၀၄။)

အာရမ္မဏပဋိသခ်ါ[၁] (ထီ) [အာရမ္မဏ+ပဋိသခ်ါ] အာရုံကိုဆင်ခြင်ခြင်း။ ယာ စ အာရမ္မဏပဋိသခ်ါ....အယံ အဓိပညာဝိပဿနာ နာမ။ ပဋိသံ၊ဋ္ဌ၊၁။၂၄၁။ ဝိသုဒ္ဓိ၊၂။၂၈၁။ (–ဝိသုဒ္ဓိ၊ဋီ၊၂။၄၄၄။) အောက်ပုဒ်လည်း ကြည့်။

အာရမ္မဏပဋိသခ်ါ[၂] (ကြိ၊ဝိ) [အာရမ္မဏ+ပဋိသခ်ါယ။ ယ-ကို ချေ။] အာရုံကို ဆင်ခြင်၍၊ ရုပ် ဝေဒနာ-စသော အလုံးစုံသောအာရုံကို ခယ ဝယ-အားဖြင့် သိ၍။ ကထံ အာရမ္မဏပဋိသခ်ါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ။ ဝိသုဒ္ဓိ၊၂။၂၇၇။ အာရမ္မဏပဋိ-

http://www.dhammadownload.com

သခ်ိတိ ယံကိဉ္စိ အာရမ္မဏံ ပဋိသခ်ိယ စာနိ-တ္ဘာ၊ခယတော ဝယတော ဒိသ္ဘာတိ အတ္ထော။ ဝိသုဒ္ဓိ၊၂။၂၇၀။ အာရမ္မဏပဋိသခ်ိတိ ရူပ-ဝေဒနာဒိအာရမ္မဏံ ခယဝယဝေသနေဝ ပဋိ-သခ်ိယ။ ယ-ကာရလောပေန ဟိ နိဒ္ဒေသော "သယံ အဘိညာ" တိအာဒိသု ဝိယ။ ယထာ-ဝုတ္တာသု ဝါ အာရမ္မဏာသု ခယဝယဘေဒဝ-သေန ပဋိသခ်ိ အာရမ္မဏပဋိသခ်ိ။ ဝိသုဒ္ဓိ၊ ဋီ၊၂။၄၃၉၊၄၄၀။

အာရမ္မဏပ(ပ္ပ)ဏိတတာ (ထီ) [အာရမ္မဏ + ပဏိတ+တာ] အာရုံ၏ မွန်မြတ်သည်၏ အ ဖြစ်။ အာရမ္မဏပ္ပဏိတတာယပိ ပဏိတော အတိတ္တိကဏော အဂ််ပ္ပဏိတတာယပိတိ။ ဝိ၊ဋ္ဌ၊ ၂။၁၀။ သံ၊ဋ္ဌ၊၃။၃၀၀။ ဝိသုဒ္ဓိ၊၁။ ၂၅၉။

အာရမ္မဏပထဝီ (ထီ) [အာရမ္မဏ+ပထဝီ] စျာန်၏အာရုံဖြစ်သောပထဝီ၊ ပဋိဘာဂနိမိတ်ပထ-ဝီ။ ပထဝီကသိဏမေကော သဉ္ဇာနာတိတိ အာဒိသု အာဂတာ ပန အာရမ္မဏပထဝီ၊ နိမိတ္တပထဝီတိပိ ဝုစ္စတိ။ မ၊ဋ္ဌ၊၁။ ၂၆။ အာ-ရမ္မဏပထဝီတိ စျာနသာ အာရမ္မဏဘူတံ ပထ-ဝီသခ်ိတံ ပဋိဘာဂနိမိတ္တံ။တေနာဟ "နိမိတ္တ-ပထဝီတိပိ ဝုစ္စတိ" တိ။ မ၊ဋ္ဌီ၊၁။၆၇။

အာရမ္မဏပရိကပ္ပနာကာရ (ပု) [အာရမ္မဏ + ပရိကပ္ပန+အာကာရ] အာရုံကို ကြံဆသော အခြင်းအထာ။ အာရမ္မဏပရိကပ္ပနာကာရေန ပဝတ္တိ မညနာတိ ဒဋ္ဌဗ္ဗံ။ မ၊ဋ္ဌီ၊၁။၆၉။

အာရမ္မဏပရိဂ္ဂဟဋ္ဌာန (န) [အာရမ္မဏပရိဂ္ဂဟ+ ဋ္ဌာန] အာရုံကို သိမ်းဆည်းရာ ဌာန။ အဒ္ဓါ သာ ဣမသ္မိံ အာရမ္မဏပရိဂ္ဂဟဋ္ဌာနေ နဂဟေတဗ္ဗာဝ၀။ မ၊ဋ္ဌီ၊၁။၂၁၇။

အာရမ္မဏပရိဂ္ဂဟရဟိတ (တိ) [အာရမ္မဏ+ပရိ-ဂ္ဂဟ+ရဟိတ] အာရုံကို သိမ်းဆည်းတတ် သော ဉာဏ်မှကင်းသော။ သောဋ္ဌသသု ဌာ-နေသု အာရမ္မဏပရိဂ္ဂဟရဟိတာနံယေဝ။ မ၊ ဋ္ဌ၊၁။၂၁၀။ အာရမ္မဏပရိဂ္ဂဟရဟိတာနန္တိ.... အာရမ္မဏသ ယေ ခေါ ကေစိတိ အာဒိနာ ပါဋိယံ အာဂတနယေန ပရိဂ္ဂဏှနဉာဏရဟိ-တာနံ။ မ၊ဋ္ဌီ၊၁။၂၁၀။

အာရမ္မဏပရိဂ္ဂဟိတသတိ (ထီ) [အာရမ္မဏ+ပရိ-ဂ္ဂဟိတ + သတိ] အာရုံကို သိမ်းဆည်းတတ် သော သတိ။ သတီတိ အာရမ္မဏပရိဂ္ဂဟိတ-သတိ။ သံ၊ဋ္ဌ၊၃။၃၅။

အာရမ္မဏပရိဂ္ဂဟူပါယ (ပု) [အာရမ္မဏပရိဂ္ဂဟ+ ဥပါယ] အာရုံကို သိမ်းဆည်းခြင်း၏ – အ ကြောင်း – နည်းလမ်း။ အာရမ္မဏပရိဂ္ဂဟူပါ-ယဉ္စ ဒဿေန္တော ပလ္လင်္ကံ အာဘုဇိတ္ဝာတိ-အာဒိမာဟ။ ဝိ၊ဋ္ဌ၊၂။၁၃။ ပဋိသံ၊ဋ္ဌ၊၂။၈၉။ ဝိသုဒ္ဓိ၊၁။ ၂၆၂။ (–သာရတ္ထ၊၂။၁၈၇။ အံ၊ဋ္ဌီ၊ ၂။၁၅၉၊၃၈၁။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၃၁၆။)

အာရမ္မဏပရိဂ္ဂါ(ဂ္ဂ)ဟယုတ္တ (တိ) [အာရမ္မဏ+ ပရိဂ္ဂါဟ+ယုတ္တ] အာရုံကို သိမ်းဆည်းတတ် သော ဉာဏ်နှင့်ယှဉ်သော။ နာ တေသု အာရ-မ္မဏပရိဂ္ဂါဟယုတ္တာနံ။ မ၊ဋ္ဌ၊၁။၁၁၇။ အာရမ္မ-ဏပရိဂ္ဂဟယုတ္တာနန္တိ ဣတ္ထေ ဝုတ္တဝိပရိယာယေန အတ္ထော ဝေဒိတဗ္ဗော။ မ၊ဋ္ဌီ၊၁။ ၂၁၀။ အာ-ရမ္မဏပရိဂ္ဂဟရဟိတ-နှင့် ယှဉ်ကြည့်။

အာရမ္မဏပရိယေသန(န) [အာရမ္မဏ+ပရိယေ-သန] အာရုံကိုရှာမှီးခြင်း။ ဆန္ဒနံ အာရမ္မဏ-ပရိယေသနံ ဆန္ဒော။ အနု၌၊ ၂။ ၂၂၇။

အာရမ္မဏပရိယေသနရသ (တိ) [အာရမ္မဏ+ ပရိယေသန+ရသ] အာရုံကို ရှာမှီးခြင်းကိစ္စ ရှိသော။ သော ကတ္တုကမ္မတာလက္ခဏော ဆန္ဒော၊အာရမ္မဏပရိယေသနရသော။ အဘိ၊ ဋ္ဌ၊၁။၁၇၆။ ဝိသုဒ္ဓိ၊၂။၉၆။ (–ဝိသုဒ္ဓိ၊ဋ္ဌီ၊၂။ ၁၄၆။)

အာရမ္မဏပုရေစာတ (န) [အာရမ္မဏ+ပုရေစာ-တ] အာရမ္မဏပုရေစာတပစ္စည်း၊ ပစ္စယုပ္ပန် တရားတို့မဖြစ်မီ ရှေးကဖြစ်နှင့်သော (ဥပါဒ်

http://www.dhammadownload.com

အခိုက်ကို ကျော်လွန်ပြီးနောက် မချုပ်သေးပဲ ဌီအခိုက်၌ တည်ရှိဆဲဖြစ်သော ပစ္စုပ္ပန်နိပ္ပန္နရုပ် တဆယ့်ရှစ်ပါးဟု ဆိုအပ်သော)အာရုံခြောက်ပါး (ပုရေဇာတပစ္စည်း နှစ်မျိုးတွင် တမျိုး)။ အာရမ္မဏပုရေဇာတံ အရဟာ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ ပဋ္ဌာန၊၁။၁၅၂။ တံ သဗ္ဗမိ ဝတ္ထုပုရေဇာတံ အာရမ္မဏပုရေဇာတန္တိ ဒ္ဓိဓာ ဌိတံ။ အဘိ၊ဋ္ဌ၊ ၃။၃၇၁။ (–အဘိ၊ဋ္ဌ၊၂။၁၆၉။ ဝိသုဒ္ဓိ၊၂။ ၂၀၀။ မူလဋီ၊၁။၁၄၆။ မူလဋီ၊၃။၂၁၄။အနုဋီ၊ ၃။၂၅၆။)

အာရမ္မဏပွကာရဂ္ဂဟဏ (နဲ) [အာရမ္မဏ + ပကာရ+ဂဟဏ] အာရုံ၏ဣဋ္ဌအပြား အနိဋ္ဌအပြားကိုယူခြင်း။ သာ ပန အာရမ္မဏပွကာရဂ္ဂဟဏံ....။ မူလဋီ၊၃။၉၄။ အာရမ္မဏပွကာရဂ္ဂဟဏန္တိ အာရမ္မဏဿ ဣဋ္ဌာနိဋ္ဌပွကာရဿ ဂဟဏံ။ အနုဋီ၊၃။၁၃၀။

အာရမ္မဏပွဋိပါဒနလက္ခဏ (တိ) [အာရမ္မဏ + ပဋိပါဒန+လက္ခဏ] အာရုံကို – စီရင်ခြင်း – ထင်စေခြင်း – လက္ခဏာရှိသော။ သော စ ခေါ မနသိကာရော နဲ ဧတ္ထ အာရမ္မဏပွဋိပါဒနလက္ခဏော။ ကခ်ါ၊ဋီ။၁၅၉။

အာရမ္မဏပွဋိလာဘ (ပု) [အာရမ္မဏ+ပဋိလာဘ] အာရုံကို ရခြင်း။ ဣဓ အာရမ္မဏပွဋိလာဘော ဒဿိတော။ ဒီ၊ဋ္ဌ၊၂။၂၈။ အာရမ္မဏပဋိလာဘောတိ ရူပါဒိပဉ္စကာမဂုဏာရမ္မဏဿေဝ ပဋိလာဘော။ ဒီ၊ဋီ၊၂။၂၇။

အာရမ္မဏဖဿ (ပု) [အာရမ္မဏ+ဖဿ] အာရုံကို တွေ့ထိခြင်း။ အာရမ္မဏဖဿေန ဖုဋ္ဌာဟောန္တိ။ ပဋိသံ၊ဋ္ဌ၊၁။၁၂၉။

အာရမ္မဏဖုသန (နဲ) [အာရမ္မဏ+ဖုသန] (က) အာရုံကို တွေ့ထိခြင်း။ (ခ) အာရုံအားဖြင့် –အာရုံပြုသောအားဖြင့်–တွေ့ထိခြင်း။ (က) အာရမ္မဏဖုသနမတ္တံ ဝါ ဖဿော။ ဝိသုဒ္ဓိ၊ဋီ၊ ၂။၁၄၀။ (ခ) သာ ဧဝ စ ပညာ အမတံ ပဒံ နိဗ္ဗာနံ အာရမ္မဏဖုသနေန ဖုသတိ။ ပဋိသံ၊ဋ္ဌ၊၁။၂၅၉။

အာရမ္မဏဘာဝ (ပု) [အာရမ္မဏ+ဘာဝ] (က) အာရုံ၏–ဆွဲကိုင်အပ်သည်၏–အဖြစ်။ (ခ) အာရမ္မဏပစ္စည်း၏ အဖြစ်။ (က) အာရမ္မဏဘာဝံ ဥပဂန္တွာ။ အဘိ၊ဋ္ဌ၊၁။၈၅။ အာရမ္မဏဘာဝေနာ(ဝိသုဒ္ဓိ၊၂။၁၆၅)တိ ဝိသယဘာဝေန၊ အာလမ္ဗိတဗ္ဗဘာဝေနာတိ အတ္ထော။ ဝိသုဒ္ဓိ၊ဋီ၊၂။၂၇၁။ (–သံ၊ဋ္ဌ၊၂။၂၄၉။ အဘိ၊ ဋ္ဌ၊၂။၄၃။ ဝိသုဒ္ဓိ၊၂။၁၁၃။ ထေရ၊ဋ္ဌ၊၂။၂၇၇။ သံ၊ဋီ၊၂။၂၂၃၊၃၇၇၊၅၂၂။ မူလဋီ၊၁။၃၈။) (ခ) စက္ခုပသာဒဥ္စ အာရမ္မဏဘာဝေန စတုသမုဋ္ဌာနိကရူပေ စ ပဋိစ္စ စက္ခုဝိညာဏံ နာမ ဥပ္ပဇ္ဇတိ။ မ၊ဋ္ဌ၊၁။၃၈၁။ အာရမ္မဏဘာဝေနာတိ အာရမ္မဏပစ္စယဘာဝေန။ မ၊ဋီ၊၂။၆၂။

အာရမ္မဏဘာဝတ္တ (နဲ) [အာရမ္မဏဘာဝ+တ္တ] အာရုံ၏အဖြစ်။ ကိလေသကာမဿ အာရမ္မဏဘာဝတ္တာ။ သံ၊ဋီ၊၂။၁၃၅။

အာရမ္မဏဘာဝါနတိဝတ္တန (နဲ) [အာရမ္မဏဘာဝ + အနတိဝတ္တန] အာရုံ၏ အဖြစ်ကို မကျော်လွန်ခြင်း။ ဥပါဒါနာနံ အာရမ္မဏဘာဝါနတိဝတ္တနတော။ အနုဋီ၊၁။၄၃။

အာရမ္မဏဘာဝါနုပဂမန (နဲ) [အာရမ္မဏဘာဝ +အနုပဂမန] အာရုံ၏အဖြစ်သို့မကပ်ရောက်ခြင်း။ အနဝဇ္ဇာတိ ကိလေသာနံ အာရမ္မဏဘာဝါနုပဂမနေန ကိလေသဒေါသဝိရဟိတာ။ ပဋိသံ၊ဋ္ဌ၊၂။၈၂။

အာရမ္မဏဘာဝူပနယန (နဲ) [အာရမ္မဏဘာဝ+ဥပနယန] အာရုံ၏အဖြစ်သို့ ကပ်၍ဆောင်ခြင်း။ အာရမ္မဏဘူတဿ ဓမ္မဿ အာရမ္မဏဘာဝူပနယနေ အဓိပ္ပေတေ အသခ်တေပိ ယုဇ္ဇေယျ။ ဝိသုဒ္ဓိ၊ဋီ၊၁။၂၇၇။

http://www.dhammadownload.com

အာရမ္မဏဘေဒ (ပု) [အာရမ္မဏ+ဘေဒ] အာရုံတို့၏အပြား။ အာရမ္မဏဘေဒေန ဟိ ဗဟုကာ (တော)သတိယော။ ဒီ၊ဌ၊၂။၃၄၄။ မ၊ဌ၊၁။၂၄၃။ သံ၊ဌ၊၃။၂၁၅။ အဘိ၊ဌ၊၂။၂၀၄။ (–အဘိ၊ဌ၊၁။၂၂၉။)

အာရမ္မဏဘေဒဝိသိဋ္ဌ (တိ) [အာရမ္မဏဘေဒ+ဝိသိဋ္ဌ] အာရုံတို့၏အပြားဖြင့် အထူးပြုအပ်သော။ အာရမ္မဏဘေဒဝိသိဋ္ဌေန ဓမ္မဝိသေသေန။ အနုဋ္ဌီ၊၂။၁၆၀။

အာရမ္မဏမရိယာဒါ (ထီ) [အာရမ္မဏ+မရိယာဒါ] အာရုံအပိုင်းအခြား။ တတ္တ ဒ္ဓေ မရိယာဒါ ကိလေသမရိယာဒါ စ အာရမ္မဏမရိယာဒါ စ။ မ၊ဌ၊၄။၆၁။ အံ၊ဋ္ဌီ၊၃။၃၄၆။ (–မ၊ဋ္ဌီ၊၃။၂၇၉။)

အာရမ္မဏမာလီ (တိ) [အာရမ္မဏ+မာလီ] အာရုံတည်းဟူသော ပန်းကုံးရှိသော။ ယောဂိနာ ယောဂါဝစရေန အာရမ္မဏမာလိနာ ဘဝိတဗ္ဗံ။ မိလိန္ဒ။၃၇၃။

အာရမ္မဏမိဿ (တိ) [အာရမ္မဏ+မိဿ] အာရုံနှင့်–ရောနှော–ရောယှက်–သော။ အာရမ္မဏမိဿာနမ္ပိ အနုလောမတော ဌာနံ ဒဿေတိ။ မူလဋ္ဌီ၊၃။၂၃၇။

အာရမ္မဏမုခ (န) [အာရမ္မဏ+မုခ] အာရုံဟူသောအကြောင်း။ ယထေဝ ဟိ အာရမ္မဏမုခေန ပီတိ ပဋိသံဝိဒိတာ ဟောတိ။ သာရတ္ထ၊၂။၂၄၁။ သံ၊ဋ္ဌီ၊၂။၅၂၃။ ဝိသုဒ္ဓိ၊ဋ္ဌီ၊၁။၃၃၉။ (–အနုဋ္ဌီ၊၁။၁၃၉။)

အာရမ္မဏမူလက (တိ) [အာရမ္မဏ + မူလက] အာရမ္မဏပစ္စည်းလျှင် အရင်းမူလရှိသော။ သော စ ဝိသေသာဘာဝတော အာရမ္မဏမူလကာဒီသု န လဗ္ဘတိ။ မူလဋ္ဌီ၊၃။၂၀၁။ (–အနုဋ္ဌီ၊၃။၂၇၁။)

အာရမ္မဏရဇ္ဇန (န) [အာရမ္မဏ + ရဇ္ဇန] အာရုံကို – စွဲလမ်း – ကပ်ငြိ – တပ်မက်–ခြင်း။ ရာဂဝသေနာတိ အာရမ္မဏရဇ္ဇနဝသေန။ အနုဋ္ဌီ၊၂။၂၁၃။

အာရမ္မဏရသ (ပု) [အာရမ္မဏ+ရသ] အာရုံ၏အရသာ။ အာရမ္မဏရသံ အနုဘဝိတ္ဓာ။ သံ၊ဌ၊၁။၅၁။ အဘိ၊ဌ၊၁။၁၀၈။ အံ၊ဌ၊၁။၃၈၄။ ပဋိသံ၊ဌ၊၁။၁၅၈။ ဝိသုဒ္ဓိ၊၂။၃၂၈။ သဗ္ဗာပိ အာရမ္မဏရသံ ဝေဒယန္တိ အနုဘဝန္တိတိ ဝေဒနာ။ အဘိ၊ဌ၊၁။၈၄။ (–အဘိ၊ဌ၊၁။၁၅၃၊၃၂၀။ ဣတိဝုတ်၊ဌ။၁၇၅၊၁၉၆။ မ၊ဋ္ဌီ၊၁။၂၇၆။ အံ၊ဋ္ဌီ၊၁။၂၃၆။မူလဋ္ဌီ၊၁။၆၇။နေတ္တိ၊ဝိ။၁၂၄။)

